
www.burmeseclassic.com

အချစ်ဟာသ လုံးချင်းဝတ္ထုသစ်

# ချစ်သော်ရှင်

ရင်ခုန်သံအမြွှာပူး



DESIG[N] THEIN SHWE KYI

www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၂၇၂၁၁၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၂၂၄၀၃၁၁
ထုတ်ဝေသူ ♦ ဦးကျော်ဆန်း (မြ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ် (၂)၊ ချွန်း(၁)လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
အတွင်းပုံနှိပ်သူ ♦ ဦးကျင်ရင် (ရွှေခြင်္သေ့ပုံနှိပ်တိုက်)
၂၂၅၊ ၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
အဖုံးပုံနှိပ်သူ ♦ ဦးကျင်ရင် (ရွှေခြင်္သေ့ပုံနှိပ်တိုက်)
၂၂၅၊ ၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ပုံနှိပ်ခြင်း ♦ ပထမအကြိမ်၊ ၂၀၁၁ ခုနှစ်၊ ဇွန်လ။
အုပ်ရေ ♦ ၅၀၀ အုပ်
တန်ဖိုး ♦ ၁၀၀၀ ကျပ်
ဖြန့်ချိရေး ♦ ဖိုးလပြည့်စာပေ
အမှတ် (၂၂၃)၊ (၃)လွှာ၊ ၃၁ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
-095163764/ -095162031

"ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း" (CIP)

၈၉၅.၈၃
ချစ်မျှားရှင်
ရင်ခုန်သံအမြှားပူး/ ချစ်မျှားရှင်။
- ရန်ကုန် ၊
ရဲအောင်စာပေ၊ ၂၀၁၁။
(၁၆၀) စာ၊ ၁၃ × ၂၀.၇ စင်တီ။
(၁) ရင်ခုန်သံအမြှားပူး

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

BURMESE CLASSIC

မိုးက တစ်နေ့လုံး သဲသဲမဲမဲ ရွာသွန်းနေသည်။ ညနေပိုင်းရောက်သည့်အထိ မိုးစက်ကလေးများက တဖွဲဖွဲကျနေသေးသည်။

ကုတ်အင်္ကျီဝတ်ထားသော လူတစ်ယောက် ဇွက်တွေကို တမင်တကာနင်းဖြတ်ပြီး လမ်းလျှောက်လာသည်။

မိုးရွာနေစဉ်မှာပင် မျက်မှန်နက်ကြီးတပ်ထား၏။ တမင်တကာ ရုပ်ဖျက်ထားခြင်းလည်း ဖြစ်နိုင်ပါသည်။

သူ၏ခြေလှမ်းတွေကို အိမ်ကြီးတစ်အိမ်ရှေ့တွင် တုံ့ခနဲရပ်ဆိုင်းလိုက်သည်။

သူ အိမ်ကြီးကိုတစ်ချက် မော့ကြည့်လိုက်ရာ အိမ်ကြီးမှာ မှောင်မည်းနေပါသည်။ သူက ဘဲလ်ကို နှိပ်လိုက်သည်။ ဘဲလ်မြည်သံက မိုးသံတွေကြားမှာ စူးခနဲ။

ခြံစောင့် ဒရဝမ်တစ်ဦး ထီးဆောင်းကာ ထွက်လာသည်။

'ဘာ… ဘာ… ကိစ္စ… ရှိ… ရှိလို့လဲ…'

'ဒါ… ဦးဂုဏ်ထည်တို့အိမ်လား မသိဘူး'

'ဟုတ်…. ဟုတ် …. တယ်'



www.burmeseclassic.com

www.burmeseclassic.com



ဒရဝမ်က စကားသာမပီသတယ်၊ မျက်နှာကြောက ခပ်တင်းတင်း။

'ဦးဂုဏ်ထည် ရှိသလား'

'မရှိဘူး'

'ဟား… ဟား … ဟား … ဟား'

မျက်မှန်နက်နဲ့လူက ရုတ်တရက်ထရယ်သည်။

' ခင်ဗျား…. ခင်ဗျားကို… ဘယ်… ဘယ်သူက… ကလိထိုး.. ထိုးလို့… ဒီ… ဒီလောက်တောင်… တောင်… ရယ်… ရယ်နေ … ရ… ရတာလဲ'

'သဘာဝတရားကြီးက ကလိထိုးလို့ …'

ဒရဝမ်ငထစ် ခေါင်းကုတ်လိုက်သည်။

'ခင်… ခင်ဗျား… ရူး… ရူးနေလား'

'မင်းဆရာ ဦးဂုဏ်ထည်သာ ရူးနေတာကွ … ငါပြောမယ်၊ မင်းဆရာ သူ့သမီး လင်နောက်လိုက်ပြေးသွားလို့၊ ရဲစခန်းမှာ အမှုသွားဖွင့်နေတာ၊ မဟုတ်လား'

'ခင်ဗျား… ခင်ဗျား…'

'ငါ ဘာကောင်မှ မဟုတ်ဘူး… မင်းလည်း ဘာကောင်မှ မဟုတ်ဘူး၊ ပတ်ဝန်းကျင်မှာရှိတဲ့ ခုနှစ်ရက်သားသမီးတွေလည်း ဘာကောင်မှ မဟုတ်ဘူး…'

'ခင်ဗျား… ခင်ဗျား… ဆရာ… ရာနဲ့ ဘာ… ဘာ ပတ်.. သက်…သက်နေလဲ'

'ပတ်သက်စရာတော့ မရှိပါဘူး၊ သမီးနောက်လိုက်နေတဲ့ မင်းဆရာကို လာသတိပေးတာပါ၊ ဆက်မလိုက်ပါနဲ့တော့ အဓိပ္ပါယ်



www.burmeseclassic.com

www.burmeseclassic.com



မရှိတဲ့ လုပ်ရပ်တွေကို အပြီးအပိုင် စွန့်လွှတ်လိုက်ပါလို့ ငါပြောချင်တယ်၊ ဦးဂုဏ်ထည်သမီး သန္တာဝင့်ထည်ဟာ လင်ကောင်းသားကောင်းနဲ့ ရသွားတာလို့ လာပြောတာပါ'

မျက်မှန်နက်နဲ့ လူက အေးအေးဆေးဆေး ပြောသည်။

'အဲ... အဲဒါ... ခင်ဗျားနဲ့ ဘာ.. ဘာဆိုင်... သ...သလဲ'

'ဆိုင်...ဆိုင်ပါပြီကော...ငါတောင် ထစ်ချင်လာပြီ၊ သမီးကညာအရွယ်ရောက်လာ ချိန်ခါမလင့်စေနဲ့ ဆိုတဲ့ စကားလည်းရှိတယ်လေ၊ ဒီတော့ကာ ငါပြောချင်တာက ဦးဂုဏ်ထည်အနေနဲ့ သမီးရှင်အဖြစ်ကနေ သဘောထားသေးသိမ်နေတာကို နောက်ဆုတ်ပေးဖို့ပါပဲ'

'ခင်ဗျား... ခင်ဗျား... ပြော... ပြောချင်တာ... ဒါ... ဒါပဲလား'

ဒရဝမ်ထေစ်က အတင်းပြောသည်။

'ရော့... ဒီဓာတ်ပုံအယ်လဘမ်လေးကို ဦးဂုဏ်ထည်လက်ထဲထည့်ပေးပါ၊ အဲဒီဓာတ်ပုံ (၃၈)ပုံစလုံးကို စိမ်ပြေနပြေကြည့်ဖို့လည်း တစ်ခါတည်း ပြောပေးပါ'

မျက်မှန်နက်နဲ့လူက ပလတ်စတစ်အနက်ဖြင့် ထုပ်ထားသော အိတ်တစ်အိတ်ကို ထုတ်ပေးသည်။

'ဒီ... ဓာတ်ပုံလေးတွေကို ဦးဂုဏ်ထည်ခံစားရင်း သမီးဖြစ်သူကို ခွင့်လွှတ်ပေးပါလို့'

ဒရဝမ်ထေစ်က ယောင်တောင်တောင်နှင့် လှမ်းယူသည်။

'ခင်... ခင်ဗျား... ဘယ်သူ... သူလဲ'

'ဩော်... မေ့လို့... ငါ့နာမည် ပြောပြရဦးမှာပေါ့၊ ကျူးပစ်ဂျွန်'လို့ ပြောလိုက်ပါ'



www.burmeseclassic.com

www.burmeseclassic.com



'ဘာ… ဘာရယ်… 'ကျူးပစ်ဂျွန်'… ဟုတ်… ဟုတ်လား'

❖

ကော်ဖီဆိုင်ထဲဝင်လာသော ကောင်မလေးတစ်ယောက်ကို လူတိုင်း ဝိုင်းကြည့်မိကြသည်။ ကောင်မလေးက ငယ်ငယ်ရွယ်ရွယ်နှင့် ချောမောလှပသောကြောင့် ခန္ဓာကိုယ်က သွယ်သွယ်လျလျ ငါးရံ့ကိုယ်လုံးလေး။ အချိုးအဆစ်က ပြေပြစ်ချောမောသည်။ ဝတ်ဆင်ထားသော မိုးပြာနုနုဒီဇိုင်းလေးက လူတိုင်းအမြင်အာရုံကို ကြည်နူးစေမိတာတော့ အမှန်ပင်။

ဒါပေမယ့် သူမမျက်လုံးတွင် တပ်ဆင်ထားသော ပါဝါမျက်မှန် ထူထူကြီးက သူမအလှအတွက် မှေးမှိန်စေသော အရာတစ်ခုလို ဖြစ်နေ၏။

သူမကား 'ဂုဏ်မြင့်သူ'ကုမ္ပဏီကြီးပိုင်ရှင်သူဌေးဦးဂုဏ်ထည်၏ စက္ကူထရီဒါ့တွင်းရေးမှူးမလေး 'မိုးမေမီမမ' ဖြစ်သည်။

မိုးမေမီမမကို တစ်စုံတစ်ယောက်က ကော်ဖီဆိုင်တွင် လျှို့ဝှက်စွာ ချိန်းဆိုခဲ့ခြင်းကြောင့်ပင်။

စားပွဲတစ်နေရာတွင် ဂျင်းဂျာကင်အနက်နှင့် မျက်မှန်အနက် တပ်ဆင်ထားသော သူတစ်ဦးရှိရာသို့ မိုးမေမီမမ လျှောက်လာသည်။

'ဖြည်းဖြည်းလာ… ခလုတ်တိုက် လဲမယ်'

'ဝှန်း…'

မိုးမေမီမမ သတိပေးရင်းက ခြေချော်သလို ဖြစ်သွားသည်။ မျက်မှန်နက် တပ်ဆင်ထားသောလူက ဖမ်းထိန်းလိုက်ရ၏။

www.burmeseclassic.com



'ရှင် ဘယ်သူလဲ… ကျွန်မကို ချိန်းရတာ'

'မလောပါနဲ့… သိရမှာပေါ့… ထိုင်ပါဦး၊ ကော်ဖီတစ်ခွက်လောက် သုံးဆောင်ပါဦး'

'လိုရင်းကို ပြော… အချိန်မရဘူး'

မိုးမေမီမမ မျက်မှန်ကိုဆရင်း ခပ်ပြတ်ပြတ်ပြောသည်။

'အချိန်တွေရပါတယ်… ခင်ဗျားလေးရဲ့ သူဌေးကြီးသမီးလင်နောက်လိုက်သွားလို့ စိတ်ထောင်းကိုယ်ကြေဖြစ်နေတယ်၊ ကုမ္ပဏီကိစ္စအဝဝကို သူ ခေတ္တခဏမေ့နေလောက်ပြီ'

'ရှင် ဘယ်သူလဲ'

'မင်း မှုန်ဝါးဝါးမြင်နေရသူက ငါပဲပေါ့… ကိစ္စလေးတစ်ခုအကူအညီတောင်းချင်လို့ပါ၊ ဦးဂုဏ်ထည်အတွက် စိတ်မကောင်းခြင်းများစွာနဲ့ ဝမ်းသာပြီး အမှတ်ရစေဖို့ ငါက ကူညီပေးမလို့ပါ၊ ဟောဒီက တိတ်ခွေလေးကို ဦးဂုဏ်ထည်ဆီ ပို့ပေးပါ'

'ရှင်က ဘာကိစ္စနဲ့ ဒါတွေလုပ်နေတာလဲ'

'သိချင်ရင် ဦးဂုဏ်ထည် နားမထောင်ခင် မင်း တစ်ချက်လောက် ဖြစ်ဖြစ်၊ တစ်ပိုဒ်လောက်ဖြစ်ဖြစ် နားထောင်ကြည့်ပေါ့၊ မင်းအတွက် ကိုက်ပါတယ်၊ မျက်စိ ဒူန်ပြီး နားမလေးတတ်လို့'

'ရှင် ပြောချင်တာ ဒါအဂ န်ပဲလား'

'ဒီတိတ်ခွေလေးကို နားထေ ာင်ပြီး ဦးဂုဏ်ထည် သမီးလေးကို ခွင့်လွှတ်ပေးပါလို့'

မိုးမေမီမမ တိတ်ခွေလေးကို သူ့စလင်းဘက်အိတ်ထဲသို့ ကောက်ထည့်လိုက်သည်။

'ဒါနဲ့… ရှင်နဲ့ ဦးဂုဏ်ထည် ဘယ်လိုပတ်သက်သလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ပတ်တော့မပတ်သက်ပါဘူး၊ သက်လည်းမသက်ဆိုင်ပါဘူး၊ ရင်းလည်း မရင်းနှီးပါဘူး၊ ဒါပေမယ့် ဦးဂုဏ်ထည်ကို ကလိလည်း ကလိချင်လို့ပါ'

မိုးမေမီမမ တစ်ချက်ရယ်လိုက်သည်။ သူမ ရယ်တော့ မျက်မှန်ပါဝါထူမရှိရင် ပိုလှမည်။

'ရှင် တော်တော်ရယ်ရတဲ့လူပဲ… ဒါနဲ့ ရှင့်နာမည်က…'

'ပြောပြရမှာပေါ့… ကျုပ်နာမည်က 'ကျေးစေဂြိုဟ်သား'

မိုးမေမီမမ နှာခေါင်းရှုံ့လိုက်သည်။ သူမ ပြန်ထွက်သွားစဉ်…

'ဖြည်းဖြည်းပြန်… ခလုတ်တိုက်ဦးမယ်'

'ဂလုံး'

မိုးမေမီမမ စားပွဲထောင့်စွန်းနဲ့ တိုက်မိပြန်သည်။

'ကျွန်မကို အဲဒီလို သတိမပေးနဲ့၊ သတိပေးရင် ကျွန်မက အဲဒီလို ခဏခဏ ဖြစ်တတ်တယ်'

❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

ဓာတ်ပုံအယ်လ်ဘမ်ဖွင့်၍ တစ်ပုံချင်းစီလှန်လှော ကြည့်မိသည်။ တစ်ပုံချင်းစီလှန်မကြည့်ဘဲ ကောက်စားရအောင် ဟိုဒင်းတွေမှ မဟုတ်ဘဲ။ ဘဝမှာ အယ်လ်ဘမ်ပေါင်းများစွာ ဖွင့်ဟာစပ်စုပြီး ကြည့်ခဲ့ဖူးသည်။ တစ်ခါတလေဆို ပလေးဘွိုင်းမဂ္ဂဇင်းနှင့် အင်တာနက်မှ ပုံများပင် ကြည့်ခဲ့ဖူးသည်။ ကြည့်ခဲ့ဖူးသမျှ အရသာရှိရှိ သွက်သွက်လက်လက် ချိုချိုမြိန်မြိန်ပင်။ ယခုမှ ဘူပိတ်ပြီး ဟိုဒင်းမစင်မှန်ထားတဲ့ မျက်နှာကြီးဖြင့်ကြည့်ရတာ ပင်ပန်းလေးလံသွားသည်။ မရှုရက် မမြင်ဝံ့စရာ သူ့သမီး နုနုထွတ်ထွတ်လေးဟာ ဟိုသဘောက်မသားအကောင်ပုလောင်နဲ့ ကလူကျီစယ် ကြည်နူးပျော်မွေ့နေလိုက်တာ မိုးမမြင် လေမမြင်။ ချစ်စခင်စကြင်နာ ။ အကြင်နာဦးတို့ရဲ့ ဘဝခရီးအစဆိုတော့လည်း ဘာသိကြဦးမှာလဲ ထမင်းထုပ်ကလွဲပြီး ဝါးရင်းတုတ်ကို မမြင်ကြသေးဘူးနော်။ ဒီအမှုအပင်တွေ သူ့လို အဘိုးကြီးမြစ်မှ နားလည်နိုင်မှာ၊ အတွေ့အကြုံကောင်းက သင်ပြမှ၂ကို ဦးဝုဏ်ဆည် သမီးလေးသိအောင် ပြောပြလိုက်ချင်သည်။ ရွှေမန်းတင်မောင်ဆက် ဆယ်ဆကဲပြီး ကျူကျူပါအောင်ငိုကာ ဓာတ်ထုတ်ခင်းပြလိုက်

www.burmeseclassic.com



ချင်သည်။ ငယ်တုန်းရွယ်တုန်း၊ သန်တုန်းမြန်တုန်းဆိုတော့လည်း ခက်သားလားနော်။ 'မောင်ရေ လမင်းကြီးက သာလိုက်တာ၊ ငှက်ကလေးတွေ ပျံနေတယ်နော်' 'အဲဒါ အချစ်ငှက်တွေပေါ့' ဆိုတဲ့ အဆင့်ပဲ ရှိသေးတာကို၊ 'သာတော့ ဘာဖြစ်လဲ၊ လမင်းကြီးက သာတော့ နင့်အမေ နှပ်ထွက်လို့လား' အဆင့်ကို မရောက်နိုင်သေးဘူးလေ၊ မခက်ပြီလား။

မျက်ရည်ရွှဲရွှဲ နှပ်တွဲလဲဖြင့် ဦးဂုဏ်ထည် ဓာတ်ပုံတွေ ကြည့်မိသည်။ ခိုးပြေးကြပုံ၊ မောင်မယ်တူယှဉ်တွဲနွဲ့လို့ လည်ချင်းယှက်လို့၊ အချစ်ညရင်ခုန်သံ မျက်ဝန်းတွေ ပြိုတီတီပုံတွေ။ အောင်မငီး ကိုယ့်မှာတော့ သမီးလေးကို လူတစ်လုံး သူတစ်လုံးဖြစ်အောင် မွေးလိုက်ရတာ အခုတော့ ခွေးစားပြီ။ သမီးလေး တော်လှတော်လှနဲ့ ယောက်မ မြင်းစီး ထွက်တာ ပြန်ကိုမလာတော့ဘူး။ သမီးတစ်ကောင် နွားတစ်ထောင် ဆိုတဲ့ စကားဟာ တယ်မှန်တာပဲ။ ခေတ်ကာလ သားသမီးတွေ တယ် လည်း ထိန်းရသိမ်းရခက် ပြောရဆိုရခက်ပါလား။ မသိနားမလည် မဖွံ့ဖြိုးသေးတဲ့ ဦးနှောက်လေးလက်တစ်ဆစ်လောက်နဲ့ ဒီလိုမိုက်မိုက် မဲမဲဆုံးဖြတ်ကြတာ ကောင်းသေးရဲ့လား။ ဒါ ဘာ သွေးရိုးသားရိုး မဟုတ်လောက်ဘူး။ ဒီလောက် ငယ်ငယ်ရွယ်ရွယ်နဲ့ သတ္တိကောင်းကြတာဟာ ပတ်ဝန်းကျင်ရဲ့ စေ့စော်တိုက်တွန်းမှုကြောင့်ပဲ။ တစ်စုံတစ်ယောက်၊ ဂျိုတစ်စုံပေါက်နေတဲ့ လူတစ်ယောက်ယောက်ရဲ့ မြှောက်ပင့်ပေးမှုကြောင့်လို့ပဲ သူ ယူဆသည်။

ဘာတတ်နိုင်မှာလဲ။ အခုတော့ ဦးဂုဏ်ထည် ဝမ်းနည်းပက်လက်၊ မှောက်ခုံ၊ ဘေးတစောင်း၊ ဖောက်ထိုးမိုးမျှော် ဖြစ်ရတော့သည်။ သူ့တုန်းကလည်း ဒီလိုပဲ သန္တာဝင့်ထည်အမေကို ခိုးပြေးခဲ့ဖူးတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ ဒီဝင္ဒိတွေ သူလည်းရပြီ။ စိတ်ထဲမှာ တင်းမာလာပြီး ထောင်းခနဲ ဒေါသထွက်လာရပြန်သည်။ သမီးတစ်ယောက်လုံးပါသွားတာ အဲလောက် ဝမ်းမနည်းပါဘူး။ လုပ်ကိုင်ကျွေးရတာ ဂရုစိုက်ရတာ တောင် သက်သာသေးတယ်။ အခုဟာက ရင်ကို တနုံ့နုံ့ ဖြစ်စေတာ ပင်။ ဓာတ်ပုံတွေကို ကြည့်ပါဦးတော့လား၊ ကော့ကော်ကံကားပုံတွေ၊ ချစ်ရည်လူးတဲ့ ကုလားမင်းသား မင်းသမီးတွေကျနေတာပဲ။ ဓာတ်ပုံ မှတ်တမ်းတင် ထားလိုက်သေး၊ ဒါတောင် ညစ်ညစ်ညမ်းညမ်းတွေ ပါမလာသေးဘူး။ ဟွန်း… အဲဒါတွေ ပါရင်တော့လား ရင်နှစ်ခြမ်း ဖြန်းဖြန်း ကွဲပြီးခါးအောက်ပိုင်းကို ရေခဲစိမ်ထားရမယ့်ကိန်းပဲ။ ချစ်သူ နှစ်ဦးရဲ့ ကြည်နူးနေပုံတွေကလည်း ချစ်ရန့်ပြင်းပြင်းတွေမပြယ်တော့ ခက်လှပါလေရော။

အရေးထဲမှာ မိုးမေဓိမမကလည်း အခွေတစ်ခွေ ယူလာပေး သေးသည်။ ဗွီဒီယိုတိတ်ခွေတစ်ခွေ၊ ဒီအခွေကလည်း သူ့စိတ်ကို နူးညံ့စေမယ့် ဒင်နာပါတီသီချင်းခွေ မဟုတ်ဘူး။ (Dancer)အခွေလည်း မဟုတ်ဘူး။ နောက်ဆုံးပေါ် ဒိုးဒိုးဒန့်ဒန့် နန့်လို့ကောင်းတဲ့ (DJ Remix) အခွေလည်း မဟုတ်ဘူး။ ဒီလောက် သူ့အကြိုက်တွေ များနေ ပါရက်နဲ့မှ သမီးနဲ့ မတော်ချင်ဘဲ တော်ရမယ့် သားမက်တို့ရဲ့ ချစ် ကလူကျီစယ် မြူဆွယ်သံတွေ ဖြစ်နေကြလေရဲ့။ ဖြစ်စရာလားလို့။ ဟိုသမက်ဆိုတဲ့ကောင်ကလည်း မစားကောင်းတဲ့ အသီးကို ညာတာ ပါတေးနဲ့ ကျွေးလေဟန် အသံအပြည့်ပေါ့၊ West Life ဟုဆိုသော နှုတ်ခမ်းနီ ပါးနီလေးတွေရဲ့ အသံစွဲအဖွဲ့က ချာကိတ်တွေရဲ့အသံတွေ နားထားလိုက်တော့ တကယ့်ကောင် ဦးဂုဏ်ထည်တောင် နားထောင် ရင်းနဲ့ စိတ်ပါချင်လာလို့ မနည်းစိတ်ထိန်းနေရတယ်။ ဒေါသတွေ



www.burmeseclassic.com

www.burmeseclassic.com



လည်း အချောင်းလိုက် အမြှောင်းလိုက်ဆိုသလို ထွက်တော့တာပဲ။ မထွက် ဘယ်ခါ ရှိပါတော့မည်နည်း။ ဟိုသမီး အမိုက်မကလည်း ငါးပြေမလို ထွန့်ထွန့်လူးတဲ့ အသံဗလံနဲ့လေ၊ အရေးမပါ မျောက်ကလေးရှာ ကျနေတာပဲ။ နားထောင်ရင်းနဲ့ စိတ်ပျက်လာပြီ။

ဦးဂုဏ်ထည်မျက်နှာတစ်ပြင်လုံး နီရဲရှုံ့တွပြီး စိတ်ပိန်ချုံးကျသွားရသည်။ တစ်ပင်စ၊ နှစ်ပင်စဖြူနေသော ခေါင်းမွေး ဆံပင်ဖြူတွေပင် ထောင့်ထကုန်ရလေသည်။ အချိန်တန်အရွယ်ရောက်လို့ သမီးကညာ အတောင်အလက်စုံလင်စွာ ပျံသန်းတာ သဘာဝပဲ။ ဒီအထိကို လက်ခံလို့ရသေးသည်။ အခုဟာက ဒီစာတ်ပုံအယ်လဘမ်တွေ၊ တိပ်ခွေတွေကြည့်နေ၊ နားထောင်နေလိုက်ရတာ ရင်မချိစရာပင်။ ဒါ သက်သက်မယ့် သူ့ရင်ထဲကို ကလိကလိနဲ့ ယားကျိကျိဖြစ်အောင် ရိတာပဲ။ ခေါင်းတင်မကပဟိုဒင်းတွေပါ ကျိန်းကုန်ရလေပြီ။ အသည်း တဆတ်ဆတ်ခါ နာကျင်ရပါလေပြီ။

'မောင်'

'ဗျာ'

'သန္တာကို ချစ်လားဟင်'

'အရမ်းချစ်၊ တအားချစ်၊ အသားကုန် ချစ်တာပဲ'

'သန္တာ အရမ်းကြောက်တာပဲ သိလား၊ ရင်ခုန်တယ်'

'မကြောက်ပါနဲ့ သန္တာရယ်၊ မောင်က ကိုက်မစားပါဘူး၊ သန္တာကို ချစ်လွန်းလို့ ချစ်တဲ့စိတ်နဲ့ ထာဝရချစ်....'

'နင့်အမေ ဂလိန်း ချစ်ပါလား'

'ဝုန်း'

စိတ်မနိုင်တော့သဖြင့် ဦးဂုဏ်ထည် လွှတ်ကနဲ ထောပနာ



www.burmeseclassic.com

www.burmeseclassic.com



ပြုကာ ကက်ဆက်ကြီးကို ဖနှောင့်ဖြင့် ပေါက်မိလေတော့သည်။

'တောက်... ဒါ သက်သက်မဲ့ လူပါးဝတာ'

လူပါးပုလင်းထိ၊ နတ်မျက်စေ့ပုလင်းကွဲရှသလိုပင်၊ သူလို ဂုဏ်သရေရှိ သူဌေးကြီးအဖို့ အလှောင်အပြောင် ခံရသလို အထိနာစေသည်။ ရင်ခုန်သံတွေလည်း ကျွံ့လို့ ချောက်ချက်မြည်ကာ ကမောက်ကမ ပြောင်းဆန်ကုန်ရပြီ။

'ခွေးလျှက်တာထက် ယားတယ်၊ အဲ... ခွေးကိုက်တာထက် နာတယ်ကွာ၊ လူပေါ် ခွေးကျောတာ'

တစ်ယောက်တည်း ကျိတ်မနိုင်ခဲမရ ရေရွတ်မြည်တမ်းကာ ဒေါသတွေ ဆူဝေရလေပြီ။ သူရဲ့မာန်မာနကို အရည်ဖျော်ချပြီး နောက်ချီး(နွားချီး)နဲ့ နယ်ကာအိမ်သာထရုံမှာ အကပ်ခံလိုက်ရသလို ခံရခက်သည်။ နာသာခံခက်ဆိုးဝါး ပူလောင်စေသည်။ ရင်လှိုက်သည်းဆူပြီး ဆူးညှောင့်ခလုတ် ပုပ်တိုင်ပေါ်တက်ထိုင်မိသူလို ဖြစ်ရချေပြီ။

'ဂုဏ်ထည်အကြောင်း သိအောင် ပြရသေးတာပေါ့ကွာ၊ ဟော့... ဂုဏ်ထည်ကွ တစ်ထည်ပဲရှိတယ်၊ နှစ်ထည်ရှိရင် ထဘီချုပ်ဝတ်ပစ်မယ်၊ အယ်'

သူ့ဟာသူ ကြုံးဝါးပြီးမှ အရှိန်လွန်သွားမှန်းသိရတော့သည်။ ထဘီချုပ်ဝတ်မည်ဆိုတော့ သူ ဘာကြီးဖြစ်သွားမည်နည်း။ ဘာပဲဖြစ်ဖြစ် သူ့သမီးနုနုငယ်ငယ်မသိနားမလည် မလိမ်မိုးမလိမ်မာလေးကို သွေးဆောင်ပြီး မြှောက်ထိုးပင့်ကော်ပေးသူတွေကို သူ မုန်းသည်။ ဟိုသားမက်လောင်းလည်း မချစ်သော်လည်းအောင့်ကာနမ်းရတော့မည်။ ဓါးခေါ်လို့ရပေမဲ့ မတော်လို့ မရတော့ဘူးလေ။ ပြီးတော့ သူ့ကို နှံ့နှံ့ ခံစားပြီး မခံချိမခံသာ ဖြစ်ရလေအောင်အကျိုးတော်ဆောင်သူတွေကို



www.burmeseclassic.com

www.burmeseclassic.com



သူ နာကျည်းလေသည်။ ပုရွက်အုံကို တုတ်နဲ့သွားဆွသလို သူ့ဒေါသ အိုးကိုမှတုတ်နဲ့ လာထိုးကြလေတာ။ သိရောပေါ့။ ဟိုအခွေနဲ့ ဓာတ်ပုံ အယ်လ်ဘမ် လာပေးတဲ့ ကျူးပစ်ဂမ္ဘုန်နဲ့ ကျေးစေဂြိုဟ်သား နှစ်ကောင် ကို သူ့အကြောင်း သိအောင်ပြရမည်။

❖



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃)

'ဟေ့ကောင်တွေ... မင်းတို့ကြောင့် ငါ့ကို အဘိုးကြီးက ကြည်ကြည်ဖြူဖြူ ဖြစ်သွားပြီကွ... ဟား... ဟား...'

ဝမ်းသာအားရဖြစ်နေသော ကျော်ဇောမောင်ကိုကြည့်ပြီး ထင်လတ်နှင့် ခိုင်ဝေ ကြည့်နူးမိသည်။ ကျော်ဇောမောင်ဆိုတာက ဦးဂုဏ်ထည်ရဲ့ သမီးချောသန္တာဝင့်ထည်ကို ခိုးပြေးသွားသောကောင်။ အခုသန်လျင်မှာ အိမ်ငှားပြီး လင်မယားနှစ်ယောက် အတူတူနေကြသည်။ ခိုးပြေးပြီးတစ်ပတ်မကြာခင် ဦးဂုဏ်ထည်က သူ့သမီးအတွက် ဆယ်သိန်းလာပို့ပြီး အရင်က သူချုပ်ချယ်ခဲ့တဲ့အပြစ်တွေကိုလာရောက်တောင်းပန်သည်။ အဘိုးကြီးက ကျော်ဇောမောင်တို့လင်မယားကို အိမ်ပေါ်ပြန်မခေါ်ပေမဲ့ ရင်းနှီးလုပ်ကိုင် စားသောက်ပြီး ကိုယ့်ဘဝကိုယ်ရပ်တည်ဖို့ မတည်ငွေထုတ်ပေးသည်။ အကူအညီလိုရင် အချိန်မရွေးလာတောင်းဖို့ ပြောသွားသေးသည်။

'အဘိုးကြီးက မင်းကိုနားလည်ပေးတာ ဝမ်းသာပါတယ်'

'ငါတို့ကြောင့် မဟုတ်ပါဘူးကွာ၊ ငါတို့က အဘိုးကြီးတို့ စရိုက်သက်သက်ပါ၊ အပျော်ပေါ့'



www.burmeseclassic.com

www.burmeseclassic.com



အင်ထက်တ ရယ်ရယ်မောမော ပြောသည်။

'နင်တို့နှစ်ကောင် အဲဒီအကျင့်တွေကြောင့် လူတကာနဲ့ မတည့်တာ'

သန္တာဝင့်ထည်က ရေနွေးကြမ်းအိုး ယူလာရင်းပြောသည်။

'မတည့်နေပါစေဟာ၊ ပတ်ဝန်းကျင်ဆိုတာ ချိုးမွှမ်းခုနစ်ရက် ကဲ့ရဲ့ခုနစ်ရက်ပဲ၊ ၁၄ရက်စလုံး ထမင်းဝအောင်စားနေရရင် ချိုးမွှမ်းတာ လည်းမလိုဘူး၊ ကဲ့ရဲ့တာလည်း မလိုဘူး'

'သေချာတာပေါ့ ထင်လက်ရာ၊ လူတွေကို ကိုယ်ကစပြီး တစောင်းမြင်ရတယ်၊ မဟုတ်ရင် သူတို့က ကိုယ့်ကို ပြောင်းပြန်လုပ်သွားမှာ'

'ဒါကြောင့်··· နင်တို့နှစ်ယောက်စလုံး ခုထိ ဂေါ်မစွဲတွေဖြစ်နေတာ'

သန္တာဝင့်ထည်က ခိုင်ဝေကို မျက်စောင်းထိုး၍ပြောသည်။

'မင်းတို့နှစ်ကောင် အဲဒီလိုပူးပေါင်းကြံစည်ပြီး ပတ်ဝန်းကျင်ကို ဒုက္ခပေးတတ်တာ ငါ သိပါတယ်'

'အံမယ်··· ကျော်ဇောမောင် မင်းကိုစွကိုလည်း ငါက ကူညီရသေး၊ ငါတို့ကို ဒုက္ခပေးသလေး ဘာလေးနဲ့'

'မှားပါတယ်၊ အောင်သွယ်တော်ကြီးတွေရယ်'

ကျော်ဇောမောင်က တရုတ်ကားတွေထဲကလို လက်သီးနှစ်ဖက် ဆုပ်ပြီးပြောသည်။

'အခု သန်လျင်မှာ မင်းတို့ ဘာလုပ်ကိုင်စားမလဲ'

'ဈေးဆိုင်လေး ဖွင့်မလားလို့'

'အဆင်ပြေတာပေါ့ကွာ၊ မင်းတို့အိမ်က လမ်းမတန်နဲ့လည်း မနီးမဝေးဆိုတော့ ပိုကောင်းတာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'မင်းတို့ ဦးဂုဏ်ထည်ဆီ ရွှေနဲ့ငွေနဲ့ရှိမှ သွားကြမယ်ပေါ့'

'သေချာတာပေါ့ သူငယ်ချင်းရာ၊ ငါဆိုတဲ့ကောင်က ကိုယ့်ဒူးကိုယ်ချွန်သမား၊ ငါတို့လင်မယားနှစ်ယောက်စလုံး သန်သန်မာမာရှိတာပဲ၊ ဘဝတစ်ခုကို ထူထောင်နိုင်ပါသေးတယ်၊ ဘယ်သူ့အကူအညီမှမယူဘဲ ချမ်းသာအောင် လုပ်ဆောင်ပြမယ်'

'လေးစားပါတယ် သူငယ်ချင်းရာ၊ တစ်ခါတလေကျရင် ငါတို့လည်း မင်းကို အားကျပါတယ်'

ထင်လတ်က ပခုံးတွန့်ပြီး နိုင်ဝေကို မေးငေါ့ပြောသည်။

'တော်ပါ ထင်လတ်ရာ၊ ကျော်ဇောမောင်လို ယောက္ခမမျိုးတွေနဲ့ ဆုံရရင် မိန်းမယူချင်စိတ် ကုန်ခမ်းသွားလိမ့်မယ်'

'အေးကွာ အပူမရှာတာပဲကောင်းတယ်၊ လက်ပူချင်ရင် မီးခဲကိုင်၊ ခြေပူချင်ရင် ဖိနပ်မစီးဘဲနေမယ်၊ ရင်ထဲမှာတော့ မပူချင်ဘူး'

ထင်လတ်က တွေးတွေးဆဆပြောသည်။ သူတို့နှစ်ယောက်က အများတကာ ပျော်ရွှင်နေရရင် ကျေနပ်နေတဲ့ကောင်တွေပေါ့။

'ကိုကျော်... သန္တာတော့ ကိုထင်လတ်တို့ကို တစ်ခု မကျေနပ်ဘူး'

'ဘာလဲ... သန္တာရဲ့'

'ဟို... သဏ္ဍာန်လုပ်သရုပ်တူ သရုပ်ဆောင်လိုက်ရတာကိုလေ'

'ဟား... ဟား... ဟား... ဟား... ဟား...'

ထင်လတ်တို့ နှစ်ယောက်သားအသံနက်ကြီးတွေနှင့် ရယ်မောလိုက်ကြသည်။

'ငါတို့လည်း အဘိုးကြီးကို တမင်တကာကလိချင်လို့ ခုလို



www.burmeseclassic.com

www.burmeseclassic.com



လုပ်ရတာပါကွာ၊ ဘယ်လိုမှ မထင်ပါနဲ့၊ ဓာတ်ပုံဖိုးတောင် ကုန်သေးတယ်'

'အသံသွင်းထားတာ ကျန်သေးတယ်'

သန္တာဝင့်ထည်က မေးသည်။

'နင်တို့ အဲဒါတွေ တကယ်ပို့လိုက်တာလား'

'yes... yes...'

'ငါတို့လင်မယားပါ ပေါ်ဖြစ်ပြီ'

ကျော်ဇောမောင်က ခေါင်းကုတ်ပြီးညည်းသည်။ ထင်လတ်နှင့်ခိုင်ဝေက တွေးတွေးပြီး သဘောကျနေသည်။ သူတို့လုပ်ပုံတွေကသည်း တစ်ဖက်သား အမြင်ကတ်ချင်စရာတွေပင်။ ခိုးပြေးတဲ့ညကလုပ်သွားပုံတွေလေ။ ထင်လတ်က ကင်မရာတစ်လုံးနှင့် ကလိသည်။ ခိုးပြေးတဲ့နေ့မှာ အထုပ်သယ်ပေးတာတွေ၊ ကားငှားတာတွေ၊ လင်မယားနှစ်ယောက်စလုံး အိမ်ပေါ်တက်တာတွေ၊ ဘေးက သူတို့နှစ်ယောက် မျက်နှာပြောင်ပြီး ကူညီပေးတာတွေ၊ အစအဆုံး ဓာတ်ပုံတွေရိုက်သည်။ ဖလင်တစ်လိပ်လုံး ကုန်ပါလေရော။ ခိုးပြေးတာကို ဟန်းနီးမွန်းထွက်သလို ဓာတ်ပုံတွေနှင့် မှတ်တမ်းတင်ထားသည်။

ခိုင်ဝေပြန်တော့ အသံဖမ်းတာဝန်ခံ။ ကျော်ဇောမောင်ကသူ အခုလိုခိုးပြေးရခြင်း ရည်ရွယ်ချက်တွေကိုဖွင့်ဆိုသလို သန္တာဝင့်ထည်က အဖေကိုခြေစုံကန်ပြီး လင်နောက်လိုက်ပြေးတဲ့သမီးကိုခွင့်လွှတ်ပေးဖို့ တောင်းပန်တာတွေလည်းပါသည်။ ဘေးက သူတို့နှစ်ကောင်က ဦးဂုဏ်ထည်အကြောင်းတွေကို အတင်းပြောပြီးဖွထားတာတွေပါသည်။ နောက်ပြီး မိဘဝတ္တရားတွေကိုပြောင်ချော်ချော် သရော်ထားတာတွေပါသည်။ တီဗွီကထုတ်လွှင့်တဲ့ အစီအစဉ်ကဏ္ဍသစ်တစ်ခုလို စုံစုံလင်လင်တွေ ပါရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို ဒုက္ခပေးသွားတဲ့ကောင်တွေ။ လုပ်ဓာတ်တွေခင်းပြီး အတိအကျအမိအရ ပြောင်ချော်ချော်သရော်သွားကြတာ။

ကျော်ဇောမောင်က ထင်လတ်တို့လုပ်ရပ်ကို စိတ်မဆိုးသည့် အပြင် သူပါ ပေါတောတောအဖြစ် ပါဝင်သရုပ်ဆောင်လိုက်ရသည်။

တကယ်တော့ မာနကြီးသော ဦးဂုဏ်ထည်ကို ပညာပေး လိုက်ခြင်း ဖြစ်လေသည်။ ဦးဂုဏ်ထည် ဇွေ့ဇွေ့ခုန်နေချိန် ထင်လတ် တို့က ခပ်မြင့်မြင့်လေးခုန်စေရန် ရည်ရွယ်ပြီး ဤကဲ့သို့ လုပ်ရခြင်း ပင်။

နာမည်ပြောင်တွေတောင် ပေးထားလိုက်သေးသည်။

ထင်လတ်က 'ကျူးပစ်ဂျွန်'။

ခိုင်ဝေက 'ကျေးစေဂြိုဟ်သား'

❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်၍ အာခေါင်ခြစ်ကာ အော်ခေါ်မိလေသည်။

'အာရဖွန့် ရိန်းဂျား'

'ခင်ဗျာ... သူဌေး၊ ဟိုက်စ်ဘော့စ်၊ အာစရိ'

'အာစရိကို နောက်မှာထား၊ လူ အရင်လာခဲ့'

'ဟုတ်...'

ဦးဝဏ်ထည် ဒေါသူပုန်ထနေ၍ အမြီးကုပ်နေရသော အာရဖွန့်ရိန်းဂျား ခပ်ကုပ်ကုပ်လေး နောက်ကျောခိုင်း၍ ရောက်လာသည်။

'ဟော့ကောင်... ဒီဘက်လှည့်၊ မင်း ဘာအရူးထ နေရတာလဲ'

'အာစရိပဲ၊ အာစရိကို နောက်မှာထားဆိုလို့ နောက်မှာ ကျောခိုင်းထားတာပါ အာစရိရဲ့'

'ဟော့ကောင်... တော်ကွာ... အာစရိချင်းကို ထပ်နေတာပဲ၊ ငါပြောတာ မင်း မြန်မြန်လာဖို့ပြောတာကွ'

ဒေါသတကြီးအော်ငေါက်ဆူပူလိုက်သဖြင့် အာရဖွန့်ခန္ဓာကိုယ် ဆတ်ခနဲတွန့်ကာ တုန်တက်သွားသည်။ မျက်နှာချိုသေးကာ မျက်နှာချင်းဆိုင် ပြန်လှည့်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



'အခု ငါ့သမီးနေတဲ့နေရာကို ငါတို့သွားခဲ့တယ်၊ အဲဒီနေရာကို မင်း မှတ်မိတယ် မဟုတ်လား'

'ဟုတ်··· မှတ်မိပါတယ်'

အာရဖွန်က ဦးဂုဏ်ထည်၏အမေးကို တရိုတသေ အလေးထားပြီး ပြန်ဖြေပါသည်။

'အေး··· ငါ့သမီးကို မျက်ခြည်မပြတ် စောင့်ကြည့်ထား ထူးခြားမှုရှိရင် အချိန်နဲ့တစ်ပြေးညီ အကြောင်းကြားရမယ်'

'ဟုတ်ကဲ့ပါ··· ဆရာ၊ စိတ်ချပါ၊ စောင့်ကြည့်ပါ့မယ်'

လူယုံတော်အာရဖွန်၏ ပြန်ဖြေသောစကားကြောင့် ဦးဂုဏ်ထည် အကျေနပ်ကြီးကျေနပ်သွားကာ ခေါင်းတဆတ်ဆတ်ပင် ညိတ်မိလေသည်။ ဆရာတပည့်နှစ်ယောက်ကတော့ ယခုလို ဟိတ်ကြီးဟန်ကြီး သွေးမာန်ကြီးကြီး ပေါက်တက်ကရ ရှုးကြောင်ကြောင်တွေ လုပ်နေကျပင်။

'ကောင်းပြီ··· မင်း ဒီ အယ်လ်ဘမ်နဲ့ အခွေကို ယူသွား'

'ဗျာ···'

ရုတ်တရက် ကောက်ကာငင်ခါ ပြောလိုက်သော ဦးဂုဏ်ထည်စကားကြောင့် အာရဖွန် ကြောင်တက်တက် ဖြစ်သွားရလေသည်။

'ဟေ့ကောင်··· ဘာငေါင်နေတာလဲ၊ မင်းတို့ကောင်တွေ အဲဒီလို တွေဝေနေတာတွေ ငါမကြိုက်တာ၊ အဲလိုပိန်းလို့ မကြီးပွား မတိုးတက်တာ'

ပြောမယ့်သာပြောနေတာ သူကျတော့ မပိန်းတာကျလို့။ သမီးတစ်ယောက်လုံး အိမ်တိုင်ရာရောက် သားမက်က လာမသွားတာတောင် မသိလိုက်ရဘူး။ ပြီးတော့အယ်လ်ဘမ်တွေ ဘာတွေနဲ့ ပေလိုပြီး အချွန်နဲ့မတာ ခံလိုက်ရသေးသည်။ ဂူတူချင်းတစ်ကြောသာချင်တာ၊

www.burmeseclassic.com



ဘိန်းစားချင်းအတူတူ ဆရာတပည့်ချင်း တစ်မူးပိုရှုနေပြန်သေးသည်။

'ဟုတ်ကဲ့… ဆရာ၊ ကျွန်တော်က ဒီအခွေကိုယူပြီး ဆရာ့အစားနားထောင်ပေးရမှာလား'

ငရဲတမျှ ပွက်လောပူလောင်ဆူဝေစေသော မီးကို ရင်ဆိုင်တွေ့ရတော့မည့်အလား တုံ့တုံ့ဆိုင်းဆိုင်းပင် အာရှဖွန်က ပြောလေသည်။

'တော်တိတ်… ပြောနေရင်းနဲ့ ဖောက်လာပြန်ပြီ၊ ငါမမြင်ချင်ဘူး၊ မကြားချင်ဘူး၊ အဲဒါတွေကို မီးရှို့ပစ်လိုက်ကွာ၊ သွား၊ အခုချက်ချင်း ယူသွားတော့'

'ဟုတ်ကဲ့ပါ ဆရာ၊ မီးရှို့ပြာချပြီးပင်လယ်ပြင်မှာ မျှောပစ်လိုက်ပါမယ်၊ တစ်မှုန်တစ်စမှ မရှိစေရပါဘူး'

ယခုမှ အာရှဖွန် သက်မချနိုင်တော့သည်။ ဒီအရှုပ်ထုပ်ကြီးသူ့အပေါ်ကျလာရင် သူလည်း မလွယ်လှဘူး။ ဆရာသမားရဲ့ သမီးအရင်းအချာ၊ ရင်နှစ်သည်းချာလေး၊ သူတို့၏တူမလေးလို နှမြောတသရသူ၊ အဲဒါလေးရဲ့အဖြစ်သနစ်တွေသာ မမြင်မကြားချင်ရက်ပဲ။ မြင်ကြားနေရရင် အသည်းတဆတ်ဆတ်ခါ နာကျင်ပြီး မျက်လုံးနဲ့ နားတွေတန်းသွားလောက်လေသည်။ အခုတော့ အမြန်ဆုံးနည်းနဲ့ အပျောက်ရိုက်ပစ်ဖို့ အခွင့်သာလေပြီ။ သူလည်းပဲ သူ့ဆရာလို သန္တာဝင့်ထည်ကို သဝန်တို နှမြောမိသည်။ ပြီး သားမက်ဖြစ်သူ သန္တာလေးရဲ့ငနဲနဲ့ ဟိုနှစ်ကောင်ကို နာတင်းလေသည်။

ရာရာစစ သူ့ဆရာဦးဂုဏ်ထည်လို ဝင့်ကြွားဂုဏ်သရေရှိသော အသိုင်းအဝိုင်းကိုမှ စော်ကားရက်လေခြင်း၊ စော်ကားရုံတင်မကပါဘူး။ ကြောင်တစ်ကောင်က မိထားသောကြွက်ကို ဆော့ကစားသလိုပင်၊ နှာသာခံခက် ရင်မချိနိုင်ဖွယ်ရာကောင်းလင့်တည်း။ ဒါလုံးဝမဖြစ်သင့်တဲ့ အသရေဖျက်ခြင်းပဲ။ ကျိတ်မနိုင်ခဲမရ ရှိလှစွာ



www.burmeseclassic.com

www.burmeseclassic.com



အာရဖွန်က ဓာတ်ပုံအယ်လ်ဘမ်နှင့်တိတ်ခွေကို ယူလာခဲ့သည်။ ဆယ် ပေါင်တူနဲ့ထု၊ မီးရှို့ပြာချပြီး ဟိုသုံးကောင်ကို အရည်ဖျော်တိုက်ချင် စိတ်တွေပင် တဖွားဖွား၊ တဖိုးဖိုး ပေါ်လာရလေသည်။

စိတ်လိုလက်ရ ရှိလှစွာထွက်သွားသော အာရဖွန်ကို ကြည့်ပြီး တော့ ဦးဂုဏ်ထည် ကျေနပ်သွားရသည်။ ဟန်းဖုန်းကိုကောက်ကိုင်က ခလုတ်တစ်ခုကို နှိပ်၍ခေါ်လိုက်သည်။

'ဟဲလို… မိုးလား'

အခုကျတော့လည်း လေသံကပျော့ပျောင်းလို့ သူမဟုတ်တဲ့ အတိုင်းပဲ။

ဒါမျိုးကျတော့ အချိုးကတစ်မျိုး၊ ဗလောင်းဗလဲအပြောင် အလွဲဘာသာရပ်ကို ကျွမ်းကျင်ပိုင်နိုင်ပြီးသား မာန်မာနရှင် ဦးဂုဏ် ထည်ပင်။

'ကိုကြီး မိုးနဲ့တိုင်ပင်စရာတစ်ခုရှိလို့ အဲဒါလာနိုင်မလားဟင်'

'…………'

'ဘာရယ်… မိုးမလာနိုင်ဘူး၊ ဆောင်းပဲလာမယ် ဟုတ်လား'

'…………'

'ဩော်… မိုးလေးကလည်း သိပ်နောက်တာပဲ'

'…………'

'အေးပါ… အေးပါ… အခုလို ကိုကြီး စိတ်ဖြေနိုင်အော ရွှင်ရွှင်ပျပျနောက်ပြောင်ပေးတာ Thank you'

'…………'

ဦးဂုဏ်ထည် သူ၏စက္ကေထရီမလေးကို ဖုန်းဆက်၍ လှမ်း ခေါ်ခြင်းဖြစ်လေသည်။ ဘာတွေ သပွတ်အူကျပြီး အရေးတကြီ နှီးနှောတိုင်ပင်ဖို့ သူ့ခေါင်းထဲ အကြံပေါ်လာလေပြီလဲ မသိပေ။

❖

www.burmeseclassic.com

## အခန်း (၅)

မိုးကာင်းစောင့်ရတာ ထင်လတ်အဖို့ ကြောက်ရတဲ့အချက်တွေရှိသည်။ အဓိကကြောက်တာက ရပ်ကွက်လူကြီးလာစစ်တာရယ်၊ သရဲတစ္ဆေခြောက်မှာစိုးတာရယ်၊ အိပ်ပျော်သွားမှာစိုးတာရယ်ကိုပေါ့။

ထင်လတ်တို့ ရပ်ကွက်က သူခိုးပေါသည်။ ထစ်ခနဲဆို သူခိုးထပ်ပြန်ပြီ။ တစ်ခါဆို တစ်ညတည်းနဲ့ သုံးအိမ်တိတိအဖောက်ခံရသည်။ ဒါကြောင့် ရပ်ကွက်ဥက္ကဋ္ဌက လုံခြုံရေးကို တင်းကျပ်စွာချထားရသည်။ ထင်လတ်တစ်ယောက် ရပ်ကွက်ထိပ်ညောင်ပင်အနီးက ကင်းတဲမှာ အစောင့်ကျသည်။

ညောင်ပင်ကြီးက ကောလာဟလတစ်ခုရှိသည်။ ညောင်ပင်စောင့်ရုက္ခစိုးကြီးက ညဘက်ဆို နာနာဘာဝတွေအခေါ်ဆင့်ပြီး ဟောလိုဝိနည်းပွဲတော် ကျင်းပသည်ဆိုဘဲ။ ပါးစပ်ရာဇဝင်အရ ပေါက်ပန်းသေးသျှောက်ပြောကြတာ။

လမိုက်ညမို့ ခွေးတွေကလည်း ဆွဲဆွဲငင်ငင်အူ သဲသဲမဲမဲ ဟောင်နေကြတော့ ထင်လတ်အဖို့ ကျောချမ်းစရာ၊ ထင်လတ် နာရီကြည့်တော့ ည(၁၂)နာရီထိုးနေပြီ။ တတ်သ၍ ဘုရားစာတွေ စုပြုံရွတ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com


'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ…'

ထိုစဉ် မသင်္ကာစရာလူတစ်ယောက်ကို ရိပ်ခနဲမြင်လိုက်သည်။ ညကြီးမင်းကြီးဆိုတော့ ဒီလူရိပ်ဟာ တစ္ဆေဟုတ်ချင်ဟုတ်၊ မဟုတ်ရင် သူခိုးပဲဖြစ်မယ်။ သေချာတာတစ်ခုက သူခိုးနောက်လိုက်ရမည်။ မသေချာတာတစ်ခုက တစ္ဆေဖြစ်နေရင် ဘယ်လိုလုပ်မလဲ၊ ကျောစိမ့်လာပြီ။ အီးပါချင်သလိုလို၊ သေးထွက်ချင်သလိုလို ဖြစ်နေပြီ။

မတတ်နိုင်။ ရပ်ကွက်အေးချမ်းသာယာမှုအတွက် သူစွန့်စားရတော့မည်။

လူရိပ်နောက်ကို ဓားဆွဲ၍လိုက်ချေပြီ။ အရိပ်က လှစ်ခနဲ ခြံတစ်ခြံထဲဝင်သွားသည်။ ထင်လတ် သစ်ပင်ကိုကပ်ပြီး ချောင်းကြည့်လိုက်သည်။ လူမှလူအစစ် သူတို့အရွယ် လူငယ်တစ်ယောက်ဝင်း။ အခြေအနေကို အရင်စောင့်ကြည့်ရမည်။

'ဟော… ဟော… အထဲကလူ ထွက်လာပြီ ချောင်းခိုများ လုပ်နေသလားမသိဘူး'

ထင်လတ် အထင်နဲ့အမြင်တက်တက်စင်အောင် လွဲချော်ချေပြီ။

'လက်စသတ်တော့ မိန်းမခိုးမှာကိုး'

ထင်တဲ့အတိုင်းပင် သကောင့်သားက အထုပ်တစ်ဖက်ထမ်းပြီး လက်တစ်ဖက်ကို ဆွဲလာပြီ။

ထင်လတ် ပြုံးလိုက်သည်။ မီးပွားတစ်စလောက်တော့ ရှာဦးမှပဲ။

'ဟိတ်… ရပ်စမ်း…'

နှစ်ယောက်စလုံး မျက်လုံးပြူးသွားသည်။


www.burmeseclassic.com

www.burmeseclassic.com



'ခင်းရဲ့အခြေအနေကို စောင့်ကြည့်နေတာကြာပြီ'

'ခင်ဗျား... ခင်ဗျား... ဘယ်သူလဲ'

'ဟား... ဟား... ဟား... မင်းမသိချင်စမ်းပါနဲ့ကွာ၊ ငါက မင်းခိုးမဲ့ ကောင်မလေးနဲ့ သဘောတူထားတဲ့လူကွ'

'ကေသီဇင် သူ... သူပြောတာ ဟုတ်သလား'

ယောက်ျားဖြစ်သူက ကေသီဇင်ဆိုသော ကောင်မလေးကို ဖြူးတူးပြဲတဲနဲ့ မေးသည်။

'သူက... သူက... ကိုတိုးမြင့်အောင် ဖြစ်မယ်'

ထင်လတ် ရမ်းတုတ်ပြီးဖြီးလိုက်တာ ခွင်ဝင်သွားသည်။

'မင်း... မင်း... ငါတို့ချစ်ခြင်းကို မခွဲနဲ့'

'ဟား... ဟား... ဟား... မင်းတို့ကို ငါခွင့်မလွှတ်နိုင်ဘူး၊ ကေသီဇင်က ငါနဲ့မိဘချင်းသဘောတူထားတဲ့ ကောင်မလေးကွ၊ မင်းက ဘာကောင်လဲ၊ ပြောစမ်း'

'ကျုပ်နာမည် စိုင်းမင်းထွေး... ကေသီဇင်နဲ့ ကျုပ်နဲ့က သုံးနှစ်ကြာတဲ့အထိတွဲလာတဲ့ တရားဝင်ချစ်သူ၊ သူ့ကို ဘယ်နည်းနဲ့မှ ကျုပ်အဆုံးအရှုံးမခံနိုင်ဘူး'

'ဟား... ဟား... ဟား... တော်တော်ချစ်တဲ့ ချစ်သူတွေပါလား၊ ကောင်းပါတယ်... ကောင်းပါတယ်... ကျုပ်ဘဝမှာလည်း လိုချင်တာကို အမြဲတမ်းရစေရပါ့မယ်၊ ကဲ... စိုင်းမင်းထွေး ငါမေးမယ်၊ မင်း နောက်ဆုတ်မလား၊ ငါ ရှေ့တိုးရမလား'

ထင်လတ်က ဓားလွှတ်ကို ဆရင်းပြုံးဖြီးဖြီး ပြောသည်။

'မောင်... မလုပ်ကြပါနဲ့... ဒုက္ခပဲ... လူတွေသိကုန်လိမ့်မှာပဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဟား… ဟား… ဟား… ကဲ… ကဲ… ငါပဲ နောက်ဆုံးလိုက်ပါ့မယ်၊ မင်းတို့ ရှေ့ကပြီးပြေးကြပေတော့'

'ကျေးဇူးကြီးလှပါတယ် အစ်ကိုရယ်'

စိုင်းမင်းထွေးက ကျေးဇူးတင်စကားဆိုသည်။

ထင်လတ်က ကလိကလိနှင့် ရယ်ချင်နေသည်။

'ဟယ်… ကိုကို… ကေသီ့ဆံပြိုးလေး ကျန်ခဲ့ပြီ'

'ဒုက္ခပဲ… အဲဒါလေးနဲ့ ရင်နှီးစားသောက်ရမှာ'

'ပြဿနာပဲ အိမ်ထဲပြန်မဝင်ချင်တော့ဘူး'

ထင်လတ်က 'ကျုးပစ်ဂဠုန်'လေ။

'သူငယ်ချင်းတို့ စိတ်ချ၊ ငါ ဝင်ယူပေးမယ်၊ ဘယ်နေရာမှာထားသလဲ'

'ညာဘက်အခန်းထဲက မှန်တင်ခုံပေါ်မှာ ဘူးပိုင်းလေးနဲ့၊ အခန်းမမှားစေနဲ့နော်၊ အဖေကြီးအခန်းထဲ ဝင်သွားရင် ဒုက္ခရောက်သွားမယ်'

ထင်လတ် ဓားကိုချပြီး ကေသီဇင်ညွှန်သော ညာဘက်အခန်းထဲဝင်သွားသည်။ ဟုတ်ပါသည်။ ကေသီဇင်အခန်းက ပွင့်ဟနေသည်။

မှန်တင်ခုံတစ်ခုပေါ် ရှာသည်။ ဘာဘူးပိုင်းမှမတွေ့၊ အခန်းမှာ မှန်ရဲ့လား။

'ဟာ… ဒုက္ခပဲ… ပြန်ထွက်ပြီး အခန်းပြန်ရွေးမှပဲ၊ ငါက လည်း ဖိုးကူညီ ဖြစ်ချင်နေတာကိုး'

'အမလေး… သရဲ… သရဲ…'

အသံစူးစူးလေးက ထင်လတ်နားစည်ထဲကို ပဲ့တင်ရိုက်ခတ်သွားသည်။ သူ့ရှေ့တွင် မိန်းကလေးတစ်ယောက်။

www.burmeseclassic.com



'သူခိုး… သူခိုး…'

မီးတွေ လင်းလာကြသည်။ ထင်လတ် ထွက်ပြေးဖို့အချိန်မရ တော့ပေ။ သေပြီ။

ဖြစ်သမျှ လည်စင်းခံတော့။

သူ့ရှေ့ကကောင်မလေးက ကေသီဇင်ရဲ့ ညီမတော်၊ သူ့ အခန်းမှားဝင်သွားတာ။

'ကျူးပစ်ဂမ္ဘန်'၊ ပျံလည်း မပျံနိုင်တော့ဘူး။

ဆားချက်ဖို့သာ ရှိမည်။

❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

နိုင်ဝေ (Notice Board)မှာ အဆန်းတကြယ် ဘာများတွေ့ရလေမလဲ ရှုးစမ်းနေစဉ် ချိုသာကြည်မြသော အသံကလေးကို ကြားလိုက်ရသည်။

'အစ်ကိုကြီးရှင့်၊ စာအုပ်တိုက်ခွဲဖိုး ငွေသွင်းရတဲ့ နေရာကဘယ်နေရာလဲရှင့်'

သူပြောမှပဲ လူစစ်စစ်ကနေ အမြီးတန်းလန်း ရှုတ်သီးစုပ်ချွန်းချွန်း အပင်လွဲကျော်အကောင်ပလောင် ဖြစ်ရလေပြီ။ အစ်ကိုကြီးရှည်တဲ့လေ။ မနိုပ်ပါဘူး။ သစ်သီးတွေရဲ့အစေ့အဆံ ကိုစားရတာ အဆံဆိုတာ နေကြာစေ့အဆံလောက်ပဲ စားရလွယ်တဲ့အမျိုး။

'သြော်··· ငွေသွင်းကောင်တာလား၊ ရေးရာအဆောင်လေ၊ ဒီအဆောင်ပဲ၊ အဲဒီဝင်ပေါက်ကဝင်လိုက်ပြီးရင် ညာဘက်ချိုး၊ ပထမဆုံးအခန်းကို ဝင်လိုက်'

'တွေ့ရောလား ငွေသွင်းကောင်တာ'

'တွေ့မှာပါ၊ သော့ခလောက်တန်းလန်းကြီးလေ၊ ဒီအချိန်ဆိုစောသေးတယ်ဗျ၊ မဖွင့်သေးဘူး၊ (၁၀)နာရီလောက်မှ သွားလိုက်၊ ဟုတ်ပြီလား'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်… ကျေးဇူးပဲ အစ်ကိုကြီးရှင့်'

လာပြန်ပြီလား ဒီရှဥ့်၊ နားထဲမှာ အကြောပေါင်းတစ်ထောင် စိမ့်လောက်အောင် အဝင်ဆိုးသည်။ အသံလေးချိုမြပြီး ရုပ်ကလေးက လှပသလောက် အပြောဆိုးလိုက်တာ၊ ပြေပြစ်တင့်တယ် ချောမွေ့ခြင်းကို မရှိဘူး။ ကျောင်းအထာကို နားမလည်မကျွမ်းဝင်သေးသော ပထမနှစ်ကျောင်းသူလေးပင် ဖြစ်ရမည်။ ရှိစေတော့။ ဒါမျိုးကို သာနိုးတို့က လက်ဖက်ထက်တောင်ကြိုက်သေး ဆိုတာလိုပင်။ ရုပ်ရည်ချောမော ပြေပြစ်ပြီး အောက်ပါအရည်အချင်းနှင့် ပြည့်စုံပါ၍ ကျေးစေဂြိုဟ်သား မီဒီယာရုပ်ဝန်းမှ ဒါရိုက်တာဦးခိုင်ဝေ ခွင့်လွှတ်နားလည်ပေးနိုင်သည်။ ဘာဖြစ်လဲ။ သူများတွေလည်း ဒီလိုပဲ အလုပ်ခန့်နေသေးတဲ့ဟာကို။

ဘာရမလဲ။ ငွေလည်ကြောင်ပတ်နဲ့ ကောင်မလေးနောက်က လိုက်သွားတာပေါ့။ ထက်ကြပ်မကွာဆိုပါတော့။ မချောလေးက နောက်ကျောမလုံလေသည့်ဟန်ဖြင့် သူ့ကိုတစ်ချက်စောင်းငဲ့ကြည့်သည်။ သမင်လည်ပြန်ဆိုလား၊ ဒရယ်လည်ပြန်ခေါ်မလားပဲ။ သိပ်လှတဲ့အကြည့်၊ သေမယ်ဆို သေလို့ရပြီ။ သူ့မျက်ဝန်းနဲ့ဆုံလိုက်ရသူတိုင်း အရည်ပျော်ဂျလောက်သည်။ ကိုယ့်ကိုယ်ကိုယ် ဖယောင်းတိုင်မဖြစ်လိုသူများ သူ့အကြည့်ကို ကြိုတင်ရှောင်ရှားနိုင်ပါသည်။ အာသာငမ်းငမ်း ရနံ့ခံပျားတွေလို သူ့နောက်က တကောက်ကောက်လိုက်သွားတာပဲ။ ဘာကြောင့် ဘေးဘီမှ ကျောင်းသားတချို့က အနံ့ခံကောင်းတဲ့ဟိုဒင်း အမြီးနှန့်ကောင်ကိုမြင်သလို နှာခေါင်းရှုံ့ကြပါလိမ့်။ ဒါဟာ မနာလို မရှုဆိတ်ကြတာလေ။ အချစ်ရဲ့ လှပပျိုမျစ်သော ရနံ့ထုံကူးမှုကို မခံစားတတ်ကြသေးဘူး။ တုံးလိုက်တဲ့သားအဖအတွက်ကတော့ ပတ်ဝန်းကျင်ကလူတွေဟာ အရူးတွေပဲ ဖြစ်ရမှာပေါ့လေ။

❖



www.burmeseclassic.com

www.burmeseclassic.com



ငွေသွင်းကောင်တာရုံးခန်းက မဖွင့်သေးဘူး။ အခန်းရှေ့ရောက်တော့ ကောင်မလေးလေးက ခါးကလေးထောက်လို့ နောက်ပြန်လှည့်ကာ သူ့ကို ရင်ဆိုင်ဆီးကြိုပါသည်။ တင်းမာသောမျက်နှာထားဖြင့် မျက်တောက်နီလျက် ခက်ထန်စွာ အသင့်ပြင်ထားသည်။ ရာသီဥတုက တစ်မုဟုတ်ချင်း ရုတ်ခြည်းပြောင်းလဲလေပြီလော။ ကူညီညာပြီး လမ်းညွှန်ပေးထားတဲ့မျက်နှာမှ မထောက်။

'ရှင်က ဘာလို့ လိုက်လာရပြန်တာလဲ'

'အယ်... မလိုက်ပါဘူး၊ ကိုယ်က ဟိုဒင်း... အဲ... ကိုယ်လည်း ငွေသွင်းစရာလက်ကျန်ရှိသေးလို့၊ အဟဲ...'

ပါးစပ်ထဲတွေ့ကရာလျှောက်ပြောရင်း ခိုင်ဝေ အကြောင်းမြလိုက်ရသည်။ ငတိမလေးက သူ့ကိုမထိတရီကြည့်ကာ မခိုးမခန့်ပြုံးလေသည်။ သူနားမလည်ပါးမလည်ဖြင့် ချောလဲရောထိုင် လိုက်ပြုံးမိလေသည်။ သူမက လွယ်အိတ်ထဲမှ တစ်စုံတစ်ခုကို နှိုက်ထုတ်သည်။ လွယ်အိတ်အဝရှိ စာအုပ်ကြားမှာ တစ်လစ်ဖြစ်နေသော စာတစ်စောင်မို့ သူစိတ်သက်သာရာ ရသွားလေသည်။ တော်သေးတာပေါ့။ ဓားမြှောင်တစ်လက် ဖြစ်မနေလို့။

'ဒီစာကို ရှင် ထည့်လိုက်တာနော်'

'ဘာစာလဲ'

မျက်ကလူးဆန်ပျာဖြင့် မိန်းမလှလေးလေးထောင်ပြသော လက်ထဲမှ စာခေါက်ကလေးကို ကြည့်မိကာ မေးလိုက်သည်။

'အခုမှ မုန်လာဥလုပ်မနေနဲ့၊ ရှင်ကိုယ်ရှင် သိမှာပေါ့၊ ကျွန်မက လမ်းမသိလို့ ဟိုဒင်းနောက်လိုက်ပြီး မေးမိတာကို အခွင့်ကောင်းယူပြီး ကျွန်မအလစ်မှာ လွယ်အိတ်ထဲ ထည့်လိုက်တာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



အတော်ခေါင်းမာတဲ့ အပေအတေမလေး၊ သူလုပ်မှ ကိုယ့်မှာ အမြီးထွက်တဲ့ ဟောင်ကောင်လုံးလုံး ဖြစ်ရလေပြီ။ ကျေးဇူးမတင် ဟိုဒင်းလှန်ပြဆိုတာ ဒါကိုပြောတာပဲနေမှာ။ မိုးကြိုးကြီးပွတ်ရပါစေရဲ့၊ အဲဒီစာကလည်း သူလုံးဝမထည့်ပေးလိုက်တဲ့စာ၊ ဘာကြီးမှန်းကို မသိဘူး၊ စာကလေးမပြောနဲ့ နှံပြည်စုတ်တောင်မှ ကောင်မလေးကိုပေးဖို့ သူ ဝါသနာမပါပေ။ စာဆိုတော့ ဟုတ်ပြီ။ ခေါင်းထဲမှာ အသိတစ်ချက် လက်ခနဲ လင်းဝါတောက်ထိန်သွားရလေပြီ။

'ဟုတ်တယ်··· အဲဒါ ကိုယ်ထည့်ပေးလိုက်တာပဲ'

သူ ဖြောင်လိမ်ဖြောင်စားလုပ်လိုက်ခြင်းပင်။ တကယ်တော့ ဘယ်သဘောက်မသားက သူမအလစ်မှာ ညှပ်ထိုးထည့်ပေးသွားမှန်း မသိသည့် ရည်းစားစာတစ်စောင်ဖြစ်ရမည်။ အခုတော့ ဥစ္စာပျောက် ငရဲရောက်၊ ဇရက်ကျိုးထင်၊ သားမက်သူခိုးထင်သည့်အပေါက်။ ဘုမသိ ဘမသိနဲ့ သူ့ကိုလာစွပ်စွဲတာလေ။ ဘာရမလဲ။ ချောလဲရောထိုင် ပြုံးဖြီးဖြီး ခေါင်းညိတ်လိုက်တာပေါ့။ လူတစ်ဖက်သားကို ဒီလိုအချွန်နဲ့ မ,ရမယ်ဆိုရင် နိုင်ဝေတို့ကအားတက်သရော ကိုယ်ထိလက်ရောက် ထိပ်တန်းက ပါဝင်ပြီးသားပဲ။

'ဟဲ··· ဟဲ··· ဟုတ်တယ်၊ ကိုယ့်ရဲ့ရိုးသားသော ရင်ခုန်သံ တွေနဲ့ ရေးဖွဲ့သီကုံးထားတဲ့ စာပန်းချီကားတစ်ချပ်ပါ'

သူ့နောက် တကောက်ကောက်လိုက်လာလို့ ယုံထင်ကြောင် ထင် သက်ဘမကင်းဖြစ်ပြီး လွယ်အိတ်ကိုငုံ့ကြည့်၊ အဲဒီမှာ စာကို အမှတ်မထင်တွေ့၊ အခုလည့်ပြီးရန်စောင်၊ စစ်ဆေး၊ စုံထောက်ကြီး ရှားလော့ဟုမ်းလိုလို ဘာလိုလိုနဲ့ အချက်ပိုင်အကျပ်ကိုင်ပြီး ... ရှာ ဘုံမြောက်ကာ မေး၊ အခုတော့ သူကိုယ်တိုင်ကလည်း ... သွား ငတိမလေး အလွန်တရာ ကျေနပ်သဘောကျသွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



'အဲဒါဆိုလည်း ရှင့်ရဲ့စာကို ရှင်ပြန်ဖတ်ကြည့်ဦး၊ ကျွန်မက လိမ်တတ်တဲ့လူဆို သိပ်မုန်းတာ'

စာကလေး လက်ထဲထိုးထည့်သွားပြီး ကောင်မလေးလှည့်ထွက်သွားလေသည်။

'ဟာ… နေဦးလေ၊ မ ကျွန်မ၊ အဲဟုတ်ဘူး၊ ဘာတဲ့… အကိုကြီးရှင့် ဟာ… ညီမလေးရှင့်… ဟာကွာ'

'ကျွန်မနာမည် သရဖီ မှတ်ထား၊ နောင် မပတ်သက်မိစေနဲ့၊ လမ်းတွေ့ရင် မခေါ်နဲ့'

ကောင်မလေးသရဖီဆိုတဲ့ပန်းကလေး ပိုင်နိုင်ချက်ကျစွာပြောပြီးနောက်ကြောင်းပင်တစ်ချက်မလှည့်ဘဲ ပစ်ပစ်ခါခါထွက်သွားပါသည်။ သူ့ကိုပစ်ပစ်ခါခါထွက်သွားတာတော်သေးရဲ့၊ သူမကိုယ် သူမ လည်းပစ်ပစ်ပြီးခါခါပြီး ထွက်သွားတာတော့ ရင်လေးစရာကြီးပေါ့။

'သရဖီတဲ့လား ပန်းကလေးရယ်'

စာခေါက်ကိုပြန်ကြည့်မှ သူ အရူးလုပ်ခံရမှန်း သိတော့သည်။ ဟုတ်တယ်လေ။သူကိုယ်တိုင်ပေးတဲ့စာမဟုတ်ဘဲ ဓားခုတ်ရာလက်ဝင်လျှိုပြီး အချိုအချောင်ပါလေရာနာမည်ကောင်းဝင်ခံထားတာ။ စာက သူထင်သလို ရည်းစားစာမှ မဟုတ်ဘ ။

ညီမလေးရယ်

ကိုယ့်မှာ ကုဝင်လေယားလေ၊ ဝဲတွေနဲ့ မြင်မကောင်း၊ ရှုမကောင်းပါကွယ်။ လူရှေ့သူရှေ့ရောက်ရင် အချစ်ရယ်၊ ချောင်းဆိုးတာရယ်၊ အိပ်ငိုက်တာရယ်၊ ဝဲယားတာရယ်ဟာ ဟန်ဆောင်ဖုံးဖိလို့မရဘူးပေါ့ကွယ်။ ဒီတော့ ဝဲတွေကြွယ်ဝနေတဲ့ကိုယ့်ဘဝလေးကို စာနာသနားသောအားဖြင့် ညီမလေးအဖေသမားတော်ဆီက ဆေးတစ်ဖုံပြီး ပေးပါလားကွယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် တန်ရာတန်ကြေး ပေးဝယ်ပါ့မယ်။ ရှေးခေတ် မြန်မာ တွေလို ထိုးကွင်းမင်ကြောင်မရှိလို့ ပေါင်လုံးမပြရဲတဲ့ဘဝကမှ ဖြေသာ နိုင်ဦးမယ် ညီမလေးရယ်။ အခု ကိုယ့်ဘဝက ပေါင်သလုံးမှာ ဝဲတွေ နဲ့မို့ ဘယ်လိုမှမလှူသာမလွန့်သာပါ ညီမလေးရယ်။ ညစျေးမှာ ဝယ်တဲ့ဆေးတွေကလည်း မတိုးတော့ဘူး။ ကုတ်နေရတာ အလုပ်ပျက် အကိုင်ပျက်အောင် ဖိမ်ရှိလှပေမဲ့ အင်မတိအင်မတန် ယားယံလှ တယ်။ ဒီအရေးကိုကြံတွေးလို့ အကူအညီပေးဖို့ အခွင့်အရေးတစ်ရ အနေနဲ့ တောင်းဆိုအပ်ပါတယ်နော်ကွယ်။

'ကျူမိဂှာ'

စာထဲမှာရေးထားတာ ဒါ အကုန်ပဲ။ ဒါ သက်သက်မဲ့ သူ့ကိ အကြောင်ကွက်နင်းသွားတာလေ။ သူ့မှာတော့ ရည်းစားစာ ထင်ပြ ခွတ်တင်ကာ ပဲများဟန်ဆောင်လိုက်ရတာ။ အခုတော့ အောင် မစ်တစ် ဝဲကျော်ဖြစ်ရလေပြီ။ ရက်စက်ပါပေ့။ အခုမှ တကယ့်က သေမယ့်အပတ်မှ လက်ငှေ့တက်ထိုး၊ ကျောက်စိမ်းသွားတူးမိတာဖြ ရချေပြီ။ အောင်မငီး။

ဒီလိုနဲ့ အရောက်ပို့၊ အချွန်နဲ့မတတ်သော ခိုင်ဝေနဲ့ အနော အပြောင်သန်တဲ့ ထက်ထက်မြက်မြက် သရဖီတို့ဟာ ခင်မင် ရင်းနှီး သွားခဲ့ကြသည်။ အသွင်တူတော့ ဂျင်းစိမ်းနှင့်မိတ်သလင်လို ထည ထောင်းခံရတာပေါ့။ တစ်ဆုံတည်းမှာ မခွဲမခွာ ပြားပြားကြေပေါ့

❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

အဖြစ်အပျက်နှစ်ခုစလုံးကို ဖလှယ်ပြီးနောက် နှစ်ယောက်စလုံး ရင်ခုန်သံတွေ တူညီစွာမွေးဖွားနိုင်ခဲ့သည်။ ရင်ခုန်သံတွေကိုထပ်ဆင့် ထုတ်လွှင့်နိုင်ဖို့ သူတို့တွေကြိုးကြိုးစားစား စွမ်းဆောင်ရတော့မည်။

ကျူးပစ်ဂျွန် အမည်ခံထင်လတ်က ဥက္ကဋ္ဌရုံးခန်းမှာ သုံးည အချုပ်ခံရပြီး ပြဿနာတွေတက်ပြီးနောက် ကေသီဖင်၏ညီမလေး ဆွေသီခင်ကို စိတ်ဝင်စားခဲ့မိသည်။ ဆွေသီခင်ကလည်း ထင်လတ်ကို သနားမိတဲ့စိတ်ကလေး ရှိသည်။

ကျေးစေဂြိုဟ်သား အမည်ခံခိုင်ဝေကဲ့ ကျောင်းထဲမှာ သပွတ် မလေး သရဖီနဲ့ ပက်ပင်းဆုံပြီး အရှုးလုပ်ခံလိုက်ရပြန်သည်။ အကျိုး သင့် အကြောင်းသင့် အပြန်အလှန်လက်စားချေဖို့ ဉာဏ်ရည်ပြိုင်ရင်း က ပေါင်းစည်းမိကြ ငြိမ်းချမ်းရေးယူပြီး ပြေငြိမ်းလိုက်ကြသည်။ သူတို့နှစ်ဦး စိတ်ကူးယဉ်ခြင်းတွေနှင့် ကောင်းကင်ထဲမျောလွင့်နေ ကြပြီ။

တစ်ခါမှ ချစ်သူမထားဘူးသောနှစ်ကောင် အချစ်ဆိုတာကို ဂဃဏန နားလည်မှုမရှိသေး။

❖



www.burmeseclassic.com

www.burmeseclassic.com



ကြီးကျယ်ခမ်းနားလှသော ရုံးခန်းကြီး၊ ပေါ်လစ်ရောင်တောက်ထနေသော U ပုံသဏ္ဍာန်စားပွဲရှည်ကြီးက ကနုတ်ဖော်ထားသော ထိုင်ခုံများနဲ့ ပနံသင့်လှသည်။ ထိပ်တွင်ပရိဂျက်တာကြီးတစ်ခု ထောင်ထားသည်။ စားပွဲခုံရဲ့အလယ်တွင် ပန်းပေါင်းစုံဝေဆာနေသော ပန်းအိုးကြီးတစ်လုံး ထိုးထားသည်။

သူဌေးကြီးဦးဂုဏ်ထည်၏ကုမ္ပဏီရုံးခန်း။ ထိပ်ဆုံးရှိ နီညိုရောင် ဆိုဖာဆုံလည်ကုလားထိုင်တွင် ဦးဂုဏ်ထည် အနောက်တိုင်းဝတ်စုံနှင့် သပ်ရပ်ခန့်ညားစွာထိုင်နေသည်။

သူ၏ လက်ဝဲဘက်တွင် ဦးဂုဏ်ထည်၏ တစ်ဦးတည်းသော အတွင်းရေးမှူးမလေး မိုးမေဓိမမ ရှိသည်။

သူ၏လက်ယာဘက်တွင်ဦးဂုဏ်ထည်၏တစ်ဦး တည်းသော ဆော်ဒီဂတ်ကိုယ်ရံတော် အထွေထွေမန်နေဂျာပီအေ အာရဖွန်ရိန်းဂျား ရှိသည်။

ဦးဂုဏ်ထည်ထံမှ သြဇာသံသြောင်းသောအသံ ထွက်လာသည်။

'အလုပ်ကိစ္စကလွဲပြီး တင်ပြစရာရှိတာ တင်ပြကြ'

မိုးမေဓိမမ အရင်ဆုံး အစီရင်ခံသည်။

'ကျော်ဇောမောင်နဲ့သန္တာဝင့်ထည်အကြောင်းကို ပြောပြပါ့မယ်၊ သူတို့နှစ်ဦးကလင်မယားဖြစ်ပြီး (၆)လအကြာ စီးပွားရေးအခြေအနေ တိုးတက်ကောင်းမွန်လာခဲ့ပါတယ်၊ ကျော်ဇောမောင်အခုလက်ရှိ အငယ်တန်းစာရေးနေရာကနေ အကြီးတန်းစာရေးရာထူးတိုးသွားပါတယ်'

'အလတ်တန်းစာရေးကို ကျော်လွှန်သွားတာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



အာရုဖွန်ရိန်းဂျားကဝင်ပြောသည်။ မိုးမေဓီမမက လက်ပြပြီး။

'အခြားဝင်ငွေတွေအရ သူတို့တင်ပိုင်တနိုင်စိုက်ပျိုးထားတဲ့ ဘူးစင်ကလေးဟာလည်း ဝေဆာလှပါတယ်၊ ကျန်တဲ့သီးပင်စားပင် လေးတွေလည်း အထိုက်အလျောက်ရှင်သန်ပါတယ်၊ ဟင်းစားဖို့ အတွက် စိုက်ခင်းထဲဆင်းရုံမို့ မီးဖိုချောင်စရိတ် သက်သာလှပါတယ်။ သူတို့လင်မယားဟာတစ်ပတ်ကို အသားတင်ဝင် ငွေတော်တော်ထွက်လာပါတယ်ရှင်၊ ဒီတော့ကာ လစာဆိုတာကအပိုစု ဝင်ငွေ ဖြစ်နေပါပြီ၊ သီးပင်စားပင်တင်မက မွေးမြူရေးပါလုပ်နေ ပါပြီ'

'မြန်လိုက်တာ ခေတ်လူငယ်တွေများ'

ဦးဂုဏ်ထည် မျက်လုံးပြူးသွားတော့တာပေါ့။

'တလွဲဆံပင်မကောင်းပါရန့်ကျွန်မကြိုတင်မေတ္တာရပ်ခံအပ်ပါတယ်၊ မွေးမြူရေးဆိုသည်က ကြက်သားမတစ်အုပ်နှင့်ဝက်တစ်ကောင်မွေး ထားသည်ကို ဆိုလိုပါတယ်'

ဦးဂုဏ်ထည် သက်ပြင်းပိစိလေးချလိုက်သည်။

'သမီးလေးတို့တောင် တော်တော်အဆင်ပြေနေကြပြီပဲ၊ ကောင်းပါတယ်လေ၊ဘဝတစ်ခုကိုတည်ဆောက်နိုင်တဲ့သမီးကို အဖေ ချီးကျူးနေပါတယ်'

'ဆက်လက်တင်ပြစရာရှိပါသေးတယ်၊ ဘောစ့်…'

'အရေးကြီးတာတွေဘဲပြော'

အာရုဖွန်ရိန်ဂျားက မိုးမေဓီမမကို မျက်စောင်းထိုးသည်။

'အချစ်တစ်ခုကိုတည်ဆောက်ဖို့ကြိုးစားနေကြတဲ့ ကျူးပစ် ဂျွန်နှင့် ကျေးစေဂြိုဟ်သားတို့အကြောင်းပါ'



www.burmeseclassic.com

www.burmeseclassic.com



'ဘာ… '

ဦးဂုဏ်ထည် မတ်တတ်ထရပ်လိုက်သည်။

'ဒီနှစ်ကောင်အကြောင်း မြန်မြန်ပြောစမ်း… '

မိုးမေမီမမျက်မှန်အထူကြီးကို ချိန်ဆရင်းပြောသည်။ မိုးမေမီမမ ပြောပြသောအကြောင်းအရာတွေကားအခြားမဟုတ်။ ထင်လတ်နှင့်ခိုင်ဝေတို့မှာ ချစ်သူတွေကိုယ်စီ မကြာခင်ရရှိတော့မည် ဖြစ်ကြောင်း စသည့်အကြောင်းအရာတွေပင်။

'တောက်…ဒီသဘောက်မသားအကောင်တွေရဲ့ ကောင်းသတင်းတွေ မကြားချင်ဘူး '

ဦးဂုဏ်ထည် ဒေါသတွေထွက်နေသည်။

'ငါ့သမီးကို အောင်သွယ်လုပ်တာထက် ငါ့ကိုကလိသွားတာကို ငါအခံပြင်းဆုံးဘဲ၊ ဒီနှစ်ကောင်ကို ငါဒီတစ်သက်မကျေဘူးဟေ့… ဒီကောင်တွေကိုပညာပေးရမယ်'

'အာစရိက ဘယ်လိုလုပ်စေချင်တာလဲ'

'ဟင်း…ဟင်း…ဒီကောင်နှစ်ကောင်ကိုအချစ်ရေး ကိစ္စတွေမှာအနှောင့်အယှက်ပေးရမယ်၊ အတားအဆီးတွေလုပ်ရမယ်၊ ကမောက်ကမတွေ ဖြစ်အောင်လုပ်ရမယ်…'

အာရဖွန်ရိန်းဂျား နှင့် မိုးမေမီမမတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။

'ဒီတော့ကာ… အာရဖွန်ရိန်းဂျား…'

'ရက်စ်… ဘော့စ်…'

'ကျူးပစ်ဂဠုန်နဲ့ ကျေးစေဂြိုဟ်သားတို့ ကြောင်နေတဲ့ကောင်မလေးတွေရဲ့ အကြောင်းစုံကိုပြည့်ပြည့်စုံစုံထောက်လှမ်း စုံစမ်း



www.burmeseclassic.com

www.burmeseclassic.com



ခဲ့၊လိုအပ်ရင်ခေတ်ပုံသက်သေအထောက်အထားနဲ့တကွ ယူဆောင်လာခဲ့၊ မင်းကိုယ်မင်း စိတ်ချရပါ့မယ်လို့အပြည့်အဝအာမခံရဲသလား'

'ရက်စ်… ဘော့စ်…'

'မိုးမေဓီမမ… ဒီစစ်ဆင်ရေးကိုအမည်ပေး'

'ရက်စ်… ဘော့စ်… ကျွန်မအမည်ပေးပါမယ်'

'ရင်ခုန်သံမြေစိုက်စစ်ဆင်ရေးပါ'

'ဗွတ်စ်… ဗွတ်စ်…'

ဦးဂုဏ်ထည် မျက်နှာကြီးပြုံးဖြဲဖြဲ ဖြစ်နေသည်။

❖

'ကျုံးပစ်ဂျွန်ကို သိလား'

'ကျေးစေဂြိုဟ်သားကို သိလား'

အမေးခံရတဲ့ ကျောင်းသားကျောင်းသူ မှန်သမျှ သူ့ကို အထူးအဆန်း အထင်တသေးကြည့်သွားကြသည်။ ဘာလာကြောင်တာလဲ ဆိုတဲ့အဓိပ္ပါယ် သက်ရောက်သောမျက်နှာပေးအစုံအလင်ဖြင့်ပင် ကြည့်ကာ အဖက်လုပ်ရမှာရွံ့ရှာလှစွာ ဝေါင်ဝေါင်ရှေး၍ဝေးဝေးရှောင်ကာ လစ်သွားကုန်ကြသည်။ မေးပုံမြန်းပုံကိုက ဟုတ်မှမဟုတ်တာ။ ကြယ်စင်ဟိန်းကို သိလားဆိုရင် တော်သေးတယ်။ အန်ကယ်လ်ဂျမ်းဆိုရင်လည်း ဒွဲရှူးဝါး ပြန်ဖြေလို့ရသေးတယ်။ ဟိုက်ကိစ္စ ကြားပြီးပြီလားဆိုရင်လည်း ကြေငြာထဲကလို လာနောက်မနေနဲ့ဆိုပြီး ပြန်ဟောင်လို့ ရသေးသည်။ အခုဟာကြီးက ကျုံးပစ်ဂျွန်နဲ့ကျေးစေဂြိုဟ်သားတဲ့။ ကျောင်းထဲမှာ ဒီလောက် ကျောင်းသားတွေပုရွက်အုံလိုများပြားလှတာ သူမေးတဲ့ သူ့ဘကြီးတွေကို ဘယ်သိမှာလဲနော့။



www.burmeseclassic.com

www.burmeseclassic.com



ဟိုဟိုဒီဒီ မျက်လုံးကစားကြည့်တော့မှ ကင်န်တင်းထဲမှာ ဗီဇ မပျောက်ဘဲ ဇရတ်ကျနေသည့် ဒီနှစ်ကောင်ကို သွားတွေ့လေရဲ့။ စိန်လက်စွပ်တစ်ကွင်းကို သံပုရာခွက်ထဲထည့်စိမ်ကာ လာသမျှလူ စေတနာ မွှန်ထူစွာခေါ်တိုက်နေသည်။

'အာကြီး… လာလေကွာ၊ စိန်သံပုရာလေးသောက်သွားဦး လေကွာ၊ ဘောကန်ရတာ အမောပြေတယ်ကွ'

'ရဲကြီးနဲ့အစိုင်း လာလေကွာ၊ ငါတို့ ကုသိုလ်ယူနေတာ ဒါန မြောက်သွားအောင် လုပ်ပါဦးကွ'

မြင်သမျှတွေ့သမျှလူလန့်ဖြန့်ပြီး ရှောင်ကွင်းသွားကြရသည်။ အချောင်အုပ်ရန်အမြဲချောင်းနေတတ်သူများပင် နှုတ်ခမ်းဝနား ရောက် လာသော ဖန်ခွက်ထဲမှသံပုရာခြမ်းနှင့် စိန်လက်စွပ်မြင်ပြီး မျက်လုံးပြူး ကြရသည်။ မျက်နှာချိုသွေးကာ ရှုးသလိုကြောင်သလိုဖြင့် ခွက်ပြန် ချပြီး လှည့်ပြေးကြရလေပြီ။ သိမ်ပြီး အကျင့်တန်တဲ့ကောင်တွေ။ လူတစ်ဖက်သားကို ဒုက္ခပေးရရင် စားဝင်အိပ်ပျော်လို့၊ သူတို့ကျတော့ သံပုရာရည်သန့်သန့် ကိုယ်စီမြည်းစုပ်နေကြသည်မှာ မနာလိုဖွယ်ရာ ကောင်းလှသည်။

အာရဖွန် အနီးစားပွဲမှကျောင်းသားတချို့ကို ကပ်မေးကြည့် သည်။ စပ်စပ်စုစုပေါ့။

'အဲဒီနှစ်ယောက်ကို ခင်ဗျားတို့သိလား'

'သိစရာမလိုလို့ မသိပါဘူးဗျာ'

'ဟာမ်…'

ကြောင် ကလိကလိဖြစ်သွားရပါရောလား။ သူ့အမူအရာကို ကြည့်ကာ ကျောင်းသားတစ်စုနှာခေါင်းရှုံ့ကြ တံတွေးပျစ်ကနဲ ထွေး ကြနဲ့ သရော်တော်တော်ကို ဖြစ်ကုန်ပါရောလား။



www.burmeseclassic.com

www.burmeseclassic.com



'အလကား ဆကာမလ တွေပါဗျာ'

'ဆန်ဖရန့်စစ္စကိုနဲ့ မော်လဒိုက်တွေလား'

'ဖွတ်ထွီး ဘယ်ကလာဆန်ကုန်မြေလေးကိုပြောတာ ခင်ဗျား ကလည်း ဝေးပါ၊ ဘာမှ အထင့်ကြီးစရာမရှိဘူး၊ ခင်ဗျားလို ငပိန်း တွေချည်းပဲ'

'အယ်…'

ကိုယ့်ရှူးကိုယ်ပတ်တော့တာပဲ။ စိတ်ဝင်စားဖွယ်မကောင်း တာကိုမှ စိတ်ဝင်စားမိလောက်အောင် သူကိုယ်၌ကိုယ်က တုံးတုံးအအ ကြီးဖြစ်နေမှကိုး။

'အစွမ်းအစမရှိတော့ ကျောင်းထဲမှာ ထင်ထင်ပေါ်ပေါ်ဖြစ် အောင် ပေါက်ကရကြောင်ကွက်တွေ လျှောက်လုပ်နေတာပါဗျာ၊ အဖက်လုပ်လောက်စရာ မဟုတ်ပါဘူး'

'ဖလော်ကဂေါက်စ်တွေပါဗျာ ထင်လတ်နဲ့ခိုင်ဝေတို့၊ ရင်မခုန် လို့ စာရင်းကိုသွင်းမထားဘူး'

'သူတို့ရဲ့ အရေးပါမှုက အဲ့လောက်တောင်ပဲလား'

ကျောင်းသားတစ်ယောက်က ပြုံးပြုံးပျာပျာ အခွေအရာနဲ့ အသည်းအသန်ခေါင်းခါပြသည်။

'ဒါ့ထက်တောင် ပိုသေး'

အာရဖွန် တော်တော်ကလေး စိတ်ပိန်သွားသည်။ သက်ပြင်း မောကြီးသာ မှုတ်ထုတ်မိတော့သည်။ လုပ်ပွဲကန်နေတာကို ထိုင်ကြည့် ရင်း အိပ်ငိုက်ရသူလို ဖြစ်ရလေပြီ။ တစ်ကျောင်းလုံး ဘယ်သူမှ အဖက်မလုပ်သူ၊ ဖယ်ကျဉ်ထားသူ နှစ်ယောက်ကိုမှ သိချင်ခဲ့သော သူ့ခမျာ…။



www.burmeseclassic.com

www.burmeseclassic.com



ခွန်ရှစ်လမ်းဆုံမှာ ဝေ့လည်ကြောင်ပတ်လုပ်နေသော ဝတ်နှစ်ကောင်ကို မမြင်ဟန်ဆောင်၍ အာရဖွန်ဝင်တိုက်လိုက်သည်။ ကတုန်ကယင်ဆာလောင်နေသောပုံစံဖြင့်။ စကားတပြောပြော လျှောက်လာသောထင်လတ်နှင့်ခိုင်ဝေကြား ဝင်တိုးလိုက်ခြင်းပင်။ နှစ်ယောက်သား ရုတ်တရက်ကြောင်ပြီး ဘယ်ညာပခုံးကိုကိုင်ကာ ကြည့်သည်။

'ညီလေးတို့ ဒီ... ဒီ... ဒီနား.... ဟား မှာ ရှပ်ဘိရှိလား'

'ရှိ.. ရှိ.. ရှိ ပါပြီကော ရှပ်.. ရှပ်.. ရှပ်.. ဟာ.. ဟပ်ဘိ ဟဟိ..'

သူ့လိုပဲ တုန်တုန်ရီရီလေသံဖြင့် နောက်နောက်ပြောင်ပြောင်ပြန်ဖြေလေသည်။ ဆင်ထားတဲ့ ဂွင်ကိုတော့ဝင်လာပြီပေါ့လေ။ အချီကြီး ကိုင်ရတော့မည်။

'ကိုယ့်ကို လိုက်ပို့ပါလားကွာ၊ ကိုယ်ဘယ်လိုမှမရတော့ဘူး၊ ကိုယ့်ဒေသမဟုတ်တော့မျက်စေ့လည် ဟယ် ဟယ်လည်နေ နေလို့ပါကွာ'

'ဟာဗျာ... ခင်ဗျားကလည်း လမ်းညွှန်ပေးလိုက်မယ်'

'ရပ်ဝေးကလာတဲ့ဧည့်သည်မို့ပါကွာ၊ မနောက်ပါနဲ့ ကိုယ်ဒီမှာ လည်နေတာ သုံးခါရှိပါပြီ'

အပေးအယူက မတည့်ဘူး ဖြစ်နေသေးသည်။ ဒီငကြောင်နှစ်ကောင် အဲ့ဒါကြောင့်လည်း ဘယ်သူမှ ဖက်လဲတကင်းအရောတဝင်မရှိတာ။ အရိပ်ပြလို့ အကောင်မမြင် ဝေးလည်းဝေးတဲ့ကောင်တွေ။ ကျားကိုက်ပါတယ်ဆိုမှ အပေါက်လေးနဲ့လားလို့ မေးနေရသေးတယ်လို့။

www.burmeseclassic.com



'ဒီလိုတော့ဘယ်ရမလဲ၊ ကျုပ်တို့က ခြေညောင်းခံပြီးနောက်ကြောင်းပြန်လျှောက်ရမှာဗျ၊ ကျုပ်တို့ကိုဝန်ဆောင်မှုစရိတ်တော့ ပေးမှဖြစ်မယ်ဗျာ၊ ဘယ်လိုလဲ'

'ဟာ… ပေးမယ်၊ ပေးမယ်၊ ဘာယူမလဲ၊ ကိုယ့်မှာ မုဆိုးဖိုအဖေကြီးနဲ့ ညီအကို (၆)ယောက်ရှိတယ်'

'ဖွတ်… ထွီး… ခင်ဗျား အစ်ကိုတွေ ကျုပ်တို့က ဘာလုပ်ရမှာလဲ အလှပြင်ဆိုင်ဖွင့်စားရမှာလား၊ ကျုပ်တို့ဝန်ဆောင်ခ ဆိုတာက ဝမ်းတေဘယ်လ် ခင်ဗျားနဲ့အတူ ပျော်ပျော်မော့ချင်တာဗျ၊ ဟား… ဟား…'

'သိပ်ရတာပေါ့၊ ဒါလေးများ လာသွားစို့'

အခုမှပဲ ရောင်းသူဝယ်သူအသံတူ ဖြစ်သွားတော့သည်။ ဝုလင်းတူဘူးဆို့ ကြွက်တွင်းများအချင်းချင်း အကြောင်းသင့်ကာ တက်ကြွသောခြေလှမ်းများဖြင့် ကြွလှမ်းလေတော့သည်။ တရင်းတနှီးချဉ်းကပ်ရတော့မည်မို့ အာရုဖွန် ကျေနပ်သွားရလေပြီ။

'ခင်ဗျားနာမည် အာရုဖွန် ဟုတ်တယ်နော်'

သူ ပါးစပ်အပေါင်းသားနဲ့ ၁တိနှစ်ကောင်ကို ကြည့်မိကာ ငုတ်တုတ်မေ့သွားရလေသည်။ သူက မူးအောင်တိုက်ပြီးမှ ငနဲသားနှစ်ကောင်ထံမှ အစ်အောက်ကျပ်လိုက်ကာ စကားနှိုက်ထုတ်ရန် ဟန်ပြင်တုန်းရှိသေး၊ မြွေပတုတ် မချိမဆန့်ကိုက်နှစ်ကောင်က သူ့နာမည်ပင် သိနေကြချေပြီ။ ရှုးချင်ကြောင်ချင်စိတ်ပင် ရုတ်တရက်ဝင်လာရသည်။

'ဟုတ်ပါတယ်၊ ခင်ဗျားက အာရုဖွန်ရုပ်ကြီးနဲ့တူလို့ တစ်ရုံးလုံးက အာရုဖွန်လို့ခေါ်တာ၊ နောက်ပြီးတော့ ခင်ဗျား ပင်ဝယ်ကမ်းခြေ



www.burmeseclassic.com

www.burmeseclassic.com



မှာ ဂလိုက်ဒါစီးရင်း ဘီကာနီလေးတွေ၊ လည်ပတ်ကွက်တွေကို ငေးမိတာ အုန်းပင်နဲ့ ဝင်တိုက်တယ်လေ၊ အဲဒီကစပြီး ခင်ဗျား နာမည်တွင်တာ ပဲ'

'ဟုတ်တယ်၊ အဲဒီမှာ ခင်ဗျား အာရဂွန်ကနေ အာရဖျ ဖြစ်ကရောပဲလေ၊ တမဟုတ်ချင်း ကြော်ကြားလို့'

မစင်မှန်သွားတဲ့မျက်နှာလို သူ ရှုံ့မဲ့သွားရပြန်ပြီ။ သူ့ဘိုင်အ ဂရပ်ဖီကိုတောင်ခြေခြေမြစ်မြစ် မြေလှန်နှေကြလေပြီ။ ငါးမောင်း လောက်ထားပြီး ပွဲဦးထွက်မောင်းကတည်းက ဝက်ဝက်ကွဲသလို အီစိန် ပွမ်ရလေပြီ။

'ဘယ်လိုလဲဗျ၊ ခင်ဗျားရဲ့ဂုဏ်သရေရှိ ဆရာသမားကြီး ဦးဂုဏ်ထည် ရောနေကောင်းရဲ့ မဟုတ်လား'

'ဟိုက်··· ရှားစောင်းလက်ပတ်ရည် '

လက်စသတ်တော့ သကောင့်သားနှစ်ကောင်ကသူ့အကြောင်း ကိုပါ ကြိုတင်မြေလှန်ထားနှင့်ပြီးသားကိုး။ သွားရှာပြီ။ တစ်သက်လုံး ဖုံးသမျှကုန်းကွမှ ပေါ်ရချေပြီ။ တော်တော်လူလည်ကျတဲ့ကောင်တွေ၊ သူ့မှာ မောပန်းနွမ်းလျအောင် ဝိဝိရိရိလိမ်လိုက်ရတာ။ အခုတော့သွား ပါပြီ။ ဝမ်းတေဘယ်လ်ဖိုး ရင်းသမျှ ရင်းရကျိုးကို မနပ်တော့ဘူး။ ဆိုင်အောက်ကမြောင်းမှာ နှာခေါင်းဖော်ပြီး သေချင်စော်ကို နံလို့ပါပဲ။

'ခင်ဗျားကမှ ပေးကမ်းရက်ရောခြင်းနဲ့ပြည့်စုံလို့ ဂုဏ်သရေ ရှိ၊ မာန်မာနရှင်ရပ်ပေါက်သေးတယ်၊ ဟိုအဖိုးကြီးကခင်ဗျားလောက် တောင် မထည်ဝါပါဘူးဗျာ'

ဦးဂုဏ်ထည်နှင့်သူ့ကိုပင် လှည့်ပြီး ရန်တိုက်ပေးလိုက်သေး သည်။ ဟန်မပျက်ထိုင်နေရပေမဲ့ ရှုတင်းတင်းတော့ ဖြစ်မိတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ပေါ်ဟိုဒင်းကျောတာခံရခက်သား မဟုတ်လား။ လက်သီးကို စားပွဲအောက်ဝှက်ကာ ကျစ်ကျစ်ပါအောင်ဆုပ်ပြီး အံကျိတ်ပြုံးရတာကသည်း အကြိမ်ကြိမ်အခါခါပင်။

'ကျေးဇူးပဲဗျာ၊ ဘာတဲ့ ကိုအာရဖွန်၊ ခင်ဗျား နောက်ကိုလည်း ကျုပ်တို့နောက်ကျောကကြွက်သားတွေ လိုက်ငေးပြီးတကောက်ကောက်သရေယိုပြီး လိုက်ပေါ့ဗျာ၊ ဟဲ··· ဟဲ··· ခင်ဗျားနဲ့ ပြောဆိုရောနှောပြီး သောက်စားရတာ အူစိုတယ်ဗျာ'

တော်တော်မျက်နှာပြောင်တိုက်တဲ့ကောင်တွေ၊ မြွေမြွေချင်းခြေကိုမြင်တာများ အရွဲ့တိုက်နေလိုက်ကြတာ။ မခံချိမခံသာဖွယ်ရာ၊ 'ဒူးမနာကောင်နဲ့ ဝမ်းမနာမ စပ်ကျပြီး မွေးလာတဲ့ကောင်တွေ' ဟုသာ ကြိတ်ပြီး ဒေါသနာပြုမိသည်။

❖



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၈)

'ဆွေသီခင်… ဒီနေ့ ကိုယ့်ကို အဖြေပေးတော့ မယ်ဆို'

မှန်ရှေ့မှာတစ်ယောက်တည်း အရူးထနေသူက ထင်လတ်။ သူ ဒီနေ့ မှိုရသလိုပျော်နေပြီ။ ဆွေသီခင်ကလာမဲ့ တနင်္ဂနွေနေ့ တွေ့နေကျနေရာမှာ တွေ့ရင်အဖြေပေးမည်ဟု ပြောဆိုခဲ့တာကိုး။

တစ်ခါမှ ရည်းစားမထားဘူးသော ထင်လတ်တစ်ယောက် မကြုံစဖူး ရင်ခုန်သံတွေ ဒိန်းတပ်တပ်ဖြစ်နေပြီ။ 'အို… အသင်လောက၊ အများအကျိုးဆောင် ကိုယ့်အကျိုးအောင်ဆိုသော စကားကို ချိုးကျူးပါလေ၏။' ထင်လတ်ပြင်ဆင်လိုက်တာ ကိုရီးယားမင်းသား အသွင်ပေါ့။ မျက်နှာကဖွေးနေသလို ဆံပင်ကလည်း တောက်ပြောင်နေ၏။ ရေမွှေးနံ့ကလည်း တထောင်းထောင်းထနေ၏။

အဆိုတစ်ခု သူ ကြားဖူးထားသည်။ ဘယ်သူ့ဆီကလည်း မသိ။ 'ချစ်သူမဖြစ်ခင် ချိန်းရင် အစောကြီးရောက်အောင်သွားသင့်သည်။ ချစ်သူဖြစ်ပြီးသွားလျှင် ချစ်သူချိန်းတဲ့အခါ နောက်ကျမှ ရောက်အောင် သွားသင့်သည်။'

ထင်လတ်အဖို့ အချိန်က အခြားနေရာမှာသာ ထိကျမှုမရှိ။ ဒီနေရာမျိုးကျ တိတိကျကျ ရှိရမည်။



www.burmeseclassic.com

www.burmeseclassic.com



ချိန်းထားသောကော်ဖီဆိုင်မှာ ထင်လတ် စောရောက်ပေမဲ့လည်း ဆွေသီခင်မရောက်သေး။ ဖြစ်ချင်တော့ ကော်ဖီဆိုင်ကဆိုင်ရှင်အသွားကြီးဆုံးသွား၍ နာရေးပို့ဆောင်မည်ဖြစ်သဖြင့် ဆိုင်မဖွင့်။ စားပွဲထိုးလေးတွေက ထင်လတ်ကို နာရေးလိုက်ပို့မည်ထင်ပြီး ယပ်တောင်တစ်ချောင်းနှင့် ရေသန့်ဗူးတစ်ဗူး လာပေးသည်။

ထင်လတ်လည်း ဘုမသိဘမသိဖြင့် စောင့်နေရရှာသည်။ ရေဝေးမီးက (၁)နာရီမီး။ နာရေးယာဉ်တွေက ၁၂ နာရီခွဲထွက်တော့မည်။ ဆွေသီခင်က မလာသေး။

'ကဲ... ကားပေါ်တက်ကြဟေ့...'

နာရေးပို့ယာဉ်တွေက ထွက်တော့မည်။

'အစ်ကို... တက်လေ'

ထင်လတ်လည်း ဘီအမ်တစ်စီးပေါ် တက်လိုက်မိသည်။

'ဒုက္ခပဲ... ငါတော့ ပြဿနာပဲ... ဆွေသီခင်နဲ့ လွဲသွားရင်သေပြီ'

ကားတွေကလမ်းချိုးလေးအကွေ့ ထင်လတ်တစ်ယောက်ဆွေသီခင်ကို ဖျတ်ခနဲ လှမ်းတွေ့လိုက်သည်။

'ဟာ... ဆွေသီခင်'

မထူးတော့ပြီ၊ ကားဆရာကို ရပ်ခိုင်းရသည်။

'ဟိုးထား... ဆရာ... ဟိုမှာ တစ်ယောက်လိုက်မလို့'

ကားပေါ်က လူတွေက ဝိုင်းကြည့်ကြသည်။

'ဆွေသီခင်... ဒီကို မြန်မြန်လာ နေရာဦးထားတယ်'

ထင်လတ် မထင်မှတ်ဘဲ စကားလောကာ များသွားသည်။ ဆွေသီခင် ကားပေါ်တက်လာသည်။ မျက်နှာထားတော်က ညို့မှောင်မှောင်နှင့်။



www.burmeseclassic.com

www.burmeseclassic.com



'ဆွေ… ဘာဖြစ်လို့ နောက်ကျရတာလဲ'

'နာရေးတစ်ခု လိုက်ပို့နေရလို့'

'ဟာ… ခုလည်းနာရေးပို့ သွားရမှာပဲလေ'

'တော်ပြီ… ရှင်ဆက်မပြောနဲ့တော့၊ ပြီးမှဆက်ပြောမယ်၊ လောလောဆယ် ကျွန်မ စိတ်တိုနေတယ်'

ထင်လတ် ခေါင်းကုတ်သွားသည်။ အချို့သူဘွေက တစ်နေ့တည်းနဲ့ နာရေးနှစ်ခါ လိုက်မပို့ချင်တတ်။ ဆွေသီခင် စိတ်ဆိုးသွားပြီလား မသိဘူး။

ရေဝေးရောက်တော့ ဆိုင်ရှင်အဘွားကြီးအလောင်းကို မီးသဂြိုဟ်စက်ထဲ ထည့်လေသည်။ ဆိုင်ရှင်ကိုဝင်းသိန်းက ငိုပါလေရော။ လူက နဂိုကမှ ပျော့နဲ့နဲ့ရယ်ငိုသံက စူးစူးရှရှလေးနဲ့ ပိပိသသ။

'ကိုဝင်းသိန်း တရားနဲ့ဖြေပေါ့ဗျာ'

ထင်လတ်က မနေတတ်သူပီပီ ဝင်ထိန်းရသည်။

'မဖြေနိုင်ဘူး… ဟီး ဟီး ဟီး… အမေရဲ့… အမေ့သမီးနဲ့သဘောတူထားတဲ့ အမေ့သားမက်ကလေး ရောက်နေပြီလေ၊ ထကြည့်ပါဦး'

'ဟာ… မှားနေပြီ'

'အမေရဲ့၊ အမေ့သားမက်လေး ကျွန်တော့်ယောက်ဖ ရောက်နေပြီလေ'

ကိုဝင်းသိန်းက မွန်ထူပြီးလူမှားကာ အသံပြဲကြီးနဲ့ အော်နေသည်။ ဆွေသီခင်ကမထင်မှတ်ဘဲ မဟုတ်ကဟုတ်ကကို အထအနနှင့် ကောက်မိသည်။

နာရေးပို့ပြီး ကော်ဖီဆိုင်ကိုပြန်လာခဲ့ကြသည်။ ထင်လတ် မျက်နှာချိုသွေးရသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဆွေ… ကိုယ့်ကို ဒီနေ့ အဖြေပေးမယ်ဆို'

'မပေးတော့ဘူး တစ်သက်လုံး မပေးတော့ဘူး'

'ဟာ… ဘယ်လိုဖြစ်တာတုန်း၊ ကိုယ်ဘာတွေအမှား လုပ်နေလို့လဲ'

'ရှင်ကလေ လက်ပူးလက်ကြပ်မိတာတောင် မုန်လာဥလုပ်ချင်သေး၊ ဒါကြောင့် ဒီကော်ဖီဆိုင်ကို ခဏခဏလာနေတာကိုး၊ ရှင့်ဘာသာရှင် ဆိုင်ရှင်မိန်းမကို အဖြေသွားတောင်း ကျွန်မဆီ ဘယ်တော့မှ မလာခဲ့နဲ့'

'ဟာ… မဟုတ်ဘူး… မှားကုန်ပြီ… ရှုပ်ကုန်ပြီ၊ အဲဒါ ဘာမှမဆိုင်ဘူး၊ သပ်သပ်စီ'

'တော်တော့် ဆက်မပြောနဲ့'

ဆွေသီခင် ဝိတ်ဟောက်လိုက်သည်။

'ကိုယ် ရှင်းပြပါရစေ ဆွေရယ်..'

'ဘာမှ မရှင်းပြနဲ့တော့နော်၊ ဒါကြောင့် ဒီနှာရေး လိုက်ပို့ခဲ့တာ အဖြေကရှင်းနေပြီ'

'ဒါ လမ်းကြုံလို့'

'တော်ပြီ၊ ဘာမှဆက်မပြောနဲ့တော့၊ ရှင့်ကို ကျွန်မတစ်ခုပြောမယ်၊ ကျွန်မပေးမယ့်အဖြေက ငါးရံ့နှစ်ကောင်ဖမ်းချင်တဲ့ ရှင့်အတွက် မရှိတော့ဘူး'

'မဟုတ်သေးဘူး'

'ဟုတ်ကိုဟုတ်တယ်၊ ရှင် ကျွန်မနောက်ကို ဆက်လိုက်မလာနဲ့၊ ဒီမှာ ရှင့်ကိုပေးမယ့်အဖြေစာရွက်ကို ဟောဒီလိုဝဲပစ်လိုက်ပြီ'

ဆွေသီခင်က စာရွက်ကလေးကို လွှင့်ပစ်လိုက်သည်။ထင်လတ်က စာရွက်ကို အတင်းလိုက်ဖမ်းရာ မထင်မှတ်ဘဲ..။



www.burmeseclassic.com

www.burmeseclassic.com



'ဟာ… တိုက်ပြီ'

'ဘုန်း…'

ထင်လတ် ကားတိုက်ခံလိုက်ရသည်။ ဒါပေမဲ့ ဘီးလေးဘီး ပါသောကားမဟုတ်။ ဘီးသုံးဘီး ပါသောကား။

သုံးဘီး Taxi မဟုတ်ပါ။ ရန်ကုန်ဖြစ်နေ၍ တိုက်သောကားမှာ ဆိုက်ကား။

❖

'စိတ်ချလက်ချ ယူလိုက်ပါ သရဖီလေးရယ်၊ ဒီတစ်ခါ နောက်တာပြောင်တာ တစ်ခုမှမပါတဲ့ ရိုးရိုးသားသား ရည်းစားစာပါ'

'ဟွန့်… ဘယ်နှာကြီးမှန်းကို မသိဘူး၊ ရည်းစားစာပါ ဆိုနေမှ ဘယ်လိုလုပ် ရိုးသားရမှာလဲ'

'အရိုးသားဆုံး နှလုံးသား ဝန်ခံချက်မို့လေ'

စာကို အတင်းထိုးပေးနေတာက လူမြင်ကွင်းမှာ။ သူ့ပုံစံက ရှတ်တရွတ်ဟန်ပန်ကြီး တစ်လက်မမှနောက်မဆုတ်မည့်ပုံပင်။ ဘေးဘီ ဝဲယာအရှေ့အနောက် လူတွေသိပ်မရိပ်မိခင် အမြန်ယူကာ လွယ်အိတ် ထဲထိုးထည့်လိုက်ရသည်။ ရက်ရက်နဲ့ မထူးပါဘူး။ အရှက်ကြီးကွဲခံ ရမည့်အစား ရိုးရိုးယဉ်ယဉ် ဖုံးဖုံးဖိဖိလေးပဲ ရှက်လိုက်ရတာပေါ့။ နှလုံးသားကတော့ ပန်းသီးလေးတစ်လုံးလို ရှပ်လှီးခံရချေပြီ။ လူကြား ထဲချည်ပြီးတုပ်ပြီး မလှုပ်သာမလူးသာအောင် နှလုံးသားကို အနိုင်ကျင့် သွားတာ။

'ကို… သရဖီရဲ့သဘောထားကို စောင့်မျှော်နေမယ်နော်၊ ကိုယ့်ကို တစ်စုံတစ်ရာတော့ အကြောင်းပြန်ပါ'



www.burmeseclassic.com

www.burmeseclassic.com



'ပေးမယ်လေ တစ်စုံတစ်ရာကတော့ အခုချက်ချင်း ပေးရပါတယ်၊ လက်ဖြန့်လိုက်'

ယောင်တောင်ပေါင်တောင်ဖြင့် ခိုင်ဝေ လက်ဖြန့်မိလေသည်။ ဒီတော့မှ ပါးစပ်ထဲမှာ ထောင်းလမောင်းကျေ ပျော့လဖတ်လိုက်အောင်ဝါးခံထားရသော ဝါးပြီးထွေးထုတ်ချွင်းဂန်းကို တစ်ရှူးနှင့်ထုပ်၍ ထည့်ပေးလေသည်။ လည်ချောင်းဝမှာ အော်ဂလီဆန်ပျို့တက်ပေမဲ့ မနည်းမျိုသိပ်ဟန်ဆောင်လိုက်ရတာပေါ့။ ဒါ အမှတ်ပေးဖို့စမ်းသပ် ချက်ဖြစ်ကောင်းဖြစ်နေနိုင်လို့ပဲလေ။ မချိုပြုံးလေးပြုံးကာ ပြန်မေးရတော့သည်။

'ဒါကို ကိုယ်က ဘာလုပ်ရမှာလဲဟင်'

'ရှင်ပဲ တစ်စုံတစ်ရာ ပြန်ပေးဆို၊ ကျွန်မ ပေးနိုင်တာပေးတာပဲ၊ ရှင့်ဟာရှင် ဆက်ဝါးချင်ဝါးလေ'

သွားရှာပြီ။ သူ့ကို ဝေါ်ကြီးကျသွားရည်ယိုများ ထင်နေပြီလားမသိ။ မနိုင်လိုက်တာ။ ကြယ်တွေကြွေအောင် ပြုလုပ်ပေးသော တစ်စုံတစ်ရာဟာ သူ့ခေတ်ကျမှ ဖွတ်ဖွတ်ညက်ညက် ပျော့လဖတ် ပီကေဖြစ်ရတယ်လို့။ အေးလေ… သူကိုယ်တိုင်က အနေအထိုင်မတတ် လျှာရှည်ပြီး တစ်စုံတစ်ရာသွားတောင်မိတာကိုး။ တစ်ရှူးနဲ့ အသေအချာလုံးထုပ်ပြီး အိပ်ကပ်ထဲ ထည့်လာခဲ့သည်။ သူမရဲ့ စွန့်ပစ်ပစ္စည်းကိုတောင်မှ မြတ်နိုးယုယစွာတန်ဖိုးထားမယ့် အပေါက်မျိုးပေါ့။ မအီမလည်ဖြစ်သွားရှာတဲ့ သူ့ကို ကြည့်ပြီးတော့လည်း သရဖီက သဘောတကျရယ်ပါသေးသည်။ ရယ်နိုင်တုန်း ရယ်ထားဦးပေါ့။ လက်ခံသိရောက်လာမှ အဲဒီရေကို လက်ဆေးရည်လုပ်ပြီး အချိုမှုန့် ခပ်သောက်ပစ်မယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီအကြောင်းတွေကို အားတက်သရော ထင်လတ်နဲ့ ကျော်ဇော မောင်ကို ပြန်ကြွားတော့ နှာခေါင်းရှုံ့တာ ခေါင်းခါကြသည်။

'မင်းဟာကြီးကလည်း အချစ်မေတ္တာသံယောဇဉ် တောင်းပါ တယ်ဆိုကာမှ ပီကေပျော့လဖတ်ကြီး ပြန်ပေးတယ်လို့'

'အေးလေ မဟုတ်သေးပါဘူးကွာ၊ ပြီးတော့ သူက အချိုရည် ကုန်တဲ့ ဝါးပြီးထွေးထုတ်ကြီး'

'သူရက်ရောတာကို အရင်ပေးတာလေကွာ၊ ဘာပဲဖြစ်ဖြစ် ဒါကတော့ သိမ်းထားရမှာပဲ၊ နောက်ဆို ချောကလက်ခွံတာတွေ အဆင့် ထိ တဖြည်းဖြည်းတက်လာမှာပေါ့'

'သောက်ရူး... ချောကလက်မခွံ့ဘဲ ချောက်ကလောက်တွေ ခွံ့နေဦးမယ်၊ ထို့... ပြောရင်းနဲ့ ရွံလာပြီ'

'အချစ်ဆိုတာ ဒီလိုပဲ အစပိုင်းတော့ပျော့တာပေါ့ကွာ၊ နောက် ပိုင်းမှ မာကျောလာမှာလေကွာ'

သူ့တွက်ကိန်းနှင့် သူကတော့ဟုတ်လို့နေလေသည်။ နောင် နောင်ခါများမှ ပျော့ဖတ်ဖတ်မှသည် ရှုံ့တွတွဖြစ်သွားရင်တော့ ဒုက္ခပဲ။ ချစ်မိသည့်ဝန်တာက ပြောင်ပြောင်ပျက်ပျက် သူ့နှလုံးသားကို ဘယ် လိုများ မာန်တက်ရဲမှာလဲ။ ဒီလိုပဲ သူ လွယ်လင့်တကူ တွက်ဆထား လေသည်။ ပီကေပျော့တွဲတွဲလို ချစ်စရှည်ရှည် ဆွဲဆန့်လိုက်သည့် အဓိပ္ပါယ်သာဖြစ်ဖို့ကို ရည်မျှော်လို့ သူ ပျော်နေမိသည်။

❖

ကင်န်တင်းမှာ ပြန်ဆုံတော့ ကလေးဆိုးလေးလို သရုပ် အနား ကပ်ကာ သူ ချွဲနွဲ့ပူဆာလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကိုယ့်ကို တစ်ခုခုပြန်ပြောဦးလေ၊သရဖီကို ကိုယ်စိတ်မချဘူး ကွာ၊ စောင့်မျှော်ရတာလည်း မောလှပြီ'

'ဖြည်းဖြည်းပေါ့ ကိုခိုင်ဝေရယ်၊ စိတ်ချပါ၊ ကျွန်မ ရှင့်ကို အရင်ဦးဆုံး အကြောင်းပြန်မှာပါ'

'သရဖီကလည်းကွာ အကြောင်းပြန်မယ်၊ အကြောင်းပြန်မယ် နဲ့ အတန်းထဲကို ပြန်ပြန်သွားတာ ဘယ်နှစ်ရက်ရှိပြီလဲ'

သရဖီက စိတ်မရှည်တော့လေဟန်နှုတ်ခမ်းလေးစူပြီး မျက်စ ချီလာသဖြင့် သူ့ အသာကလေးအပြုံးကုပ်ကာငြိမ်နေရသည်။ မျက်ဝန်း မှာ ခိုးလို့ခုလုအလိုမကျသဖြင့် အားငယ်တဲ့အရိပ်တွေ ဖြတ်သန်းပြေး ဝင်လာသည်။ ဒါကိုမြင်တော့ သရဖီလေးက သူ့ကိုသနားကြည့်လေး ဖြင့် တုံ့ပြန်ရှာပါသည်။

'သရဖီ စဉ်းစားနေပါတယ်၊ တစ်ဘဝလုံးနဲ့ရင်းပြီး ဆုံးဖြတ် ရမှာမို့ တိုင်းတာချင့်ချိန်နေရတာပါ'

အရေးထဲမှာ သူမက တိုင်တက်ပြီး ခြင်းကိုချိတ်နေပြန်သေး တယ်။ ခိုင်ဝေ ငိုင်နေရပြီ။

'ကိုခိုင်ဝေကို သရဖီအနေနဲ့ ငြင်းပယ်စရာအကြောင်းလည်း ရှာမတွေ့ပါဘူး၊ ဒါပေမယ့် ခဏတော့စောင့်ပါဦးလို့နော်'

ခိုင်ဝေ အီလည်လည်မျက်နှာကြီးမှုန်ကုပ်ပြီး စိတ်မပါလက် မပါ ခေါင်းညိတ်ပြလေသည်။ ဟိုအဆိုတော်မလေးတွေနဲ့တော့ ကွာပါ့ နော်။ နေရာချင်းသာ လဲလိုက်ချင်တယ်။ ကြာပါတယ်ကွာ မြန်မြန် သိပ်စိတ်ညစ်တယ် ဆိုတာလေးတွေနဲ့သာ လဲလှယ်လိုက်ရင် ကောင်း မဟီး၊ သောက်ကျိုးနည်း ဒီဘဝစွဲရချည်သေးရဲ့ကိန်းမျိုး။ သီချင်းထဲက လေဂျယ်နေလို့သာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



'စောင့်မယ်မဟုတ်လားဟင်၊ ဒါပဲနော် သရဖီကိုချစ်ရင် စိတ်ရှည်လက်ရှည် စောင့်ရမယ်'

တရားဝင်စစ်ကြေညာသလို သူမက ပြောကာထွက်သွားလေသည်။ စိတ်နာနာနဲ့ သူ အားရပါးရစောင့်လိုက်ပါသည်။

'စောင့်မယ်၊ စောင့်မယ်၊ သေအောင်စောင့်မယ်'

'ဒီမယ် မင်း စောင့်ချင်ရင်လည်း ခတ်တိုင်ကိုသွား တိုင်နဲ့ခေါင်းသာပြေးစောင့်လိုက်၊ ဒီမှာတော့ စောင့်စရာ မင်းအတွက် ဘာမှ မရှိဘူးကွ'

ဘယ်အချိန်ထဲက ရောက်နေမှန်းမသိသော ဆိုင်ရှင် ကိုဇော်လင်းထွဋ်က ဝင်ကော်လေမှ စိတ်နဲ့ကိုယ်မကပ်နိုင်တော့ပြီမှန်း သူ ရိပ်မိလေသည်။ အနေအထိုင် ဆင်ခြင်ဦးလေမှပဲ။ တော်နေကြာ ဘိုးဘွားရိပ်သာ ရောက်တာတောင်မှ ကျွန်မကာရှင့်ကို ကဖွီးပင်နဲ့ခေါင်းဆောင့်ရင် အဖြေပေးမလို့ဆိုတာမျိုး ဖြစ်နေဦးမည်။ နှစ်လုံးတည်းနဲ့ ဆောင်းဘိကျုပ်ရမဲ့ အဖြစ်မျိုးလေ။ ဘေးဘိမှ မြင်လို့မကောင်း။

❖



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၉)

'ဆွေသီခင်ရေ… နင့်ကို ညှော့သည်တစ်ယောက် တွေ့ချင်လို့တဲ့'

အပြင်ကပြန်လာသော ရုံးစာရေးမလေးက ဆွေသီခင်ကို အကြောင်းကြားသည်။

'ဘယ်သူတုန်းဟ…'

'သိတော့ မသိဘူး၊ ဘော့စ်တော့ ဘော့စ်ပဲထင်တယ်၊ ဝတ်ထားတာ အပျံစားပဲ၊ ဒါပေမဲ့ နင့်အဖေအရွယ်ကြီး'

'ဟာ…'

ဆွေသီခင် အပြင်ကို အမြန်ထွက်သွားသည်။ အတင်းပြောပြီး ကျန်ခဲ့တဲ့သူက တွတ်ထိုးနေပြီ။

'ဆွေသီခင် ဆိုတာ သမီးလား'

'ဟုတ်ကဲ့ပါ အန်ကယ်၊ အန်ကယ်က ဘယ်သူလဲ မသိဘူး'

'သမီးအားရင် ဆိုင်တစ်ဆိုင်သွားပြီး စကားပြောရအောင်နော်'

'ရပါတယ်… အန်ကယ်'

ဆွေသီခင်လည်း ဘုမသိဘမသိဖြင့် လက်ဖက်ရည်ဆိုင် ပါသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



'သမီးနာမည်က ခွေသီခင်နော်၊ သမီးအမေတို့လင်မယား ရော အဆင်ပြေကြလား'

'ရှင်…'

'မအံ့သြပါနဲ့ သမီးရယ်၊ အန်ကယ်က သမီးတို့မိသားစု အကြောင်းကို စပ်စုတာ မဟုတ်ပါဘူးကွယ်၊ အန်ကယ်က သမီးနဲ့ အခုချစ်သူတွေဖြစ်နေကြတဲ့ ထင်လတ်ဆိုတဲ့ ကောင်လေးရဲ့အဖေပါပဲ'

'ရှင်… ကိုထင်လတ် အဖေ၊ အမေတွေက နယ်မှာဆို ကျောက်ပုန်းတောင်းမှာဆိုလား'

'ဟုတ်ပါတယ်၊ သမီး အန်ကယ် ရှင်းပြပါ့မယ်'

အဘိုးကြီးက မှုန်ဝါးနေသောဓာတ်ပုံလေးတစ်ပုံထုတ်ပြသည်။ ကလေးတစ်ယောက် သုံးနှစ်သားလေးကို ပွေ့ချီပြီး ရိုက်ထားသော လူတစ်ယောက်ပုံ။

'ဒါက ထင်လတ်လေ၊ အန်ကယ်နဲ့ သူ့နဲ့က ဆယ်နှစ်သား ဘဝကတည်းက ကွဲကွာသွားကြတာတကယ်တော့ ဒါတွေဟာ အန်ကယ့်မိုက်ပြစ်တွေပါ၊ အန်ကယ့်အမှားတွေပါ၊ အန်ကယ် နောက် မိန်းမယူသွားပြီး သားလေးကို အခုလက်ရှိ ထင်လတ်အဖေနဲ့အမေဆီ မှာ ထားရစ်ခဲ့တာပဲ၊ အခု အန်ကယ့်ရဲ့နောက်မိန်းမလည်း ဆုံးပါးသွား ပြီး အန်ကယ့်ပိုင်ဆိုင်မှုတွေကျန်ခဲ့ပါတယ်၊ အန်ကယ်က အမွေတွေကို တစ်ဦးတည်း သောသားကိုလွှဲအပ်ဖို့ ကိုကျော်ဦးတို့ လင်မယားကို လိုက်ရှာခဲ့ပါတယ်၊ သိပ်မကြာသေးခင်မှာပဲ ကျောက်ပန်းတောင်းမှာ သွားတွေ့ခဲ့တယ်၊ ကိုကျော်ဦးက သူတို့ သားလေး အိမ်ထောင်ရေးမှ အဖြစ်မှန်တွေကို ဖွင့်ပြောချင်တယ်လို့ ပြောပါတယ်၊ အန်ကယ် ရန်ကုန်ရောက်တော့ ထင်လတ်မှာ ချစ်သူရှိနေပြီ၊ ဒီတော့ သားလေး



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ပြုမဲ့အရေး အဖေတစ်ယောက်အနေနဲ့ စဉ်းစားရပြီ'

ခွေသီခင် စိတ်ဝင်စားစွာနားထောင်နေသည်။ ဒီအတိုင်းဆို သူ့ချစ်သူထင်လတ်ဟာ သူဌေးကြီးတစ်ဦးရဲ့သားအရင်း ခေါက်ခေါက်ကြီးပေါ့။ အရင်ပေပေတေတေဖြစ်နေတဲ့ ထင်လတ်ကို အပြစ်တင်စောတာကို နောင်တရမိ၏။

'ဒီတော့ သမီးရယ်၊ အန်ကယ် ရှည်ရှည်ဝေးဝေးတွေ သိပ်မပြောချင်ဘူး၊ သမီးနဲ့ထင်လတ် အိမ်ထောင်ပြုမဲ့ကိစ္စကို အမြန်ဆုံးအကောင်အထည်ဖော်ချင်တယ်၊ လိုအပ်တဲ့အကူအညီ အန်ကယ်ပေးမယ်၊ ဒါပေမဲ့ သမီးအန်ကယ့်ကို ကတိတစ်ခုတော့ ပေးရမယ်'

'ဘာများလဲ အန်ကယ်'

'သမီးတို့ အိမ်ထောင်ပြုပြီးသွားမှ ထင်လတ်ဟာ အန်ကယ့်သားအရင်းဖြစ်ကြောင်း ဖွင့်ပြောပေးပါ၊ ဒီကြားထဲမှာ သမီးချစ်သူကို သမီး ဖုံးကွယ်ထားစေချင်တယ်၊ ကိုကျော်ဦးတို့ကိုလည်း အန်ကယ် ပြောပြထားပါတယ်၊ သားလေးသိသွားရင် မယုံသင်္ကာ ဖြစ်မှာစိုးလို့လေ၊ သားလေးက သူ့အဖေအရင်းကို နာကျည်းနေတာ'

အဘိုးကြီးက မျက်မှန်ကိုချွတ်ပြီး နဖူးကနေမေးစေ့အထိ လက်ကိုင်ပဝါနှင့် ပွတ်သတ်နေသည်။

'အန်ကယ် ပြောတာတွေက တကယ်လား'

'သမီးရယ်၊ အန်ကယ် လူကြီးလူကောင်းတစ်ယောက်ပါ၊ ငိုးသားတဲ့မိန်းကလေးမျိုးကို အန်ကယ့်အသက်အရွယ်နဲ့မညာချင်ပါဘူး၊ အန်ကယ့်သားကလည်း သမီးနဲ့ချစ်သူတွေပဲဟာ'

'သမီး မယုံလို့မေးတာမဟုတ်ပါဘူး၊ ကိုထင်လတ်က ဘာမှ မပြောဘူးလို့ပါ၊ ထားပါတော့၊ အန်ကယ်ဖြစ်ချင်တဲ့ဆန္ဒအတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်စေရပါမယ်လို့ သမီး ကတိပေးပါတယ်၊ ကိုထင်လတ် ဘာမှ မသိစေရပါဘူး'

'ဝမ်းသာလိုက်တာ သမီးလေးရယ်'

အဘိုးကြီးက လှိုက်ဖို့သောလေသံနှင့်ဆိုတော့ ဆွေသီခင် သနားစိတ်ပိုမိသွားသည်။ နှစ်ပေါင်းများစွာကွဲကွာနေသော သားအဖ တွေဆိုတာ ရုပ်ရှင်တွေထဲမှာပဲရှိတာ မဟုတ်ပါလား။

'သမီးလေးဟာ သားအပေါ်သစ္စာရှိမဲ့ မိန်းကလေးတစ်ဦး ပါလို့ အန်ကယ် ယုံကြည်ပါတယ်၊ အန်ကယ်ကလည်း အမွေဆက်ခံ စရာဆိုလို့ သားအရင်းလေးတစ်ယောက်ပဲ ရှိတာလေ၊ ကဲ… ကဲ… သမီးလေးလည်း အလုပ်ရှိသေးတယ်၊ ရော့… ဒါ အန်ကယ့် ကုမ္ပဏီ လိပ်စာကဒ်၊ ကိစ္စရှိရင် သမီးလေး လာခဲ့နော်၊ ဘာအခက်အခဲမဆို အန်ကယ်ကူညီမယ်ဟုတ်ပလား၊ အန်ကယ့်နာမည်က ဦးထင်မောင် တင့်ပါ၊ အန်ကယ် စိတ်ချမယ်နော်'

'ဟုတ်ကဲ့… အန်ကယ်'

ဆွေသီခင် အဖေလို့ ယောင်ပြီးထွက်သွားတော့မလို့။ ဆွေသီ ခင် စိတ်ကူးတွေတနင့်တပိုး ယဉ်ချေပြီ။ သူမတော်ရသေးတဲ့ယောက္ခမ က ကုမ္ပဏီပိုင်ရှင်သူဌေးကြီးပဲ။ သူလည်း သူဌေးချွေးမ ဖြစ်ချေပြီ။ ချစ်သူမောင်ထင်လတ်ကလည်း အသစ်စက်စက် သူဌေးသားလေး။

ဆွေသီခင် ရုံးပြန်ရောက်တော့ မင်သေသေနှင့် နေရသည်။ အတင်းပြောနေကြသူတွေကလည်း ရှိပြန်တော့ ဘယ်သူမှ ဂရုမစိုက် တော့။

'ဆွေသီခင် ဖုန်းလာနေတယ်'

ရုံးအုပ်က လှမ်းခေါ်သဖြင့် ဆွေသီခင် ဖုန်းသွားကိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟဲလို… ဆွေသီခင်ပါ'

'သမီးလား… ဦးပါ… ခုနက ပြောစရာတစ်ခုကျန်သွားလို့၊ သားလေးထင်လတ်က ဦးသားအစစ်ဟုတ်မဟုတ် မယုံရင်လေ သူ့လည်ဂုတ်နှင့်ကျောရိုးအစကြား မှာ ဆေးလိပ်မီးထိတဲ့ ဒဏ်ရာဟောင်းရှိတယ်၊ သမီး ကြုံရင်သတိထား ကြည့်လိုက်ပါ၊ ဒါပဲနော်'

'ဟုတ်… ဟုတ်ကဲ့'

ဆွေသီခင် သက်ပြင်းအထွေးလိုက်ကြီးပါ ဖုန်းသံနဲ့ အတူတူ ကျသွားပါသည်။

အဘိုးကြီး ငါ့အကြောင်းတွေ တော်တော်သိနေပါလား။

တစ်ခုခုတော့ တစ်ခုခုပဲ။

❖

အပျံစားအမျိုးသမီးတစ်ဦးက သူမစားပွဲအနား လာရပ်ကာ ခွင့်တောင်းသည်။

'ထိုင်မယ်နော် ညီမလေး'

'ဟုတ်၊ ရပါတယ် ထိုင်လို့ရပါတယ်'

သူ့တစ်မိမ်းအမျိုးသမီးက ဒဏ်ပေးထားခြင်းမဟုတ်ဘဲ ထိုင်လိုက်ထလိုက် လုပ်နေတော့သည်။

'ဘာဖြစ်လို့လဲဟင်၊ ထိုင်ခုံဆိုတာ ထိုင်တဲ့ခုံပါ'

နားမလည်စွာ သူမမေးမိတော့ မချိတင်ကဲပြုံးပြီး အံကျိတ်ထိုင်ချကာ အမျိုးသမီးက ပြန်ပြောလေသည်။

'ဟုတ်ပါတယ်၊ ဟိုဒင်းလေ ထိုင်ခုံမှာရေစိုနေလို့ အဲ့ဒီ…'

မအီမလည်ဖြစ်နေသော အမျိုးသမီးကိုကြည့်ပြီး သူမ ဟန်မျှ



www.burmeseclassic.com

www.burmeseclassic.com



ပင် မဆောင်နိုင်ဘဲ ရယ်မိတော့သည်။ မဆီမဆိုင်ဆိုပေမဲ့ ဆီဆီဆိုင်ဆိုင် အားမနာပါးမနာပင် အားနာရတော့သည်။

'ညီမလေး ကိုယ့်ကိုစကားနည်းနည်းလောက် ပြောခွင့်ပြုပါလား၊ ဟို အနှောင့်အယှက်မဖြစ်ဘူးဆိုရင်ပေါ့'

'ရပါတယ် မဖြစ်ပါဘူး ပြောပါ'

'ညီမလေးနာမည်က သရဖီနော်'

'ရှင်'

ရုတ်တရက် သူမနာမည်ကိုသိနေသဖြင့် အထိတ်တလန့်ပင် ရေရွတ်မိလေသည်။ သူစိမ်းအမျိုးသမီးက အလှဆုံးအပြုံးကလေး ပွင့်ပြီး ဆက်ကာပြောသည်။

'ဩော်… သိပ်အံ့ဩသွားသလား ညီမလေး၊ ဒီလိုပါ ကိုယ့်နာမည်က မိုးမေဓီမမပါ'

နာမည်ကြားရုံနှင့် မူးမော်မေ့ချင်စိတ်တွေ မွေးဖွားလာတော့သည်။ ဘာကြီးမှန်းကိုမသိဘဲ ဘူးလုံးနားမထွင်း ဖြစ်ရသည်။

'ညီမလေးရဲ့နာမည်ကိုသိပြီး ဘာကြောင့် ရင်းနှီးနေလဲဆိုတော့ ဟိုခိုင်ဝေကြောင့်ပဲပေါ့၊ ခိုင်ဝေနဲ့ကိုယ်နဲ့က မောင်နှမတစ်ဝမ်းကွဲတော်စပ်တယ်လေ၊ ကိုယ့်မောင်ဘက်မျက်နှာလိုက်ပြီး ပြောတာမဟုတ်ဘူး၊ သူက ညီမလေးအကြောင်းတွေ စိတ်လိုလက်ရ ရင်ဖွင့်တယ်'

'ဩော်… လက်စသတ်တော့ ဒင်းလက်ချက်ကိုး'

'အို… မဟုတ်ဘူး၊ အခု ကိုယ့်ညီမဆီလာတာ သူလုံးဝမသိဘူး၊ ကိုယ်က သူ့အကြောင်းသိလို့ မကြည့်ရက်လို့ မနေသာတော့တာနဲ့လာအကူအညီတောင်းတဲ့ သဘောပါ'



www.burmeseclassic.com

www.burmeseclassic.com



ပျာပျာသလဲငြင်းကာ မိုးမေမိက မိုးကြီးလေကြီး ပြောနေပေပြီ။ သူ့ဘက်က နစ်နာတာမှ မဟုတ်တာ။ လက်ကလွတ် ဝင့်ကျွတ်သဘောနဲ့ ဝကွက်အပ်နေလိုက်တာများ။

'မမက ရိပ်မိတာပေါ့၊ သူ ဒီလောက်တစ်ခါမှမခံစားရဘူးလေ၊ တကယ်အပြစ်ကင်းတယ် ကိုယ့်မောင်က၊ ပြီးတော့ မရိုးမရှင်းလည်း မလုပ်ဘူး၊ အခု ကိုယ့်ညီမလေးဆီကိုလာတာ သူသိသွားရင် ဒေါသပုန်ထမှာ၊ သူ့ကိုတော့ မပြောလိုက်နဲ့နော်'

အစ်မတစ်ယောက်လုံးကတောင် မိန့်မချင်း ရက်ရက်ရောရောကြီး ပေးကမ်းစွန့်ကြဲ သဒ္ဓါကြည်ဖြူနေပြီ မဟုတ်လား။ ပြီးတော့ ခိုင်ဝေသဘောရိုးနဲ့ သူ့အချစ်ကိုရဖို့ ကြိုးစားတာ ပေါ်လွင်နေပြီ။ ခုမြင်ခုကြိုက် ဒီခေတ်ကြီးထဲမှာ အချစ်စစ်ကိုရှာဖွေတွေ့ရှိဖို့ဆိုတာဟာလည်း ရခဲလှသော လူ့အခွင့်အရေးကြီးပင်။

'ကိုယ့်မောင်ဘက်က ကိုယ်အာမခံပါတယ်၊ သူက ညီမလေးနဲ့တွေ့မှ လှုပ်လှုပ်ရှားရှား မစားနိုင်မအိပ်နိုင် ဖြစ်ရတာပါ'

အပြောကတော့ ကျလောက်ပါရဲ့။ အိမ်ကိုချက်ချင်းထပြီးလိုက်သွားစေလောက်သည့်အပြောမျိုးပင်။ သူမအနေနဲ့ လိုက်မောင်ခုန်မိလှပေမဲ့ လျှော့ပေါ့စျေးနဲ့ စျေးပေါပေါမပေးလိုပေ။ ဒါကြောင့်အသိဖာသာ အင်းမလုပ်အဲမလုပ်အမူအရာဖြင့် ဟန်လုပ်ကာမှုနေလိုက်ပါသည်။

'သိပ်သနားဖို့ကောင်းပါတယ်ကွယ်၊ သူငယ်ငယ်ကတည်းကဖေဖေဘာက လိုလေသေးမရှိအောင် ထားပေးပါတယ်၊ အပေါင်းအသင်းအဖော်သဟာ အရမ်းငတ်မွတ်ခဲ့ပါတယ်'

'ငတ်ကြီးကျစရာရှားလို့ မုန့်တွေငတ်မွတ်ရင်တော်သေးတာယ်၊ သူ့ကျမှ အဖော်ငတ်ရတယ်လို့'



www.burmeseclassic.com

www.burmeseclassic.com



'အေးလေ ဘာမှမဟုတ်ဘူး၊ ညီမလေးပြောတာနဲ့ ကိုယ်တောင် စကားတွေမှားကုန်ပြီ၊ သူက အရှမ်းအထီးကျန်ဆန်ပြီး နေခဲ့ရတာလေ၊ အဖော်အရှမ်းမင်တာကိုပြောတာပါ'

သူမ ပျင်းရိငြီးငွေ့လေးတွဲ့စွာပင် မိုးမေမီရဲ့ မက်လုံးများကို ဆက်နားထောင်ရသည်။ ဟိုကလည်း အခွင့်အရေးရတုန်း မိုင်ကုန်အရောက်ပို့တော့သည်။

'အရုပ်တွေ၊ ကစားစရာတွေနဲ့ ကြီးပြင်းလာရတော့ သက်ရှိအပေါင်းအဖော်ကို သူ မတွယ်တာစဖူး တွယ်တာရှာမှာပေါ့ကွယ်'

တွယ်တာရှာတယ်ဆိုတော့လည်း တွယ်တာလေးက သီချင်းမဆိုဘဲ ဘယ်ကမ္ဘာမှာသွားပုန်းနေလို့လဲ။ အားနာတာရယ်၊ သနားကြင်နာတာရယ်၊ ကိုယ်ချင်းစာစိတ်တွေရယ် ရောထွေးကုန်သည်။

'သူ့ဘဝမှာ အရေးအကြီးဆုံးအရာကို ပထမဆုံး သူဆုံးရှုံးရရင်ကြေကွဲနေတော့မှာပါကွယ်'

'ဟုတ်ကဲ့ပါ၊ ကျွန်မ သဘောပေါက်ပါတယ်၊ သူ့ကိုထိခိုက်နစ်နာအောင် မကြံစွယ်ပါဘူး၊ မတော်တဆထိသွားရင်တော့ မတတ်နိုင်ဘူးလေ၊ သူ့ကို ကျွန်မ ကြည်ဖြူနိုင်ပါတယ်'

'မမတို့က ဘယ်သွားသွားဘာလုပ်လုပ် သူစိတ်ပြေလက်ပျောက် ဖြစ်အောင် ဝင်ခေါ်ပါတယ်၊ ဒါပေမဲ့ သူ့မိဘတွေက သူ့ကို အပေါင်းအသင်းကြောင့်ပျက်မှာ အရှမ်းစိုးရိမ်တယ်၊ အဲဒါကြောင့် သူ့ကိုမြင်သာမြင် မကြင်ရဘူး ဖြစ်ခဲ့ရတယ်'

'သူ့မိဘတွေက မမတို့ လာခေါ်တာတောင်မှ မကြိုက်ရင် ကျွန်မနဲ့ဆို ပိုဆိုးမှာပေါ့နော်'

သူမက အကျပ်ရိုက်သွားစေလောက်အောင် ဝင်လှော်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သောအခါ မိုးမေမီ အရှိန်တွန့်သွားရသည်။ ပြုံးဖြီးဖြီးဖြင့် ကြိုးစားပမ်းစား စကားကိုပြန်ပြင်ရှာသည်။

'သူ အထီးကျန်နေရတာသနားစရာပါကွယ်၊ သူ့အချစ်ရေး အချစ်ရာကိုတော့ ဟန့်တားမယ်မထင်ပါဘူးလေ၊ သနားငဲ့ညှာသော အားဖြင့် အရဲစွန့်ပြီး ကူညီပေးဖို့ပါ ညီမလေးရယ်'

'ok ရပြီ၊ ကျွန်မ သဘောပေါက်ပါပြီ၊ စိတ်ချပါ၊ ကျွန်မဘက်က လူမှုရေးအဲ့ဒီလောက် မညံ့ဖျင်းစေရပါဘူး'

ယခုမှ နှစ်ယောက်သားစိတ်တိုင်းကျသွားဟန်ဖြင့် ကိုယ်စီ အပြုံးချင်းဖလှယ်မိကြလေသည်။ မိန်းမတစ်ယောက်ရဲ့သနားတတ်တဲ့ စိတ်အခြေခံကို အခွင့်ကောင်းယူကာ ချဉ်းနင်းဝင်ရောက်နေရာယူခြင်း ခံလိုက်ရသည်။

'မမ တွက်ဆထားပြီးသားပါ၊ ခိုင်ဝေ တကယ်ကြွေတဲ့သူဟာ တော်ရုံမိန်းကလေးတော့ မဖြစ်လောက်ဘူးလို့'

'အို မမကလဲ မဟုတ်တာ ဘာစားမလဲ ကြိုက်တာမှာလေ'

အမြှောက်ကြိုက်တာကလည်း လူ့သဘာဝပဲမဟုတ်လား။ မိုးမမက ဒီအထာတွေကို ကျွမ်းကျင်ပိုင်နိုင်စွာကျင်လည်ထားပုံရသည်။ လှပသပ်ရပ်သလောက်-ပိရိပိုင်နိုင်လေသည်။

'မဟုတ်ဘူး၊ မမက သဘောရိုးနဲ့ပြောတာ၊ ညီမလေးကို ကျေးဇူးတင်လွန်းလို့ မမကပဲ အားလုံးရှင်းမှာပါ'

'အစ်မကြီး သဘောရိုးနဲ့ စကားပြောတော့ လေသံ ဘယ်လို ထွက်လဲဟင်၊ သားသိချင်လိုက်တာ'

အရေးထဲမှာ နားစွန်နားဖျားကြားသွားတဲ့ စားပွဲထိုးကောင်လေး ကဝင်မေးနေသဖြင့် အူကြောင်ကြောင်ဖြစ်ရသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သဘော်ရှိး မကလို့၊ စက်လှေရှိးနဲ့ပဲပြောပြောပေါ့။

❖

Heart ထိတော့ အသည်းငြိသွားတာပေါ့။ သူမ စုံစမ်းမိသလောက်အရတော့ ခိုင်ဝေက ကျောင်းထဲမှာပျော်ပျော်ပါးပါးနောက်ပြောင်မှုသန်တာတစ်ခုကလွဲပြီး ဘာမှပြောစရာမရှိပေ။ အစ်မတစ်ဝမ်းကွဲ ဖြစ်သူကလည်း ကြည်ကြည်ဖြူဖြူမဲဆွယ်သွားလေပြီ။ ဒီလိုဆိုတော့ ဘာလိုသေးလို့လဲ။ သူမလိုချင်တာလေးတွေနဲ့ ချုပ်ကိုင်ပြီး အချစ်တွေ ပုံအောအပ်နှံလိုက်ရုံပဲ။ ဘာခက်တာလိုက်လို့။

ခိုင်ဝေဆီသို့ ဖုန်းဆက်ကာကြိုတင်စကားဦးသန်းလိုက်သည်။ ချိုသာကြည်လင်သောဥတုံရဲ့မိုးခြိမ်းသံကိုကြားရုံနဲ့ ဘယ်လို သက်ရောက်စွာ ရှာသွန်းမလဲ သူ သိသင့်တာပေါ့။

'ကိုခိုင်ဝေလား'

'ဟုတ်ကဲ့ ပြောပါ'

'လာမဲ့တနင်္လာနေ့ကျရင် အပိုင်းကစောင့်နေပါ၊ အဲဒီနေ့ကျရင် ရှင့်ကို အဖေ ၄ပးမလို့'

ချွဲနွဲ့တီတာစွာပြောလိုက်ရာ စကားပလီပလာပင် မပီကလာဖြစ်သွားရတော့သည်။ တစ်ဖက်မှခိုင်ဝေက ပြုံးပြုံးပြာပြာဖြင့် ပြန်ငြင်းပါသည်။

'အဲဒီလိုတော့ မလုပ်ပါနဲ့သရဖီရယ် ကိုယ့်မိဘတွေသဘောထားကွဲအောင် မရက်စက်ပါနဲ့'

'ခွိ… ခွိ… မဟုတ်ဘူး လောသွားလို့ အဖြေကိုပြောတာ'

'ဟင်… တကယ်လား… ဟာ… ဝမ်းတင်လိုက်တာ အဲ… ဝမ်းသာပြီး ကျေးဇူးတင်လိုက်တာဗျာ'



www.burmeseclassic.com

www.burmeseclassic.com



'အသေအချာ နားထောင်ဦးလေ'

'ဟုတ်ကဲ့ ပြောပါ တသွေမတိမ်းနာခံလျက်ပါ'

အချစ်တွက်ဆို အနာခံတာတောင် တသွေမတိမ်းတဲ့လား။ လက်ဖြောင့် လောက်လေးဂွသမားခေါ်ပြီး အနာခံခိုင်းလိုက်ရင် မကောင်းဘဲ ရှိဦးမယ်။

'အဲဒီနေ့ကျရင် ကျွန်မက ဖိနပ်အပြာလေးကို စီးခဲ့ရင် ရှင် သဘောပေါက်လိုက်တော့၊ အဲ… ဖိနပ်အနီ စီးလာခဲ့ရင်တော့ ရှင် ကံဆိုးပြီသာ မှတ်လိုက်တော့'

'ဟုတ်ကဲ့၊ ဖိနပ်တွေအားလုံး အပြာရောင်ဆိုးထားပါလား သရဖီရယ်'

'ဘာလို့ ဆိုးရမှာလဲ၊ ရှင် လူလည်မကျနဲ့၊ ကျွန်မက ကာလာစုံ ကြိုက်တယ်၊ ခုနစ်ရောင်ခြယ်ကို ကြိုက်တာ'

မျှော်လင့်ချက်ရောင်ခြည်သန်းသွားတဲ့ ဖုန်းသံထဲမှာ ခွန်အား တွေပါလာသည်။ အပျော်နဲ့မောရတဲ့နေ့ရက်တို့ရဲ့ အထွတ်အမြတ်ကို ရောက်လာပြီ။ အဲဒီမှာ ချစ်ခြင်းကကြိုနေမှာပေါ့။ သူမရဲ့ အပြာ ရောင်ဖိနပ်လေးတစ်ရံ၊ မြတ်မြတ်နိုးနိုးယူ၍ စိတ်ကူးနဲ့နမ်းကြည့်ရင် ဟောင်မှ ခွေးမစင်နံ့လေးက ယဉ်ယဉ်ကလေး သင်းနေဦးတော့မှာ။ ဖိနပ်သာ ပြာပါစေ၊ ခွေး ဟိုးဒင်းမကလို့ ဘာကြီးပဲဖြစ်ဖြစ်၊ အဓိက အရေးကြီးတာက အပြာရောင်သန်းသော ဖိနပ်လေးဖြစ်နေဖို့ပဲ။

❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

'ငါ့နာမည် အာရဖွန်ရိန်းဂျားလို့ခေါ်တယ်၊ မင်းတို့က ဒီရပ်ကွက်က တကယ့်အပေအတေလူမိုက်တွေဟုတ်သလား၊ သတ္တိရှိဖို့မလိုဘူး၊ မိုက်ရူးရဲဆန်ဖို့လိုတယ်၊ မင်းတို့ Lord Of The Ring ကားထဲက ဆော်ရွမ်မန် ပြုပြင်ယူထားတဲ့ မိစ္ဆာတွေလိုစိတ်ပဲရှိရမယ်'

အာရဖွန်ရိန်းဂျားက နားနှစ်ဘက်မှာ နားကြပ်၊ မျက်လုံးနှစ်လုံးမှာမျက်မှန်နဲ့ အနောက်တိုင်းဝတ်စုံဖြင့်ကြော့နေသည်။ ထိုင်နေသည့်နေရာကလမ်းဘေးအုတ်ခုံ။

သူ့ရှေ့တွင် ပျော့နွဲ့နွဲ့ရပ်နေကြသော လူမိုက်သုံးကောင်။

'မင်းတို့နာမည်တွေ ပြောကြစမ်း'

'သူက၊ ခါးမျိုးညွန့်၊ ဒီဘက်က မားဝင်းထွန်း၊ ကျွန်တော်က ကျားနိုင်ထွန်းပါ'

'မင်းတို့က ဗလတွေတော့ မရှိဘူး၊ 'ဖ'တွေရှိသလား'

အာရဖွန်ရိန်ဂျားက ရှုံ့မဲ့စွာမေးသည်။ ကျားနိုင်ထွန်းက…

'ကျွန်တော် လူနှစ်ယောက်တိတိ ချောင်းရိုက်ဖူးပါတယ်၊ လက်ရှိအလုပ်က ဈေးထဲကဈေးအိမ်သာမှာ ကျားအပေါက်စောင့်တာဝန်ခံ လုပ်ပါတယ်'

'ဟုတ်ပြီ၊ နောက်တစ်ယောက်'



www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်နာမည် ဓားဝင်းထွန်း၊ လှုငါးယောက်နဲ့ ဓားချင်းယှဉ် ခုတ်လို့ ဟောဒီလက်ဖျံမှာပဲကြည့်၊ အမာရွတ်တောင် တော်တော်နက်တယ်၊ အခု လက်ရှိအလုပ်ကတော့ ပန်းပဲဖိုတစ်ခုမှာ ဓားသွေးနေတယ်'

ဓားဝင်းထွန်းက သူ့လက်ဖျံက အမာရွတ်ကို ထုတ်ပြသည်။ ဆက်လက်၍ ခါးမျိုးညွန့်က မှင်မောင်းနှင့် ပြောသည်။

'ခါးမျိုးညွန့်ပါ၊ လူတော်တော်များများကို ခါးရိုးချိုးဖူးပါတယ်၊ သေတဲ့သူသေသွားတယ်၊ အခုလက်ရှိ အလုပ်က ခါးပိုက်နှိုက်အရေးချင်စီတပါ'

'ကြိုက်သွားပြီ၊ တို့တစ်တွေ လုပ်ငန်းစမယ်၊ မင်းတို့သုံးယောက်စလုံး ထင်လတ်ဆိုတဲ့လူရဲ့ လည်ဂုတ်အောက်ဘက်နားကို ဆေးလိပ်မီးနဲ့ ထိုးရမယ်'

'ဒါလေးပဲလား၊ ပျင်းစရာကြီး'

'မင်းတို့အတွက် တန်ပါတယ်၊ ရော့… တစ်ယောက်ကို ငါးထောင်စီယူကြ၊ အောင်မြင်ရင် ထပ်ပေးမယ်'

အာရာဖွန်ရိမ်းဂျားက လက်ငါးချောင်းထောင်ပြပြီး သုံးယောက်စလုံးကို ငါးထောင်စီထုတ်ပေးလိုက်သည်။

'ထင်လတ်ဆိုတဲ့ကောင်က ဘောဟိုကလက်ဖက်ရည်ဆိုင်မှာ ထိုင်နေတယ်၊ ငါ မင်းတို့ကိုပြမယ်၊ ပိပိရိရိလုပ်ကြ၊ ရန်စတာမျိုး မဖြစ်စေနဲ့၊ သဘောပေါက်လား'

'ရက်စ်ဆား'

'ဒါဆိုရင် ဂိုးကြတော့၊ အနီရောင်မျက်လုံးကြီး စောင့်ကြည့်နေတယ်၊ ဆော်မွန်ရဲ့မျက်လုံးကြီး'

❖



www.burmeseclassic.com

www.burmeseclassic.com



ထင်လတ်က လူတစ်ဦးနှင့်လေပစ်နေသည်။ ထင်လတ်က ဖြစ်ချင်တော့ စွပ်ကျယ်အင်္ကျီလက်ပြတ်ဝတ်ဆင်ထားသည်။ ဓားဝင်းထွန်းတို့က ထင်လတ်တို့ဝိုင်းဘေးတွင် ဝင်ထိုင်ကြသည်။

ကျားနိုင်ထွန်းက ဆေးပေါ့လိပ်ကိုမီးညှိပြီး ဖွာရှိုက်လိုက်သည်။

ထိုအချိန်တွင် ထင်လတ်က နေပူသဖြင့် အခြားလူတစ်ဦးနှင့် နေရာပြောင်းထိုင်လိုက်သည်။ ကျားနိုင်ထွန်းက နောက်ကိုမကြည့်ဘဲ ထိုးချလိုက်သည်။

'အမလေး... သေပါပြီ...'

ထအော်လိုက်သူက ထင်လတ်မဟုတ်။ ရပ်ကွက်ထိပ်က ကရာတေးဆရာဂျင်းဂျားပင်။ စိတ်ကလည်း သိပ်ဆတ်၏။ ဟို လူမိုက်သုံးကောင် မျက်လုံးပြူးသွားသည်။

'မင်းတို့က ငါ့ကို မိုက်လို့ စိန်ခေါ်တာပေါ့လေ၊ သေပေတော့...'

ဂျင်းဂျားက ကရာတေးကွက်တွေနှင့် ဆော်ပလော်တီးပစ်လိုက်လေသည်။ ကျား၊ ဓား၊ ခါး သုံးယောက်စလုံးမှာ ဘယ်လိုမှ မခုခံနိုင်ဘဲ ခွေးပြေးဝက်ပြေး ပြေးရတော့သည်။

'သတ္တိမရှိတဲ့ကောင်တွေ၊ ငါ့ကို ဆေးလိပ်မီးနဲ့ထိုးရဲတဲ့ သတ္တိတော့ ရှိနေသေးတယ်၊ ဘာကောင်တွေလဲကွာ'

ဂျင်းဂျားက သူ့လက်စွဲတော်ဂျိုးသိန်းကြီးကို ကောက်ဖွာသည်။ ပါးစပ်ကလည်း ဗျစ်တောက်ဗျစ်တောက်ပြောနေသည်။ ပြီးနောက် ဆေးလိပ်သောက်လက်စကို ကောင်တာခုံနားထိုးထားသည်။

ထင်လတ်လည်း ဂျင်းဂျားစိတ်ကိုသိသဖြင့် စိတ်ပြေခါနီးမှ ဝင်ရှုရသည်။ ဂျင်းဂျားက သူ့ကိုလက်ဖက်ရည်တိုက်မည်ဟုပြောထားတာကိုး။



www.burmeseclassic.com

www.burmeseclassic.com



'ကိုကြီး လက်ဖက်ရည်ခွက်ထား… ထား… ခဲ့…'

'မင်းကတစ်မျိုး၊ ဒီမှာနာရတဲ့ အထဲ…'

- ဂျင်းဂျားက ကြိုးကြာပျံဝဲဟန်ဖြင့် ထင်လတ်ကို ဆောင့်တွန်း လိုက်ရာ မထင်မှတ်ဘဲ ထင်လတ်မှာ ယိုင်သွားပြီး ကောင်တာခုံက ဆေးလိပ်မီးနဲ့ လည်ဂုတ်အောက်နားကို ထိထိမိမိထိုးမိပါလေရော။

'အမလေး… ပူလိုက်တာဟ…'

ထင်လတ်က အကျယ်ကြီးအော်လိုက်လေသည်။ ကျောကုန်း ထိုကိုင်ကာ အတင်းခါချလေတော့၏။

ထင်လတ်မှာ ကျား၊ ဓား၊ ခါးသုံးကောင်ကြောင့် ဘာမှ မဖြစ်ဘဲ ကိုယ်ဘာသာကိုယ် ဆေးလိပ်မီးရဲရဲထိခဲ့လေတော့သည်။

❖

အအေးဆိုင်လေးတွင် ထင်လတ်နှင့် ဆွေသီခင်တို့ အအေး သောက်နေကြသည်။ မိန်းမတို့သဘာဝစပ်စုခြင်းဝသီအရ ဆွေသီခင် ထင်လတ်ဘဝအကြောင်းကို စိတ်ဝင်စားလာမိသည်။ စကားလမ်း ကြောင်းခေါ်ကြည့်သည်။

'ကိုထင်လတ် ခုနေ သူဌေးဖြစ်သွားရင် ကိုထင်လတ်စိတ်တွေ ဘယ်လို ဖြစ်သွားမလဲ'

'ဆွေ… မင်း ကိုးရိုးယားဂ ားတွေကြည့်ပြီး ကိုယ့်ကို ဘာ ဆွဲလျှောက်မေးနေတာလဲ'

ထင်လတ်က ရယ်မော၍ ပြောသည်။

'ကိုထင်လတ်ကလည်း လူ့ကံကြမ္မာကို မမြင်နိုင်ဘူးပေါ့၊ ဘဲထမ်းလာတာကိုမမြင်ရဘူး၊ လှံထမ်းလာတာပဲ မြင်ရတယ်၊ ဘဝ ဆိုတာ အချိုးအကွေ့အပြောင်းအလဲတွေ အရမ်းများတာ



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါပြီ ဆွေရယ်၊ ကိုယ် သူဌေးဖြစ်ပါပြီတဲ့၊ ဆွေလည်း သူဌေးကတော် ဖြစ်နေပြီပေါ့'

'ဒါပေမဲ့ ကိုယ်ရဲ့သူဌေးဖြစ်တယ်ဆိုတာ ကျောထောက် နောက်ခံကောင်းမှလည်း ဖြစ်တာ၊ ကိုထင်လတ်အဖေနဲ့အမေက ချမ်းသာနေရင်လည်း သူတို့ အရှိန်အဝါတွေကြောင့် သူဌေးဖြစ်နိုင် တာပဲ'

'ဒါလည်း ဟုတ်တာပဲနော်၊ အမေက ခဏခဏပြောဖူးတယ်၊ ငယ်ငယ်ကသားလေးမွေးပြီးကတည်းက စီးပွားရေးတွေတအား တက် လာတာတဲ့'

'ဟုတ်လား၊ ဒါနဲ့ ကိုထင်လတ် အဖေနဲ့အမေရုပ်ချင်းတူ သလား... ဟင်...'

'အဖေက ကိုယ်နဲ့ သိပ်မတူဘူး၊ အမေကတူတယ် အမ်... ဆွေ ဘာသိချင်လို့မေးရတာလဲ'

ထင်လတ် အူအူကြောင်ကြောင် ဖြစ်သွားသည်။

'ဩ... ဘာရယ်လို့တော့ မဟုတ်ပါဘူး၊ သိချင်လို့မေး ကြည့်တာပါ၊ ဒါနဲ့ ကိုယ့်မှာထင်ရှားတဲ့အမှတ်အသားတို့ ဘာတို့ မရှိဘူးလား'

'အင်း...ကိုယ်ရဲ့ထင်ရှားတဲ့အမှတ်အသားတွေက ထင်ထင် ရှားရှားတော့မရှိဘူး၊ နှာခေါင်းပေါက်ထဲမှာ နှာမွေးရှိတယ်'

'ကိုယ်နော်... ဆွေက အကောင်းပြောနေတာနော်'

'ကိုယ်လည်း အကောင်းပြောနေတာပဲ၊ ဆွေက မှတ်ပုံတင် စာရင်းဌာနက ကျနေတာပဲ'

ဆွေသီခင်က နှုတ်ခမ်းလေးစူပြီး ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဆွေက သိချင်လို့မေးနေတာကို'

'ကိုယ်အကောင်းပြောပြီ ကိုယ့်မှာထင်ရှားတဲ့အမှတ်အသားက ဆွေသီခင်ကို ချစ်တတ်တဲ့နှလုံးသားရှိတယ်၊ ဒါ ကိုယ့်ဘဝတစ်ခုလုံးအတွက်ထင်ရှားတဲ့ အမှတ်အသားပဲ'

ထင်လတ်က သူ့ကိုယ်သူ နေတိုးများ မှတ်နေလားမသိ။

❖

မဖိတ်ဘဲ ရောက်လာသည့်ဧည့်သည်က မိုးမေမိုပင်။ အိမ်မှာအပျင်းပြေသီချင်းနားထောင်စဉ် ရောက်လာသည်။ သူမပုံစံက တကယ့်သမီးယောင်းမအရင်းအချာပမာ ဖက်လှဲတကင်း အရောဝင်ချင်လွန်းလှပုံ ရလေသည်။

'ညီမလေး ဘာစားပြီးပြီလဲ၊ တစ်ခုခုစားရအောင် အပြင်သွားစို့လေကွာ'

'ဟော... မမိုးပါလား၊ ဘယ်ကဘယ်လို လှည့်လာတာလဲ'

'ညီမလေးကို ကိုယ့်ညီမအရင်းလို မြင်မြင်ချင်း သံယောဇဉ်ဖြစ်မိလို့ တကူးတကကိုလာခဲ့တာ'

'ငါ့အစ်မကတော့ လုပ်ချလိုက်ပြန်ပြီ ဘယ်သွားချင်လို့လဲ'

'ဘယ်မှ မသွားပါဘူး၊ လမ်းထိပ်လက်ဖက်ရည်ဆိုင်ပဲလေ နီးနီးနားနား အပျင်းပြေစကားလေးဘာလေး ပြောကြရအောင်'

အိမ်တိုင်ရာရောက် လာပင့်နေတော့လည်း ဘယ်ငြင်းလို့ကောင်းပါ့မလဲ။ အားနာစရာကြီး။ ပျင်းပျင်းရှိလှတာနဲ့ အတော်ပဲဖြစ်သွားရတာပေါ့လေ။

'အဲ့ဒါဆိုလည်း ခဏလေးစောင့်နော်၊ သရဖီ အဝတ်အစားလဲလိုက်ဦးမယ်'



www.burmeseclassic.com

www.burmeseclassic.com



'အေး… ရတယ် ညီမလေး၊ အေးအေးသာလုပ်၊ အလှဆုံးပြင် လိုက်၊ ကိုယ် စောင့်နိုင်ပါတယ်'

'အဝတ်အစား လဲရုံပါပဲ၊ မကြာပါဘူး'

ညဝတ်အင်္ကျီကြီးနဲ့မို့သာ သူမက အခန်းထဲ ဝင်လဲခြင်း ဖြစ် သည်။ မိုးမေမိကတော့ နံရံကပ်နှယ်ပင်များ၊ မိသားစုမှန်ဘောင်သွင်း ဓာတ်ပုံများ၊ အလှဆွဲမီးပန်းဆိုင်းများကို ဝေ့ဝဲကြည့်ရင်းကျန်ခဲ့လေသည်။ အဝတ်အစား ကမန်းကတန်းလဲပြီး ဆံပင်သပ်သပ်ရပ်ရပ်ဖြစ်အောင် ဖီးလိုက်သည်။ ဆံပင်တွေကလည်း တွန့်ကြွေပွယောင်းနေသဖြင့် သပ် သပ်ရပ်ရပ် စုစုစည်းစည်းဖြစ်အောင် ဖီးသင်ရသည်။ ခိုင်ဝေရဲ့အစ်မ ရှေ့မှာ အကြည်ညိုပျက်အောင် မထိမ့်မြင်နေလို့ ဘယ်ဖြစ်မလဲ။

ပြင်ဆင်ပြီး ကိုယ့်ကိုယ်ကိုယုံကြည်စိတ်ချစွာဖြင့် အပြင် ပြန် ထွက်လာခဲ့သည်။ မိုးမေမိကို အိမ်ရှေ့အပေါက်ဝမှာရပ်ပြီး တောင် မြောက်ငေးကာရှုးစမ်းနေသည်ကို အခန့်သားတွေ့ရသည်။ သူမဘာဝထဲ ထို ခိုင်ဝေဝင်ရောက်လာပုံက သမားရိုးကျမထူးခြားလှပေမဲ့ မိုးမေမိ ဝင်ရောက်ချဉ်းနင်းလာပုံကတော့ အဆန်းတကြယ်ဖြစ်ဖွယ်ရာပင်။

'ရပြီ မမ၊ စောင့်ရတာ ကြာသွားပြီလား'

'ဘယ်ကလာ ညီမရယ်၊ ကိုယ်ဆိုရင် အပြင်တစ်ခါထွက် ရင် တစ်နာရီလောက်ကြာတတ်လို့ ဖေဖေက ပြင်လွန်းတဲ့တင်ချွန်းမလို့ တောင် အခေါ်ခံရဖူးတယ်'

'လက်စသတ်တော့မမကလည်း ရာဇဝင်ကောင်းတွေနဲ့ကိုး၊ ဘယ်ခေလို့လဲ၊ ဒါကြောင့်လည်း လှတာကိုး'

သူတော်ချင်းချင်း သတင်းလွှေလွှေပင်။ ဆပ်စလေးမိနန်နဲ့ ဓာတ်ဗူးပိန်တို့တော့ တွေ့နေကြလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



'ကိုယ်က ညီမလောက် မလှပါဘူးနော်၊ ညီမလေးတမှ ချစ်စရာလေး၊ အသဲတောင်ယားတယ်၊ တကယ် ယောင်းမဖြစ်ဖြစ်တော့ ချင်လှပြီ'

'ဟာ… မမကလည်း ပေါ်တင်ကြီးပါလား၊ မဘောတ်ထ နစ်နာနေဦးမယ်၊ သူ့မောင်ကအားနဲ့သူဆိုတော့ ရေတိမ်နစ်မှာစိုးတယ်၊ ထင်သပ'

စကားတပြောပြောနှင့် သရဖီက တံခါးဝနားတွင်ရစ်ထာ ဖိနပ်တစ်ရံ ကောက်စွပ်သည်။ အဖြူရောင်မှာ ဆော်ငွေရောင်ကြယ် ပွင့်လေးတွေ လက်လက်ထနေသော ယင်းမာဖိနပ်ရိုးရိုးကလေးပင်။

'ညီမလေးဖိနပ်တွေက အကုန်လှတာချည်းပဲနော်၊ ရွေးပြီးစီး တတ်တယ်၊ အဲ့ဒါကြောင့်လည်း အေးလေ… မောင်ခိုင်ဝေက သဘော ကျတာလက်မလွှတ်နိုင် ဖြစ်နေလောက်ပါတယ်၊ ကိုယ်တောင်မှ မိန်းမ ချင်းမနောလိုဖြစ်လာပြီ သိလား'

'အင်း… မမကလည်းပြောရှာမယ်၊ ကိုခိုင်ဝေ အစ်ရေထိသို့ ပြောစရာ မလိုဘူး၊ သိပ်မြှောက်တာပဲ'

ဘယ်လိုပဲပြောပြော၊ ဘာတွေပဲလုပ်လုပ် နောက်ဆုံးတော့ လည်း ဒီဘူတာပဲဆိုက်တာ မဟုတ်လား။ ခိုင်ဝေတိုတောင်ထတော့ အားကိုးရတဲ့ အစ်မတစ်ယောက်ရထားတာ ကံကောင်းတာပဲ။ သိကြား ပင်မက မလိုင်၊ နို့ဆီတွေ၊ နတ်တွေ၊ ဝက်အူလှည့်၊ မှုလီတွေဝါ ရောသမမွှေခံရတာနဲ့ အတူတူပဲ။ သရဖီမှာ တော်ကီထဲရျောသွားရ အောင် မနည်းအလွတ်ရုန်း ရောင်နေရသည်။ မျက်လုံးက အမှတ်တရ ရှိလှစွာပင် ဖိနပ်ဖူးကလေး ရှိရာကို ငေ့ကြည့်မိလိုက်သေးသည်။ နှစ်ယောက်သား စကားတပြောပြော ပြုံးပြုံးရွှင်ရွှင်ဖြင့် လက်တွဲရည် ဆိုင်သို့ ချီတက်လာခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



'မမမောင်ရဲ့အကြောင်းက သိပ်သိသေးတာ မဟုတ်ဘူး၊ တော်ကြာ စိတ်ပြောင်းတာတွေဘာတွေဖြစ်နေရင် သရဖီပဲအခက်တွေ့မှာ၊ မမဆီမှာ သူ့အကြောင်းသိအောင် မေးထားရဦးမယ် သိလား၊ စိုးရိမ်ရတယ်လေ မိန်းမသားဆိုတာ'

'စိတ်ချပါ ညီမရယ်၊ သူ့အတွက် ကိုယ်အာမခံတယ်ကွာ၊ ကိုယ့်မောင်က ဒါဆိုဒါပဲ၊ အစွဲအလမ်းကြီးတယ်'

ကျေနပ်ကြည်နူးသွားသော သရဖီအပြုံးကြောင့်ပင် သူမလည်း မိန့်မိန့်ကြီးပြုံးသွားလေသည်။ အခုမှ နှစ်ယောက်သား အပြုံးပြိုင်နေတာကျနေတာပဲ။ အပြုံးပြိုင်ပွဲဝင်နေတယ်ထင်ပြီး လမ်းသွားလမ်းလာကောင်လေးတွေ ငဲ့စောင်းကြည့်ကုန်သည်။ ဘာဖြစ်လဲ။ ကိုယ့်အတွေးနဲ့ကိုယ်၊ ကိုယ့်ပါးစပ်ကိုယ် ပြုံးတာပဲ။ ချင်ပန်ဇီလောက်ကတော့ ပြင်းသနားတာပေါ့။ နပ်တွေ၊ စက္ကူတွေ၊ ခွေးသွားစိပ်တွေလောက်ကတော့ ပြုံးတာချင်းတူရင် တိုက်စားပေးပစ်လိုက်မည်။ ဘာမှတော့ မဖြစ်ပါဘူး။ ဒါပေမဲ့ ယုန်ထင်ကြောင်ထင် အထင်ခံရရုံပဲပေါ့။

'လေဆာသွားတိုက်ဆေး လိုက်ဖြန့်ရောင်းနေတဲ့ အရောင်းမြှင့်တင်ရေးမော်ဒယ်လ်တွေလေ'

အဲ့လောက်ပါပဲ။ သိပ်မများပါဘူးနော်။

❖

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

ဆွေသီခင်အဖို့ ထင်ရှားသောအမှတ်အသားတစ်ခုက ဝက်ပါ ထဲကပပေါင်ဦလို ဖြစ်နေပြီ။ ကိုထင်လတ်ရဲ့နောက်ဂုတ်က ဆေးထိုးမီး ထိထားတဲ့အမာရွတ် တကယ်ရှိမရှိ မိန်းမသားသဘာဝ အရမ်းသိချင် လာသည်။ အဘိုးကြီးပြောသလိုမျိုးသာဆို ကိုထင်လတ်ဟာ မကြာခင် အမွေတွေရတော့မယ့် သူဌေးလောင်းပဲ။ သူမလည်း နေရင်းထိုင်ရင်း သူဌေးကတော်ဖြစ်ပြီ။ မပူမပင်မကြောင့်မကြနေရတဲ့ဘဝကို နှစ်မြို့ ကြတာ လူ့သဘာဝပဲလေ။

ဒီတော့ အမှတ်အသားကိုတွေ့ရဖို့ ဆွေသီခင် ဘာလုပ်ရမလဲ။ လည်ဂုတ်ကို ကြည့်ဖို့ကလည်း မဖြစ်နိုင်။ အကြောင်းရှာပြီးကြည့်ဖို့ နည်းလမ်းကျကျ စဉ်းစားရတာကလည်းတစ်လုပ်။ တစ်ချိန်ချိန်တော့ သိလာရမှာက အမှန်ပင်။

ဒီနေ့ သူ ကိုထင်လတ်နဲ့ချိန်းထားသည်။ ကန်တော်ကြီးထဲ သွားပြီး အပန်းဖြေဖို့။ သွားသာသွားရတာ သူ စိတ်လေးနေသည်။ အကြံတစ်ခုတော့ သီးသန့်ရထား၏။ အဲဒါကတော့ အပြန် ကိုထင် လတ်ကို စွပ်ကျယ်တစ်ခုဝယ်ပေးပြီး ချက်ချင်းဝတ်ခိုင်းကြည့်ရန်ပင်။ အဲဒါဆို လည်ဂုတ်ကအမာရွတ်ကိုမြင်ရပြီလေ။ ဒီလိုယုံမှတပတ်လုပ်



www.burmeseclassic.com

www.burmeseclassic.com



ရတာတော့ မကောင်းပေ။ မတတ်နိုင်။ ဇာကယ်ဟုတ်မဟုတ် သေချာဖို့သာ လိုချေသည်။

ကိုထင်လတ်ကို ဖုန်းဆက်ပြီးချိန်းလိုက်သည်။ ကန်တော်ကြီးထဲကငါးပြတိုက် လိုက်ပို့ပါဆိုပြီး။ ကိုထင်လတ်က သူ မအားဘူးလို့ ပထမငြင်းသေးသည်။ ချစ်သူကဆင့်ခေါ်တယ် ဆိုတော့လည်း မအားသည်ဆိုသော အကြောင်းပြချက်ကို ဘေးဖယ်ထုတ်ထားရသည်။ တကယ်တော့ ထင်လတ်က ပိတ်ရက်တွေမှာ သူငယ်ချင်းတွေနှင့် ပိုကာအပျင်းပြေသွားဒေါင်းနေကျ။ ချစ်သူထက် ဂျိုကာဖဲက အရေးကြီးသည်။ တစ်လုံးဒေါင်းကိုစွဲနေတော့ ဆွေသီခင်ကိုလည်း ပြန်ငဲ့ညာရသေးသည်။

ဆွေသီခင်ချိန်းတဲ့ တနင်္ဂနွေနေ့မနက်က ထင်လတ် ရီဝေဝေမှိုင်းထိုင်းထိုင်းဖြစ်နေသည်။ ထင်လတ် ညကအရှိန်တွေအကင်းမသေသေးလို့။ တစ်ညလုံး ပိုကာထိုင်ဒေါင်းနေတာ။ ဆွေသီခင်ကို လိုက်ပို့ပေးရမှာက ငါးပြတိုက်။ သူ့မျက်စိထဲမှာ ငါးဂဏန်းပဲ မြင်တွေ့နေရသည်။ ဒါပေမဲ့ ချစ်သူချိန်းတဲ့နေရာကိုတော့ အသော့နှင်ပြီး ရောက်အောင်သွားရသည်။

'ကိုထင်လတ် ဘယ်လိုဖြစ်နေတာလဲ၊ ဆံပင်စုတ်ထောင်းနဲ့'

'ဟိုလေ... ညကကြွက်တွေ သောင်းကျန်းလို့ ကောင်းကောင်းကန်းကန်း မအိပ်ရသေးဘူး'

'ရှင်... ဟုတ်ကောဟုတ်ရဲ့လား'

'ဆွေကလဲကွာ၊ ကိုယ်မဟုတ်ဘဲနဲ့ ပြောမလားကွ၊ ဆွေ့ကို ကိုယ်ဘယ်လိမ်ဝံ့ပါ့မလဲ'

'ဒါဖြင့်လဲပြီးရော ဒီနေ့ဘာနေ့လဲ သိလား'



www.burmeseclassic.com

www.burmeseclassic.com



'မသိဘူး၊ နေ့ထူးနေ့မြတ် တစ်ခုခုပဲလား'

'ဟုတ်တယ်… တောင်သူလယ်သမားနေ့'

'ဟုတ်လား… ဆရာစံကြီးတနင်္သာရီတိုင်းမှာ ပုန်ကန်တုန်းကလေ'

'ဘာ တနင်္သာရီတိုင်းတုန်း သာယာဝတီနယ်မှာပါ'

ဆွေသီခင်က-ဘုမသိဘမသိထင်လတ်ကို နှုတ်ခမ်းလေးစူ၍ပြောသည်။ ထင်လတ်က တကယ့်တုံးတိတိ။

'တောင်သူလယ်သမားနေ့မှာ ကိုထင်လတ်ကို စွပ်ကျယ်လေးတစ်ထည်ဝယ်ပေးမလို့၊ အဲဒါ ချက်ချင်းဝတ်ပြရမယ်နော်'

'ဆွေရယ် ဗေဒင်တွေထဲကအတိုင်းတွေ လျှောက်လုပ်မနေနဲ့'

'ဘာဗေဒင်လဲ၊ ကိုယ့်စိတ်ကူးနဲ့ကိုယ်နေနေတဲ့ဟာကို၊ ဘာလဲရှင်က ဆွေဝယ်ပေးတာကို မယူချင်လို့လား'

'ယူပါ့မယ်၊ ဆွေရယ် စိတ်တော့မကောက်လိုက်ပါနဲ့'

ဒါနဲ့ပဲ ချစ်သူနှစ်ဦး ကန်တော်ကြီးဘက်သို့ ထွက်လာခဲ့သည်။

ငါးပြတိုက်ကိုကြည့်ရှုပြီးနောက် ကန်တော်ကြီးပတ်လည်လှည့်၍ လေညင်းခံကြသည်။ ထိုစဉ်မထင်မှတ်သော ပြဿနာတစ်ခုဒုတ်ချည်းပေါ်ပေါက်လာသည်။

'ကယ်ကြပါဦးရှင်… ရေနစ်နေလို့'

အဲဒီအော်သံက မလှမ်းမကမ်းမှာ။ ချက်ချင်းပင် ကိုထင်လတ်အင်္ကျီကောက်ချွတ်လိုက်သည်။ ရေနစ်နေတဲ့သူကို ကယ်ဆယ်မယ်ဆိုတဲ့သဘော။ ဆွေသီခင်ကလည်း အခွင့်အရေးကို လက်လွှတ်မခံနိုင်ပေ။ ရတဲ့အချိန်ကိုလုကာ ထင်လတ်ဂုတ်ကိုလှမ်းကြည့်မိလိုက်သည်။ သေချာတာပေါ့။ လည်ဂုတ်မှာ ဆေးလိပ်မီးခြစ်ရာဟောင်း

www.burmeseclassic.com



အမာရွတ်။ ဆွေသီခင် ပျော်သွားသည်။ ထင်လတ်ကတော့ အင်္ကျီချွတ်ပြီး ရေနစ်တဲ့နေရာကို ပြေးသွားပြီ။ ဆွေသီခင်လည်း သူ့အင်္ကျီကိုင်ပြီး နောက်မှအတင်းပြေးလိုက်သွားရသည်။ ရေနစ်တဲ့နေရာရောက်တော့ ရေနစ်တဲ့သူကို ပန်းခြံဝန်ထမ်းတွေက ကယ်ဆယ်ပြီးသား။ ထင်လတ် မောသွားသည်။ ခြေပစ်လက်ပစ် ထိုင်ချသည်။

'အဲဒီအကျင့်ကို ဖျောက်ပစ်မှရမယ်ဆွေ'

'ဘာအကျင့်တုန်း ကိုထင်လတ်ရဲ့'

'တစ်ခုခု အာမေဋိတ်အသံကြားရင် အဲဒီ အာမေဋိတ်နဲ့ပတ်သက်ပြီး တစ်ခုခုလုပ်တတ်လို့၊ အခုလည်းကြည့်၊ ကြောင်တောင်တောင်နဲ့ ရေလည်းမကူးတတ်ဘဲ၊ အင်္ကျီချွတ်ပြီးပြေးသွားတာ ရေထဲ ယောင်ပြီးခုန်ဆင်းရင် သေနေဦးမယ်'

'ဟာ… ဟုတ်လား… ဒုက္ခပဲ… အဲဒါ မကောင်းဘူး'

'ဟိုတစ်ခါ ရပ်ကွက်ထဲမီးလောင်တုန်းကလည်း ရေပုံးကို ပြေးဆွဲတာ နွားနို့ပုံးကြီးဖြစ်နေတာ၊ အဲဒါ ကိုထင်လတ် အဲဒီလိုဖြစ်ရင် နားရင်းကို ခပ်ဆတ်ဆတ်လေးချပေးလိုက်ရင် သတိပြန်ဝင်လာတယ်၊ အခုမှ အဲဒီအကျင့်က ပိုဖြစ်နေတယ်'

'ထူးထူးဆန်းဆန်းပဲနော်'

ထင်လတ်မျက်နှာက သုန်မှုန်နေရဲ့။

❖

မိုးမေမီမရဲ့အပြောအဆို အသောအရောတွေကြားမှာ သရုပ်သာယာမိတာကတော့ အမှန်ဘဲ။ မောင်ကောင်းစားတာ မြင့်ချင်တဲ့ အစ်မတွေ ရှိပါတယ်။ ကိုနိုင်ဝေရဲ့ ကောင်းချက်တွေကို ထင်ထင်



www.burmeseclassic.com

www.burmeseclassic.com



ရှားရှား သိသိသာသာ တင်ပြပြောဆိုနိုင်တဲ့ အရည်အချင်းက ပေါ့သေးသေးမှ မဟုတ်တာ။ ဒါတောင် မောင်နှမဝမ်းကွဲတော်စပ်လို့သာ။ ဒါပေမဲ့ တစ်ချက်တွေးထင်စရာ ရှိသည်။ အစ်မလုပ်သူက သရဖီနဲ့တွေ့တာ ခိုင်ဝေကို အသိမပေးချင်တာ ဘာကြောင့်လဲ။ တစ်ခုခုတော့ဖြစ်မယ် ထင်ရဲ့။ ဒါကိုတော့ တိတိကျကျလေး သိထားမှတော်ကာကျမည်။ ဒီတစ်ခါ သရဖီတစ်ယောက် မိုးမေမီမကိုရှာဖွေရတော့မည်။ သိလိုစိတ်အလျှဉ်နဲ့ပေါ့။

အနော်ရထာလမ်းမပေါ်မှာ သရဖီစိတ်ဝင်စားတာတွေက ဘောထုပ်ရွေးနေတဲ့ မမတွေကိုပဲ။ သူတို့အသက်နဲ့ လှတပတလေးတွေ စွတ်ရွေးနေတာ။ တရုတ်ကဆိုလည်း ဈေးဆစ်လိုက်တာပဲ။ အိတလီကဆိုလည်း ဈေးမေးလိုက်တာပဲ။ ဂျပန်ကဆိုရင်လည်းဈေးလျှော့ခိုင်းရတာပဲ။

'ဒါ အင်္ဂလန်ထုတ် မဖြစ်နိုင်ပါဘူး'

'အစ်မရယ် အသေအချာပဲ၊ ဟောဒီလို ဆွဲကြည့် ဆန့်ကြည့်၊ လက်ကိုင်ကြိုးဘယ်တော့မှမပြတ်ဘူး၊ မယုံရင် ကျောက်ပြားတစ်ချပ်ချပြီး ဆွဲကြည့်၊ အစ်မသာ အားကုန်သွားမယ်၊ ကြိုးက မပြတ်ဘူး၊ စည်ပင်နဲ့ရှင်းရင်တော့ အစ်မပဲရှင်းပေါ့၊ ဟား... ဟား... နောက်တာပါ'

ဘောထုပ်ရောင်းတဲ့ ဝတုတ်တုတ်ငနဲက ကွမ်းပလုပ်ပလောင်းနှင့်ပြောသည်။ မေးနေသူက မထင်မှတ်သော မမပဲ။ သရဖီလဲ သူမလက်ကို အတင်းဆွဲရင်း...

'မမ... ဘယ်လိုဖြစ်တာလဲ'

'တစ်ခါတလေ စိတ်ပြေလက်ပျောက်ပေါ့၊ ပစ္စည်းလေးတွေက မဆိုးဘူး'



www.burmeseclassic.com

www.burmeseclassic.com



'အစ်မရယ် သူတို့လည်း နေပူထဲမှာ ရောင်းနေရတာ အားပေးလိုက်ပေါ့'

'အစ်မမှာ အိတ်တွေတစ်ပုံကြီးပါ၊ ထားပါတော့ ညီမလေး ဘယ်ကိုလာတာလဲ'

•'၃၄လမ်းထဲက ခေတ်ပုံဆိုင်တစ်ဆိုင်ကိုပါ၊ အစ်မ အားရင် ကော်ဖီသွားသောက်ရအောင်'

'ကောင်းတာပေါ့ ညီမလေးရယ်၊ Mr.Brown ကိုသွားကြတာပေါ့'

ဒါနဲ့ပဲ သူတို့Mr.Brownဆိုင်ကိုရောက်သွားခဲ့သည်။ မိုးမေဓီမမက ကော်ဖီအေးတစ်ခွက်မှာသည်။ သရဖီက စတော်ဘယ်ရီဖျော်ရည် တစ်ခွက်မှာသည်။

'မမရယ်၊ ညီမလေးလေ ၁၀ တန်းသာ အောင်လာတယ်၊ လူမှုရေးဘာသာဗေဒ အကဲခတ်ညံ့တယ်ဆိုရမလား၊ ကိုခိုင်ဝေနဲ့သာ တွဲသွားတွဲလာလုပ်နေတာ ခုထိ သူဘာကြိုက်တတ်မှန်းလည်းမသိဘူး၊ သူ ဘာကိုဝါသနာပါသလဲဆိုတာလည်း မသိဘူး၊ သူ ဘာကို အစွဲအလမ်းကြီးသလဲဆိုတာလည်း မသိဘူး၊ ညီမလေး ညံ့ပါတယ်'

'အမလေး… ငါ့ညီမရယ်၊ ခိုင်ဝေအကြောင်း အသေအချာ မသိသေးလို့ပါ၊ သိရင် ညီမလေး စိတ်မောရလိမ့်မယ်၊ သူ့မှာ မကောင်းတဲ့ညာဉ်လေးတစ်ခု ရှိတယ်'

'ရှင်… ဘာညာဉ်လဲ မမရယ်'

သရဖီက ဟန်ဆောင်ပန်ဆောင်လေး ထိတ်လန့်ပြသည်။

'တခြားတော့မဟုတ်ဘူး ညီမလေးရယ်၊ သူက ငယ်ငယ်လေးတည်းက ဗေဒင်ဆရာတို့ ဗိန္ဓောဆရာတို့ကိုကြည့်ရဘူး၊ တစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



သူ ၁၀ တန်းတုန်းက မမက သူ့ကိုဗေဒင်မေးဖို့ခေါ်သွားတာ၊ ဗေဒင်ဆရာကို ဘာမပြောညာမပြောနဲ့ထရိုက်တာ၊ အဆွဲမြန်ပေလို့မေါ့'

'ဗေဒင်ဆရာက မဟုတ်တာတွေ ပြောလို့နေမှာပေါ့'

'မဟုတ်ဘူး ညီမလေးရဲ့ သူကဗေဒင်ဆရာနဲ့ ဆုံတိုင်း အကျင့်လိုဖြစ်နေတာ၊ မမဗေဒင်သွားမေးတော့လည်း သူက မဆီမဆိုင် ဗေဒင်ဆရာကို ထရိုက်မယ်လုပ်တာ၊ သူ့စိတ်ထဲမှာ အမှတ်သည်းခြေလိုဖြစ်နေတာ၊ သူ့အမေက ဗေဒင်ဆရာအာကိုယုံပြီး စီးပွားရေးလုပ်တာ ချွတ်ချွတ်လန်အောင်ရှုံးသွားတာတွေလည်း ပါမပေါ့၊ ညီမလေး ဒါတွေကို သွားမမေးနဲ့ဦးနော်၊ အကောင်းဆုံးကတော့ သူ့ကို ဗေဒင်ဆရာတွေဆီ ခေါ်မသွားတာပဲ'

'သူ့အကျင့်ကြီးကလည်း တစ်မျိုးကြီးပဲနော်'

သရဖီ မျက်မှောင်ကြုတ်၍ပြောသည်။ မိုးမေဓီမမက ခေါင်းခါယမ်းလိုက်ရင်း...

'မမလည်း တခြားတော့မဟုတ်ဘူး၊ သူ့အကျင့်လေးကို ညီမလေး မသိစေချင်လို့ အစကတော့ ဖုံးကွယ်ထားလို့ပဲ၊ ဒါပေမဲ့လည်း ခုပြောထားရင်နောက်မှပိုရှုပ်ကုန်မှာစိုး၍၊ နိုင်ဝေက တစ်ခါတလေ အစ်ရွတ်ထိုးလေး၊ ရူးကြောင်မူးကြောင်လည်း လုပ်တတ်သေး၊ ယောက်ျားတွေခပ်များများက ဗေဒင်မေးတာတို့၊ ‹ တ်ဟောတာတို့၊ သိပ်အယုံအကြည်မရှိပါဘူး၊ ဒါပေမဲ့လည်း နိုင်ဝေလောက်တော့ မဆိုးဘူး၊ သရဖီရယ် ကိုယ်မယုံကြည်တာဘဲ မျက်နှာလွှဲနေလိုက်ပေါ့၊ အခုသူ့ဟာက ယုံလည်း မယုံဘူး၊ သူတို့ပညာကလည်း ဝင်စွက်ဖက်ချင်သေးတယ်၊ အဲဒါ အစွဲကြီးသလိုဖြစ်နေတာ'

မိုးမေဓီမမက မျက်မှန်လေးကို မကာ ပင့်ကာနှင့် ရေပက်

www.burmeseclassic.com



ခင်အောင် ပြောနေသည်။ သရဖီ စိတ်လေသွားတာတော့ အမှန်ပင်။ ဘာကြောင့်လဲဆိုတော့ သရဖီကို့ဆွေမျိုးအသိုင်းအဝိုင်းတွေသည် ခတ်လိုလို နတ်လိုလို ဗေဒင်ယတြာကိစ္စတွေကို အယုံအကြည်လွန်နေကြခြင်းကြောင့်ဖြစ်သည်။ ခိုင်ဝေကို ဘယ်လိုပုံစံသွင်း နားချရမလဲ။ ဒါမှမဟုတ် သူ့အသိုင်းအဝိုင်းထဲ ခိုင်ဝေကို ဒါတွေ ယုံအောင် ဘယ်လို စည်းရုံးရမလဲ။ တွေးရင်း ခေါင်းတွေတောင်ပူလာသည်။ မိုးမေမီမမက သရဖီကို စူးစိုက်ပြီး အကဲခတ်နေ၏။

'ဒါပေမဲ့ မပူပါနဲ့ ညီမလေးရယ်'

'ညီမလေး အခုချက်ခြင်းတော့ မပူလာနိုင်ပါဘူး၊ သမီးရည်းစား သက်တမ်းကြာလာမှ ပူလာမှာစိုးတာ'

သရဖီက ညစ်ညစ်နှင့်ကိုယ့်စကားကိုယ် ဘယ်ရောက်သွားမှန်းမသိ ပြောချလိုက်သည်။ မိုးမေမီမမက သရဖီစကားကြောင့် မျက်မှန်ထူကြီးထဲက မျက်လုံးပြူးသွားသည်။

'ဟဲ့... ဟဲ့... သရဖီ အစ်မပြောတဲ့ ပူတာက တစ်မျိုးနော်'

'သရဖီလည်း ပူတဲ့ကိစ္စပဲပြောတာ၊ ဟာ... ရှုပ်ကုန်ပါပြီ၊ သရဖီ ပြောတာကတစ်မျိုး၊ ကိုခိုင်ဝေက ခတ်တွေ နတ်တွေ မယုံတာ ခုချက်ချင်း အသိမပေးရင် ဘာမှသိမှာမဟုတ်ဘူး၊ နောက်ကြာလာမှ ဆွေမျိုးတွေထဲ ဝင်ဆံ့လာရင် ရှုပ်ကုန်မှာကို ကြိုတွေးမိလို့ပါ၊ အဲဒါကို စိုးရိမ်ပူပန်တယ်လို့ ပြောတာပါ'

'ဪ... အေး... အေး... မမလည်း အစက အဲဒီလိုပဲ တွေးမိတာပါ၊ ဒါပေမဲ့ ညီမလေးရယ် ခေါင်းထဲ သိပ်ဝါရီများမနေပါနဲ့၊ မမမှာ အရမ်းစွမ်းတဲ့ ဗေဒင်ဆရာတစ်ဦးရှိပါတယ်၊ ဒီကိစ္စကို ညီမလေးအတွက် အကူအညီတောင်းပေးဖို့ မမ စီစဉ်ပေးမယ်၊ ဒါပေမဲ့ ခိုင်ဝေ မသိစေရဘူးနော်'



www.burmeseclassic.com

www.burmeseclassic.com



မိုးမေဓီမမက ချည်ပြီးတုပ်ပြီး ပြောသည်။

'အားကိုးပါတယ် မမရယ်၊ ကိုခိုင်ဝေကို ညီမလေးတို့အသိုင်းအဝိုင်းထဲမှာ ဝင်ဆံ့စေချင်တယ်'

'ဒါကတော့ ဟုတ်တာပေါ့ ညီမလေးရယ်၊ အိမ်ထောင်ဖက်တစ်ယောက်ဖြစ်ဖို့ကလည်း သူ့ရဲ့ အစစအရာရာချို့ယွင်းချက်ကအစ သိထားရမယ်'

'မမ ဗေဒင်ဆရာဆီသွားရင် ညီမလေးကိုလည်း ခေါ်နော်'

သရဖီ အားကိုးတကြီး ပြောသည်။

'စိတ်ချပါ သရဖီရယ်၊ အရေးကြီးတာက ခိုင်ဝေ မသိဖို့ပဲ၊ သူ့မိဘတွေသိသွားရင်လည်း မမကိုခုတ်မှာ၊ သရဖီနဲ့ မမတို့နှစ်ယောက်တည်း အေးအေးဆေးဆေး လှုပ်ရှားကြတာပေါ့'

'သိပ်ကောင်းတဲ့အစီအစဉ်ပဲ မမရေ…'

သရဖီ ဝမ်းသာသွားသည်။ မိုးမေဓီမမကလည်း သူဆင်သောအကွက်ထဲဝင်လာသော သရဖီကိုကြည့်ပြီး သူ့အရည်အချင်း သူသဘောကျနေသည်။ ဤကိစ္စကို ဘိုးတော်ကြီး ဦးဂုဏ်ထည်ထံ အစီရင်ခံ တင်ပြရပေဦးမည်။ ဘိုးတော်ကြီးက ဘာမဟုတ်တာလေးကို ရှုပ်ပြီးဖွဲ့ပြီး ကျူးပစ်ဂျွန်နှင့် ကျေးစေဂြိုဟ်သားကို မိုးဆုံးမြေဆုံး လိုက်ဆော်နေမည်လော။

❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

ဦးဂုဏ်ထည်က ကားတံခါးဖွင့်ဖွင့်ချင်း မျက်မှန်နက်ကြီးကို စွပ်ခနဲတပ်ကာ အဆောက်အဦအောက်ထပ်ရှိ ဓာတ်လှေကားရှိရာသို့ လမ်းလျှောက်သွားသည်။ သူ့ဘေးတွင် စက္ကူထရီ မိုးမေမီမမနှင့် ကိုယ်ရံတော် အာရဖွန်ရိုန်းဂျားတို့ ထက်ကြပ်မကွာ ပါလာလေသည်။ သုံးယောက်စလုံး ဓာတ်လှေကားအတွင်းသို့ ဝင်လိုက်လေ၏။ ဓာတ်လှေကားအတွင်း သူတို့သုံးယောက်ပဲ ရှိနေ၏။

'ငါတို့ ရင်ခုန်သံ မြေစိုက်စစ်ဆေးရေး အခြေအနေ…'

ဦးဂုဏ်ထည်က မေးသည်။ မိုးမေမီမမက သွက်လက်စွာ…

'သရဖီဆိုတဲ့ ကောင်မလေး ကျေးစေဂြိုဟ်သား ရည်းစားကို စည်းရုံးထားတာတော့ တော်တော်အဆင်ပြေနေပြီ'

'ဟုတ်ပြီ… ငါလည်း ကျူးပစ်ဂမ္ဘုန် ကောင်မလေးကို တောက်ထားတာ အိုကေနေပြီ'

ဦးဂုဏ်ထည် ပြုံးပြုံးကြီးပြောသည်။

'ငါတို့ ဘယ်လိုဆက်ရွှေ့မလဲ၊ အာရဖွန်ရိုန်းဂျား မင်းအကြံပေးစမ်း'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့ပါ… ဘော့စ်… ကျွန်တော် အခြေအနေကို အသေးစိတ်ပြန်လည်သုံးသပ်တဲ့အခါ အခြေအနေက အရင်ကထက်စာရင် တော်တော်လေး တိုးတက်ကောင်းမွန် ပြည့်စုံလာပါပြီ၊ ဘော့စ်ဝင်ထားတဲ့ကောင်မလေးက ကျူးပစ်ဂျွန်ကို အရမ်းစိတ်ဝင်စားသွားပြီ'

'သမီးရည်းစားတွေပဲ ဒါဘာဆန်းလဲ၊ မင်း စကားပြောတာလိုရင်းကို ဒဲ့ပြောကွာ'

'ဟုတ်ကဲ့ပါ… ဘော့စ်… အခြေအနေအရ…'

'ဒီ အခြေအနေဆိုတာချည်း မပါနဲ့'

'ဟုတ်ကဲ့ပါ ဘော့စ်၊ ကျွန်တော်ပြောတဲ့ စိတ်ဝင်စားတယ်ဆိုတာ ဘော့စ်ဟာ ကျူးပစ်ဂျွန်ရဲ့အဖေဆိုတာ ကောင်မလေးအကြွင်းမဲ့ယုံသွားပြီ၊ ကျူးပစ်ဂျွန်မှာ အဖေရှိသော်လည်း အဝေးတစ်နေရာမှာရှိနေသူမို့ ဘာမှလည်း စိုးရိမ်စရာမရှိပါဘူး၊ ဒါကြောင့် ဘော့စ် ကောင်မလေးကို ပြောပြတဲ့ပုံတွေဟာ အရမ်းအသက်ဝင်တယ်၊ အခြေခံလူတန်းစားဖြစ်တဲ့ ကောင်မလေးအနေနဲ့ ဘော့စ်လိုယောက်ျားမျိုးကို သူ့ဘဝရှေ့ရေးအတွက် အားကိုးမိတာ အမှန်ပဲ'

'ဟော့ကောင် မင်းစကားကြီးက ဘာလဲကွ၊ ငါက ကောင်မလေးကိုကြိုက်နေတာ မဟုတ်ဘူးလေ'

'ဟာ… ကျွန်တော်ပြောတာ ဒီလိုသဘောမျိုး မဟုတ်ပါဘူး'

အာရဖွန်ရိမ်းဂျား ခေါင်းတွေကုတ်နေပြီ။

'ဒီလိုပါ ဘော့စ်၊ အာရဖွန်က စကားပြောလောကြီးသွားတာပါ၊ ဘော့စ်ကို ကောင်မလေးက ဘော့စ် ထင်နေတာ'

မိုးမေမီမမ ဝင်ရှင်းကာမှ သပ္ပတ်အူရိုက်ကုန်ကြသည်။

'တော်ပြီ… နင်တို့မရှင်းနဲ့တော့၊ ရှုပ်ယှက်ခပ်နေတာဘဲ၊

www.burmeseclassic.com



ဒီကောင်မလေးဘဝက သာမန်ပဲဆိုတော့ ငါ့လိုယောက္ခမမျိုးရှင် တစ်နည်းမဟုတ်တစ်နည်း ကျူးပစ်ဂျွန်ကို ကပ်မှာပဲ၊ ငါက အဲဒီမှာ ပွဲသိမ်းရိုက်ချမှာက ကောင်မလေး ဒီကောင်ကို အထင်လွဲမုန်းတီးသွား အောင်ပဲ၊ ဒါကို ဘယ်လို လုပ်ရမလဲဆိုတော့… ××× ×××'

'သိပ်ကောင်းတဲ့အစီအစဉ်ပဲ… ဘော့စ်…'

မိုးမေမီမမက သွက်လက်စွာ ပြန်ဖြေသည်။

'မမ… နင်ကရော…'

'ကျွန်မက ဒီလိုစီစဉ်ထားပါတယ်… ဘော့စ်…××× ×××'

'ဟာ… သိပ်ကောင်းတဲ့ အိုင်ဒီယာပဲ၊ တော်တယ်ဟာ ဒီတော့ အာရဖွန်ရိုနိဂျား…'

'ခင်ဗျား…'

အာရာဖွန်ရိုနိဂျားက ပြန်ထူးသည်။

'မင်း အဲဒီနှစ်ကောင်နဲ့ ပတ်သက်ခဲ့ပြီးပြီဆိုတော့ ဒီနှစ်ကောင် ကို မင်း ကျပ်ရမယ်…'

'စိတ်ချပါ… ဘော့စ်…'

'မင်း မအူမလည်နဲ့ ကိုယ့်ရှူးကိုယ်ပတ်တော့ မလုပ်နဲ့'

ဦးဂုဏ်ထည်က အရင်ကြိုပြောထားသည်။ အာရဖွန်က လူက သာအူတူတူ ဘာမှလည်း အပတ်လည်တာမဟုတ်။

'စိတ်ချပါ… ဘော့စ်… အခြေအနေအရ…'

'လာပြန်ပြီလား… ဒီအခြေအနေ…'

'စကားထဲ ထည့်ထည့်ပြောရတာ အကျင့်ပါနေလို့…'

'ထားတော့… မင်း ငါပြောတာ သေချာမှတ်…'

'ဟုတ်ကဲ့… ဘော့စ်…'



www.burmeseclassic.com

www.burmeseclassic.com



'မင်း ဒီနှစ်ကောင် သံသယဖြစ်သွားအောင် ပိုပိုသာသာ ပီပီပြင်ပြင်လျော်ရမှာနော်၊ ဘယ်သူမဆို ကိုယ့်ချစ်သူကိုယ် ချစ်ကြတာပဲ၊ မင်းပြောလိုက်တဲ့ သံသယကြောင့် ဒီကောင်တွေ ဇဝေဇဝါတော့ ဖြစ်သွားမှာပဲ၊ အဲဒါကို မင်းက ကောင်းကောင်းမြှောက်ပေးရမယ်၊ မင်းတာဝန်က သိပ်မရှိပါဘူး၊ ကျပ်လျော်မြှောက်ပဲ'

'စိုးဟ်ချုပါ ဘော့စ်၊ အခြေအနေအရ ဟိုလေ… ဒီကောင်တွေနဲ့တွေ့ရင် သုံးဖို့စွဲဖို့…'

'မိုးမေမီမမဆီက တောင်းသွားနေပါဦး၊ ငါတို့ အခုဓာတ်လှေကားက အပေါ်အထိ မရောက်သေးတာလား'

အာရဖွန့်က ခလုတ်ပြန်နှိပ်တော့ တံခါးက ပွင့်သွားသည်။ အထပ်တက်သည့်မီး မပြပေ။

'ဟာ… ဓာတ်လှေကားက သွားမှမသွားဘဲ'

သုံးယောက်သား မျက်မှန်နက်တွေနဲ့ စက်ပျက်နေ၍ အပေါ်မတက်သော ဓာတ်လှေကားထဲ ကြောင်တောင်တောင်နှင့် ဝင်ရပ်မိလျက်သား ဖြစ်နေသည်။

❖

ထုံးစံမပျက် ဆိုင်တွင်ဆုံကြပြန်ပြီ။ ရှုးတူးတူး ပေါတောတောနှစ်ကောင်က ဂူးဂူးဝါးဝါးနှင့် သူတို့ကောင်မလေးတွေအကြောင်း အာပေါင်အာရင်းသန်သန် ပြောနေသည်။ အာရဖွန့်မှာ သူဆင်ထားသောခွင်နဲ့ မတည့်သေးသဖြင့် ဒီနှစ်ကောင် ကြွားသမျှကို နားပါးမဝဘဲ လိုမ့်ပိမ့်ခံရသည်။ သနားစရာ ကောင်းပေစွ။ သူပြောချင်သောစကားကို ဝဝလင်လင် မပြောရရှာပေ။ အာရဖွန့်လည်း ညစ်ညစ်နှင့်ကြက်ဥဆာဒါါးဟင်းချိုတွေ စွတ်သောက်ပြီး သီးသွား…



www.burmeseclassic.com

www.burmeseclassic.com



'ကဲ... ကိုအာရဖွန်ကြီး၊ ခင်ဗျား ဟန်ဆောင်မသိစမ်းပါနဲ့၊ ခင်ဗျား ကျုပ်တို့ကို ပြောစရာရှိတယ်ဆို'

'အသေအချာပါကွာ၊ ငါပြောမှာပါ၊ ပြောရမှာလည်း အားနာနေမိတယ်'

'အားနာစရာကောင်းအောင် ပြောစရာရှိလို့လား'

ကျူးပစ်ဂွန်က မေးသည်။ အာရဖွန်မူးမူးနှင့် ဘယ်ကစပြောရမှန်းမသိ ဖြစ်နေ၏။

'ဒီလိုကွာ... မင်းတို့ကောင်မလေးနှစ်ယောက်က မင်းတို့အပေါ် ပွင့်ပွင့်လင်းလင်း မရှိဘူး'

'ဟာ... အရမ်းပွင့်လင်းရင် မကောင်းဘူးဗျာ၊ ကျုပ်တို့က သာမန်ချစ်သူတွေပါ'

ခိုင်ဝေက သူ့အတွေးနှင့်သူ ချော်တောငေါ့ပြီး ပြောသည်။ ထင်လတ်ကလည်း မျက်မှောင်ကြုတ်ပြီး အာရဖွန်ကြီးကို ကြည့်နေမိသည်။

'ခင်ဗျားဗျာ သူများသမီးရည်းစားကြားထဲ အချောင် ငုတ်တုတ်ထိုင် ဝင်စွက်ဖက်ချင်သေးတယ်'

'မဟုတ်ရပါဘူးကွာ၊ ငါ လိုရင်းရောက်အောင် ပြောပါရစေဦး၊ ထင်လတ် မင်းက စပြောမယ်၊ မင်းကောင်မလေး သရဖီက'

'ဟာ... မှားနေပြီဗျာ. ခင်ဗျားကလည်း ဒီကောင့်ကောင်မလေးက ဆွေသီ ခင်ဗျ'

'အေး... အေး... မှားတဲ့အခါလည်း မှားတာပေါ့ကွာ၊ အဲ ဆွေသီခင်က ငနဲကြီးတစ်ယောက်နဲ့ တွဲနေတာ'

'တွဲတာပဲဗျာ ကားစီးရင်လည်း ယောကျ်ားတွေနဲ့ အတူတူ



www.burmeseclassic.com

www.burmeseclassic.com



တွဲစီးရတာပဲ၊ တခါတလေကျရင် တွဲတောင်ထိုင်သေး၊ ဘာမှလည်း မထူးဆန်းဘဲနဲ့'

'ငါပြောတာ အဲဒီသဘောမဟုတ်ဘူးကွ၊ တွဲတယ်ဆိုတာ'

'တွဲရင်တော့ ရမ်းမှာပဲ'

ခိုင်ဝေက ရယ်ပြီးဝင်ဖောက်သည်။

'ငါ့ရှင်းပြတာလေးတွေ ဆုံးအောင်နားထောင်ပါဦးကွာ၊ အဲဒီ ဆွေသီခင်က ပိုက်ဆံရှိတဲ့ဘော့စ်တစ်ယောက်ကို ညုတုတုလုပ်နေတာ ကွ'

'ခင်ဗျားကို ဘယ်သူပြောလဲ၊ ဘယ်ကသိလဲ၊ ဘယ်လိုတွေ ကြားထားလဲ'

'ဒီလိုကွ ဆွေသီခင်၊ ဘေးအိမ်က လူတစ်ယောက်နဲ့ ငါ သိတယ်ကွာ၊ သူပြောပြတာ အဲဒီငနဲကြီးက ကားနဲ့ ကြိုပို့လုပ်တယ်၊ ဝိတ်ရက်ဆို ဆွေသီခင်တို့ အိမ်ကိုလာတယ်၊ လက်ဆောင်တွေ ဘာတွေ ဝယ်လာတယ်ကွ'

'နေပါဦး...'

'ငါ မပြန်သေးပါဘူးကွာ'

'အဲဒါပြောတာ မဟုတ်ဘူး၊ ခင်ဗျားက ကျုပ်ချစ်သူကိုတောင် မမြင်ဖူးသေးပဲ၊ သိမလားဗျာ'

'ဟော့ကောင်... ဘာလို့ မမြင်ရမှာလဲ၊ တစ်ခါ မင်းတို့ (၇/၈)လမ်းဆုံမှတ်တိုင်မှာ ကားစောင့်နေတာ ငါမတွေ့ဘဲနေမလား၊ အမြဲလိုလိုတွေ့နေတာ၊ မင်းကောင်မလေး ငါတွေ့ဖူးတာပေါ့၊ ငါက အဲဒီ ငါ့သူငယ်ချင်းဆီ သွားလည်တာ၊ ဆွေသီခင်ကို ထပ်တွေ့တယ် ကွာ၊ အဲဒီမှာ အဲဒီငနဲကြီးနဲ့ ကားထဲအတူတူပါသွားတာ၊ မင်းကို ငါ ထိမ်ရမလားကွာ၊ အဲဒီလူကြီးနာမည်က ဦးထင်မောင်တဲ့'



www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားက သေချာမှလည်း လုပ်နော်'

ထင်လတ် တွေဝေသလိုဖြစ်သွားသည်။ အာရဖွန်ရိမ်းဂျားရဲ့ မျှော့ကွက်ထဲ ယက်ကန်ယက်ကန်နှင့် ဝင်လာချေပြီ။

'မယုံရင် မင်းစုံစမ်းကြည့်ကွာ၊ နောက်ဆုံး မင်းပါးစပ်နဲ့ပဲ မေးကြည့်၊ မင်းကို သူဘာမှပြန်ပြောနိုင်မှာ မဟုတ်ဘူး၊ ငါကတော့ မင်းတို့နဲ့ဆက်စပ်လို့ ငါသိထားသမျှတွေ ဖက်သွန်သေတ္တာမှောက် ပြောပြတာ၊ မင်းတို့ မယုံလည်း မင်းတို့အပိုင်းပဲ၊ ငါမူးလို့ လိမ်နေတာလည်း မဟုတ်ဘူး၊ လိမ်ပြောချင်လို့ မူးတာလည်း မဟုတ်ဘူး'

အာရဖွန် သရုပ်ဆောင်ချက်ပိုင်နိုင်စွာဖြင့် ပြောသည်။ ဘာပဲ ပြောပြော ထင်လတ် တွေးစရာတစ်ခုတော့ ဖြစ်သွား၏။ ခွေသီခင်မှာ သူမသိသောလျှို့ဝှက်ချက်တွေ ရှိနေမည်။ လူသူသိမခံဝံ့သောအဖြစ် တွေမျိုး ရှိနေမလား။ ထင်လတ် တောင်စဉ်ရေမရလျှောက်တွေးမိသည်။

ထင်လတ် အမူအရာမလှတော့ ခိုင်ဝေလည်း ဘာမှမဟုတ်သော အာရဖွန်ကို အားကိုးတကြီးနှင့် ဘာပြောမလဲစောင့်မျှော်ရတော့သည်။

'ခင်ဗျား သေချာအောင် စုံစမ်းပေးမလား'

'ဓာတ်ပုံပါရိုက် အသံပါဖမ်းလာခဲ့ရမလား၊ အာရဖွန်တို့က မျိုးနဲ့ ရိုးနဲ့၊ စုံထောက်ဝါသနာပါတာ၊ အဘိုးဆို ကိုလိုနီခေတ်က အင်စပက်တော်ကွ'

'ခင်ဗျားသတင်းသေချာလို့ကတော့ တွေ့မယ်'

ထင်လတ်က ကြိမ်းဝါးလိုက်သည်။

'ဒီမှာ တစ်ကောင်ရှိသေးတယ် သရဖီကို ပေါ့သေးသေးတွက်နေတဲ့ကောင်'



www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်သရဖီက ဘာဖြစ်လို့လဲ၊ လာပြန်ပြီလား၊ သူ့အိမ်ဘေးမှာ သူငယ်ချင်းတစ်ယောက်ရှိတဲ့ပုံစံမျိုး လာမလုပ်နဲ့'

နိုင်ဝေက အကြောက်အကန် ပယ်ချပစ်သည်။ အာရဖွန်က အရက်ခွက်ကို ကောက်မော့လိုက်ပြီး…

'ဟော့ကောင်… မင်း နတ်တွေ ဗေဒင်တွေ ယုံသလား'

'မယုံဘူးလည်း မဟုတ်ဘူး… ယုံရလည်း ခပ်ခက်ခက်ပဲ'

'အေး… မင်းသရဖီ မိဘတွေက အဲဒီ ဗေဒင်တွေ နတ်တွေကိုယုံပြီး ဗေဒင်ဆရာတွေ နတ်ကတော်တွေ မထားတာ အိမ်ဂရန်ပေါင်ပြီး၊ ရွှေတွေလည်း ပြောင်နေပြီ၊ နတ်ကတော်တွေက မ,မသွားတာ အဲဒါကို မင်းတားဆီးရမယ်၊ မင်းကတော့ ဟီးရိုးလုပ်ရမှာ'

'ခင်ဗျား… ဒါတွေ ဘယ်လိုလုပ်သိသလဲ'

'သိတာပေါ့ကွာ၊ သရဖီ အဖေနဲ့အမေက လိမ်ရအလွယ်ဆုံးသူတွေလို့ ဗေဒင်ဆရာတွေက အမြဲပြောကြတယ်၊ အခုတောင် ရွှေဖြစ်ငွေဖြစ် ဗေဒင်ဆရာတစ်ဦးကို အရမ်းယုံနေကြတယ်၊ အခု သင်းကသိဒ္ဓိတင်ပေးမယ်ဆိုပြီး သရဖီ့အမေဆီက ရွှေတွေယူထားတယ်'

'အဲဒီ ဗေဒင်ဆရာက ဘယ်သူလဲ'

'ဗေဒကဝိန် ဆရာကျိန်ဆိုလားမသိဘူး၊ သုဝဏ္ဏမှာ ဟောခန်းဖွင့်ထားတယ်'

'ခင်ဗျား တော်တော်သိတဲ့ သူပဲ'

'သိဆို အဲဒီဗေဒကဝိန်က ငါ့ဆီက ငွေငါးသောင်းမသွားတာ ဒါကို ဇာတာမြင့်အောင်ဆိုပြီး ကန်တော့ပွဲဖိုးတောင်းပြီး ဆိုင်ပါပိတ်ပြီး ထွက်ပြေးသွားတာ'

အာရဖွန်က အချိတ်အဆက်မိမိ ဇာတ်လမ်းဆင်လိုက်သည်။ နိုင်ဝေလည်း မှိုင်တွေသွားရဲ့။



www.burmeseclassic.com

www.burmeseclassic.com



'ဒီတော့ မင်း သရဖီကို တားဆီးရမယ်၊ သူတို့အစွဲကို ချွတ်ရမယ်၊ ဒါမှ မင်းကို သူတို့ အသိုင်းအဝိုင်းက လေးစားအထင်ကြီးမှာ'

'ဟုတ်တယ်... ခိုင်ဝေ၊ မင်း... အာရဖွန်ကြီးပြောသလို လုပ်သင့်တယ်၊ ရေရှည်အတွက်ပေါ့ကွာ'

ထင်လတ်က ဝင်၍ထောက်ခံပေးသည်။ အာရဖွန်က သူကျစ်တာ ထိရောက်သွားသဖြင့် ကြိတ်၍ပီတိဖြစ်နေ၏။

'မင်း အရမ်းကာရောကြီးတော့ သွားမလုပ်နဲ့နော်၊ ဖြည်းဖြည်းချင်းသွား၊ အဝင်ကြမ်းသွားရင် အနိကတ်အပြခံရမှာ၊ ကိုယ့်ဘာသာကို အေးအေးဆေးဆေးစဉ်းစားပြီး လုပ်ပေါ့ကွာ၊ သရဖီယုံကြည်ဖို့လည်း သက်သေပြနိုင်မှရမယ်'

'ကျေးဇူးပဲ အာရဖွန်ကြီးရာ၊ ကျုပ်တို့ အာရဖွန်ကြီးကို လေးစားသွားပြီဗျာ၊ သောက်ချင်ရာသောက် စားချင်ရာစား ရှော့မရှိဘူး'

အာရဖွန် သွေးသေးသေးလေးကြီးသွားသည်တော့ အမှန်။

'တော်ပါပြီကွာ... ငါလည်းမူးနေပြီ၊ မင်းတို့ ယုံတာမယုံတာ ငါမသိဘူး၊ ငါကတော့ မလိမ်ဘူး၊ မညာဘူး၊ ငါသိထားတာတွေ တိုက်ဆိုင်မှုရှိလို့ ပြောပြတာ၊ အခြားဘာရည်ရွယ်ချက်မှ မရှိဘူး၊ အေးဆေးပဲ၊ မင်းတို့ ချစ်သူဘဝတွေ သာယာရင် ငါကျေနပ်ပါတယ်၊ ဒီအဖုအထစ်လေးတွေဆိုတာလည်း မပြောပလောက်ပါဘူး၊ အချိန်တန်ရင် သူ့ဘာသာသူပြေလည်သွားမှာပဲ၊ အထင်မှားနေတာတွေကို အမြင်တည့်အောင်ခန့်မှန်းပြီး ပြုပြင်ပေးလိုက်ရင် အချိန်မီပါတယ်'

'အာရဖွန်ကြီးက တကယ်တော့ ကဝိပဲဗျ'

'ကဝိလို့ ပြောချင်တာလား၊ မထိုက်တန်သေးပါဘူးကွာ'

'ကဝိ မဟုတ်ပါဘူး၊ ကူဝိတ်ပါ'



www.burmeseclassic.com

www.burmeseclassic.com



နိုင်ဝေက အရွှန်းဖောက်လိုက်ရာ အာရဖွန်ကြီး နင်သွား၏။

'တကယ်ဆို မင်းတို့နှစ်ကောင် ငါ့ကို ဆရာတင်သင့်တယ်၊ မင်းတို့ဖြစ်စေချင်တဲ့ ပုံစံတွေကို ငါချပြချင်တယ်'

'ကျေးဇူးတင်ပါတယ် အာရဖွန်ကြီး၊ ကျုပ်တို့ကလည်း ကိုယ်လုပ်မယ့်ကိစ္စ သူများတကာကို အသိမပေးတတ်ဘူး၊ ခုလို ခင်ဗျား မေးဘဲနဲ့ ရှင်းပြတဲ့အတွက် အထူးပဲကျေးဇူးတင်ပါတယ်'

ထင်လတ် သရော်သလိုလိုနဲ့ ပြောချလိုက်တော့ အာရဖွန်ကြီး ချက်နှာရှုံ့မဲ့သွားသည်။ ခွေးသီးပုပ်တစ်လုံးကို ကားတက်ကြိတ်သွားသည့်နှယ်။

ဘာပဲပြောပြော အာရဖွန်ကြီးက ကျူးပစ်ဂျွန်နှင့် ကျေးစေပြီးဟ်သား ခေါင်းထဲ အတွေးတစ်ခုတော့ဝင်အောင်ထည့်ပေးသွား၏။

❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

'ရှင်... အန်ကယ် နိုင်ငံခြားကို သွားရတော့မယ်၊ ဟုတ်လား'

'ဟုတ်တယ် သမီး၊ အနည်းဆုံးတစ်နှစ်လောက်တော့ ကြာမယ်၊ အဲဒီအတောအတွင်းမှာ အန်ကယ် သမီးနဲ့ အဆက်အသွယ်တော့ မပြတ်စေရပါဘူး၊ သမီးလေးက သားလေးကို သစ္စာရှိရှိချစ်နော်၊ အန်ကယ်ပြန်လာတဲ့အခါကျရင် အားလုံးအဆင်ပြေသွားမှာပါ'

ဦးထင်မောင်တင့်က ရပ်တည်တည်နှင့်ပြောတော့ ဆွေသီခင် မျက်နှာကလေး ညှိုးငယ်သွားသည်။ ဘာလုပ်ရမှန်းလဲမသိ ယောင်ချာချာဖြစ်နေ၏။

'အန်ကယ့်သားနဲ့ အန်ကယ်တွေ့ခဲ့ပါလား၊ သမီး ကြားထဲက နေ ဝင်စေ့စပ်ပေးပါ့မယ်'

'ထားလိုက်ပါ သမီးရယ်၊ တော်ကြာ သားကသမီးကို ငြိုငြင်သွားပါဦးမယ်၊ ဒီကိစ္စမျိုးဆိုတာ ဇွန်းစားကြီးလုပ်လို့ မကောင်းဘူး၊ သူစိတ်ပြောင်းသွားမယ့်အချိန်ကိုစောင့်ပြီး အန်ကယ် ဖွင့်ပြောတာ ကောင်းမယ်'

ဦးထင်မောင်တင့်က သူ့သားလေးကိုရင်ဆိုင်ဖို့ အခွင့်လိုသေးသည့်ပုံစံဖြင့် သရုပ်ဆောင်ပြတာ ဝါရင့်သရုပ်ဆောင်ကြီးကျနေတာပဲ



www.burmeseclassic.com

www.burmeseclassic.com



'စိတ်ချပါ အန်ကယ်၊ ကိုထင်လတ်ကို သမီး တကယ်ချစ်တာပါ'

'သမီး အခု အန်ကယ် ဘာအကူအညီပေးရမလဲ၊ အားမနာနဲ့ ပွင့်ပွင့်လင်းလင်းသာပြော၊ အန်ကယ့်ကိုတော့ တစ်ခုကတိပေးရမယ် သမီး၊ အန်ကယ်ဟာ ထင်လတ်ရဲ့အဖေဆိုတာကိုတော့မပြောနဲ့ အန်ကယ် အချိန်ကျလို့ ပြောခိုင်းရင်လည်း သမီးလေးပဲ ပြောရမှာပါ'

ဦးထင်မောင်တင့်က ဆွေသီခင်ကို ကတိတောင်းသည်။ ဆွေသီခင်ကလည်း ထူထူအအလေးမို့အလွယ်တကူပင် ကတိပေးလိုက်သည်။

'သား... သား... တစ်ချိန်ချိန်မှာ အဖေ့မေတ္တာကို နားလည်လာပါလိမ့်မယ်'

ဆွေသီခင်လည်း ဦးထင်မောင်တင့်ကို ကြောင်တောင်တောင်လေး ကြည့်နေသည်။

'ကဲ... ကဲ သမီး၊ အန်ကယ်တို့ သွားကြမယ်၊ သမီးအိမ်နားအထိ အန်ကယ် ကားနဲ့လိုက်ပို့ပေးမယ်'

ဆွေသီခင်လည်း ဦးထင်မောင်တင့်နှင့် ဆိုင်ထဲမှ အတူတူထွက်လာကြသည်။

တစ်နေရာမှစောင့်ကြည့်နေသော ထင်လတ်နှင့် အာရဖွန်သည် ဆွေသီခင်တို့ ထွက်အလာကိုတွေ့ရသည်။ ကားပေါ် အတူတူတက်ပြီး အားမောင်းထွက်သွားသည်ကိုလည်း မြင်ရသည်။ ထင်လတ်က ချက်ချင်းဖြေရှင်းဖို့ သွားရန်ပြင်၏။

'ဟေ့... ဟေ့... မလုပ်နဲ့၊ ဒါမျိုးက အလောတကြီးသွားကြမ်းလို့မရဘူး၊ ဆွေသီခင့်နဲ့တစ်ယောက်ချင်းတွေ့မှ သေချာဖြေရှင်း



www.burmeseclassic.com

www.burmeseclassic.com



တာ အကောင်းဆုံးဘဲ၊ မိန်းမတွေများ တော်တော်ကြောက်ဖို့ကောင်းတယ်၊ ဒါကြောင့် ငါလည်း မိန်းမ မယူတာ'

အာရုဖွန်က ဝင်တားသလိုလိုနှင့် ချွန်တွန်း လုပ်နေသည်။ ထင်လတ်ကတော့ ရင်ထဲမှာမချိအောင် ပေါက်ကွဲလုနီးနီးရှိချေပြီ။ ငွေဆိုတာ သည်းခြေကြိုက်မဟုတ်ပါလော။ သူ့လို နယ်ကနေလာပြီး ကျောင်းတက်ရတဲ့သူအဖို့ ဘာမှလက်ဆုပ်လက်ကိုင်ပြစရာ မရှိတာ ဆွေသီခင် အထင်မကြီးဖို့ဖြစ်နေ၏။

'စိတ်မလေသွားပါနဲ့ကွာ၊ မိန်းမတွေ တစ်ပုံကြီးပါကွ၊ မင်း အရည်အချင်းနဲ့ မိန်းမ မရှားပါဘူး'

'ဆွေသီခင် မင်း လုပ်ရက်တယ်ကွာ၊ ထင်ကိုမထင်တာ'

'ဘောပင်လ် မင်ချောင်း မကောင်းလို့နေမှာပေါ့'

အာရုဖွန်က ရိသဲ့သဲ့ ဝင်နောက်သည်။

'ဒီကိစ္စကို ရှင်းမယ်၊ ထင်လတ်တဲ့ တစ်လတ်တည်းရှိတယ်၊ နှစ်လတ်ရှိရင် လာဘ်ခေါ်ဂါထာတောင် မရွတ်တော့ဘူး၊ သဘောပေါက်… ဟား… ဟား…'

ထင်လတ်က ဧကြးရင်းတွေးရင်း ဒေါသတွေထွက်လာသလို အာရုဖွန်က သူကျပ်တာအောင်သဖြင့် ကြိတ်မြှုံးနေ၏။

အာရုဖွန်နှင့်အတူတူ အရက်ဆိုင်ကို ချက်ချင်းတန်းရောက်သွားသည်။ အသည်းကွဲသယောင်ယောင်ဖြစ်နေသော အကောင်နှင့် ထပ်သောက်ဖို့ ကပ်တီးမှုးလုပ်နေသော အာရုဖွန်သည် မီးလောင်ရာလေပင့် မုန်တိုင်းတိုက်ရာလေပါဆိုသလို လုပ်ချေပြီ။ ထင်လတ်က ဒီညတော့ အမူးအပြဲသောက်ရမယ်ဟု ထပ်တလဲလဲ ကြုံးဝါးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



'စိတ်ထဲမှာ တနုံ့နုံ့ဖြစ်နေသလား ထင်လတ်'

'တနုံ့နုံ့တင်မကဘူး၊ ကမ်းစပ်ကို လှိုင်းရိုက်သလို တလှိုက်လှိုက် ဖြစ်နေပြီ'

ထင်လတ်က ရင်ဘတ်ကိုပုတ်ပြပြီး ပြောသည်။

'အဲဒါကြောင့် ရှေးလူကြီးတွေပြောတာ မိန်းမတွေဟာ မြစ်လိုပဲ၊ အကွေ့အကောက် အရှုပ်များတယ်၊ သာတဲ့နေရာတွေရင် ပတ်ခနဲခုန်ကူးသွားတာ၊ တကယ်ချစ်နေတဲ့ ယောကျ်ားသားတွေက ရင်ကွဲပက်လက်နဲ့ ခံစားနေရရော၊ အစကတော့ သူတို့ပဲ ချစ်လှပါချည်၊ ကြိုက်လှပါချည် အသည်းအသန်ပဲ၊ ခုတော့ကွာ ဖွတ်ထွက်မှ တောင်ပို့မှန်းသိရတော့တယ်၊ ပဒုမပေါင်တိုဇာတ်မှာလေ လင်လုပ်သူ မင်းသားက မယားရေငတ်နေတာတောင် သူ့သွေးကိုဖောက်ထုတ်ပြီး တိုက်ကျွေးတာ အဲဒါ မယားက ပေါင်တိုသူတောင်းစားကိုကြိုက်ပြီး လင်ကိုလုပ်ကြံထွက်ပြေးတာ ဘယ်လောက်ကြောက်ဖို့ကောင်းသလဲ၊ ရာဇဝင်အကိုးအကားနဲ့ရှိသေး သုံ့ခိုးဓားရိုးကမ်းတဲ့မိန်းမတွေလည်း ရှိတယ်၊ အခုတော့ စကားနဲ့ဆို မိုက်ရှဲ ခေါင်းဖြူ လက်တွဲယူချင်နေတာ သုံ့ယောနန္ဒဇာတ်ကို သိသလား'

'ဘယ်ကလာဗျာ၊ ဇာတ်ပွဲရာသီမှမဟုတ်တာ ဘယ်ကြည့်ဖူးမလဲ'

ထင်လတ်က မူးမူးနှင့်ပြောသည်။ အာရုဖွန်က သူ့သိထားသော အတိုအစပ်ဗဟုသုတဖြင့် ဆရာကြီးလူတတ် ဝင်လုပ်သည်။

'တစ်ခါက ဗာရာဏသီပြည်မှာ တဗ္ဗမင်းစိုးစံသတဲ့'

'ဘုရင်နာမည်က စိုးစံလား...'

'မဟုတ်ဘူး စိုးမိုးကျော် ပိုင်းပိုင်းလည်း၊ ဘုရင်နာမည်က တဗ္ဗမင်းကွ'



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာ သေဒုမကျွန်းမှာ ဘုရားအလောင်းက ဂဠုန်မင်း ဖြစ်နေတယ်၊ သူက အမြဲလူယောင်ဖန်ဆင်းပြီး တမ္ဗမင်းနဲ့ ကြွေအန် ကစားကြတယ်'

'ပိုကာမဒေါင်းကြဘူးလား'

'ဟော့ကောင်… ငါအကောင်းပြောနေတာ မင်းဝင်ဝင်မရှုပ်နဲ့'

'ကျုပ်က မရှုပ်ဘဲ ကျွံ့နေရမှာလား'

ထင်လတ်ကလည်း ညစ်ညစ်နှင့်ပြန်ပက်သည်။

'အဲဒီမှာ ကြွေအန်ကစားရင်း တမ္ဗမင်းရဲ့မိဖုရား သုဿောန္ဒီ ကို ဂဠုန်မင်းက အမှတ်မထင်တွေ့မိရာက နှစ်ဦးသားကပ်ငြိတွယ်တာ သွားခဲ့တယ်၊ အဲဒီမှာ ဂဠုန်မင်းက သူ့အစွမ်းနဲ့ မိုးသက်မုန်တိုင်းတစ်ခု ကျရောက်စေလိုက်တယ်'

'ဗာရာဏသီမှာ သွပ်ပြားတွေ ဈေးတက်သွားမှာပဲ'

ထင်လတ်က အာရဖွန် အားကြိုးမာန်တက်ပြောနေတာကို လှောက်ပြောင်နေသည်။

'ဒီလိုနဲ့ သံဈေးတွေပါတက် ဟာ… မဟုတ်ပါဘူး၊ အဲဒီမှာ ဗာရာဏသီတစ်ပြည်လုံးကို အမှောင်တိုက်ပြောင်းလဲပစ်လို့ လူတွေ ထွက်ပြေးချိန်မှာ မိဖုရားကိုသုတ်ပြေးသွားတယ်၊ ဘုရင်ကတော့ မိဖုရား ဘယ်ပျောက်သွားမှန်းမသိပေမယ့် တမ္ဗမင်းဆီတော့ ဂဠုန်မင်းက ကြွေအန်ကစားမြဲကစားနေတယ်၊ တမ္ဗမင်းက သဂ္ဂအမည်ရှိ စောင်း သမားကိုခေါ်ပြီး မိဖုရားကြီးကို ရှာဖွေဖို့ တာဝန်ပေးလိုက်တယ်'

'ဦးရှင်ကြီး သားလား…'

'တစ်ဝမ်းကွဲ အာ… ဟုတ်ပါဘူး၊ စောင်းသမားက



www.burmeseclassic.com

www.burmeseclassic.com


စောင်းတီးခတ်တော့ ငါးတွေက သူ့စောင်းသံမှာ ယစ်မူးကုန်ကြတယ်၊ အဲဒီမှာ မကာန်းငါးတစ်ကောင်က လှေဝမ်းထဲခုန်ဝင်လိုက်တာ လှေဝမ်း ကွဲပျက်သွားတယ်၊ စောင်းသမားလည်း ပျဉ်ပြားတစ်ချပ်ရလိုက်တာနဲ့ သေဒုမကျွန်းမှာရှိတဲ့ ဂမ္ဘုန်မင်းဗိမာန်ကို ရောက်သွားတာပေါ့'

အာရဖွန်ကတော့ ဓာတ်ထဲကလေသံနှင့် ပြောသည်။

'ဂမ္ဘုန်မင်း ဘုရင်နဲ့သွားပြီး ကြွေအန်ကစားနေတုန်း မိဖုရားက စောင်းသမားနဲ့ ဖောက်ပြန်ခဲ့တယ်၊ ဘယ်လောက်အလိုကြီးတဲ့ မိန်းမ လဲ'

'တော်ပါတော့ ဆရာရယ်၊ ဆရာက ကျုပ်ကို အနာဖြစ်နေလို့ ဆေးသိပ်ပေးတာ ငရုတ်သီးမှုန့်တွေဖြစ်နေသလိုပဲ၊ နာလည်း နာ၊ စပ်လည်း စပ်ပဲ၊ ကိုယ့်ဘာသာကိုယ် သောက်စရာရှိတာကိုပဲ သောက်'

'ငါ မင်းအတွက်ပြောတာပါကွာ'

အာရဖွန်က အားမရသေးဘဲ ဆက်ပြောချင်နေသည့်သံသော။

'မပြောနဲ့တော့၊ ကျုပ်အသည်းက မကွဲသေးဘူး၊ ဆွေသီခင် ဘယ်လောက်လိမ်နိုင်မလဲ ဆုံးဖြတ်ရဦးမှာ၊ အခုဟာက အသည်းက တစ်ခြမ်းပဲ ကွဲသေးတာ၊ အပြည့်အဝမကွဲသေးဘူး၊ ခင်ဗျားဆရာလုပ် တာနဲ့ ကျုပ်မူးတာတောင် အရသာမရှိဘူး'

'ငါက မိန်းမတွေအကြောင်း မင်းကို နားလည်စေချင်လို့ပါ ကွာ၊ နောက်ပြီး မင်းအသက်ငယ်ငယ်လေးနဲ့ နောက်ထပ်မိန်းမတွေ တစ်ပုံကြီး ရှာလို့ရသေးတယ်၊ ယောက်ျားကောင်းတော့ မောင်းထောင်း သလို အဲ... ယောက်ျားကောင်း မောင်းမတစ်ထောင်တဲ့'

'အဲဒါကျရင် ကျုပ်ကိုပြန်ပြောမှာပေါ့၊ မိန်းမလိုကြီးတ ရည်းစားတစ်ထောင် လင်ကောင်တစ်ယောက်လို့ ခဲ့မှာပေါ့'


www.burmeseclassic.com

www.burmeseclassic.com



'ညောင်စားတစ်ထောင် လင်ကောင်ဘယ်ရောက်ပါကွာ၊ စကားပုံက အိတ်ချိန်းဖြစ်သွားပြီ'

'ငါ ရှင်းမယ်ကွာ… ရှင်းမယ်…'

စားပွဲထိုးတွေက ပြေးလာ၏။ အာရဖ္ဖန်က အရက်မဝသေးသဖြင့် ကပျာကယာတားရသည်။

'မရှင်းသေးဘူးလေကွာ…'

'အဲဒါကိုပြောတာ မဟုတ်ဘူး၊ ငါ ဆွေသီခင်ကို မနက်ဖြန်သွားရှင်းမယ်၊ အသေအချာ စာရင်းရှင်းမယ်'

အာရဖ္ဖန်က ပေါ့ပေါ့ပါးပါး သက်ပြင်းလေးချရလေတော့သည်။

❖

ထင်လတ် ကန်တော်ကြီးထဲကို တမင်သက်သက် ဆွေသီခင်အား ချိန်းဆိုလိုက်သည်။ ဆွေသီခင်ကလည်း အရင်လို တိုးတိုးအအလေးပုံစံဖြင့် ချိန်းတဲ့နေရာကို ရောက်အောင်လာသည်။ ထင်လတ်က ကန်ရေပြင်ကို ကြည့်ငေးရင်း ဘယ်ကနေ စပြောရမှန်းမသိ စကားလုံးတွေ ဖင်တပြန် ခါင်းတပြန်စီနေ၏။ တကယ့်အရေးဆိုကိုယ်ပြောချင်သော တော်ဂ် က ဗလုံးဗထွေး ဘောင်ဘင်ခတ်တာတ်၏။ ကန်တော်ကြီးထဲက ထီးမိုး နှင့်သွားနေသော အတွဲများကိုလည်း သိသိသာသာ မနာလိုဖြစ်နေမိသည်။

ဆွေသီခင်တစ်ယောက် နာရီတကြည့်ကြည့်နဲ့ ထင်လတ်ချိန်းထားသောနေရာကို ယောင်ပေပေနှင့်ရောက်လာသည်။ ထင်လတ်က ရပ်ရှင်တွေထဲကလို ဆွေသီခင်အလာကို နောက်လှည့်နေရာမှ ခါးထောက်၍ လှည့်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဆွေ… မင်းသိပ်ပျော်နေတယ်ပေါ့လေ'

'ပျော်တာပေါ့ ညက မစ္စတာဘီးန်ကားကြည့်တာ ရယ်နေရတယ်'

ဆွေသီခင်က ဘာမှမသိဘဲပြောသည်။

'မင်း… ကိုယ့်ကွယ်ရာမှာ ဘာတွေလုပ်နေသလဲ'

'ကွယ်ရာမှာ ဆွေ ကွယ်ရာမှာလုပ်တာတွေ အကုန်ပြောပြရမှာလား'

ဆွေသီခင်က အူတူတူနှင့် ပြန်မေးခွန်းထုတ်သည်။

'ဆွေလေ အိမ်မှာ အခွေကြည့်တယ်၊ မီးပျက်ရင် စာဖတ်တယ်၊ ပုတီးစိပ်တယ်၊ မေမေ့ကို နှင်းနှိပ်ပေးတယ်'

'ဟာ… အဲဒါတွေကိုပြောတာ မဟုတ်ဘူး'

ထင်လတ် ဒေါနဲ့မောနဲ့ပြောမိသည်။

'ဒါဆို ဘာတွေကိုပြောတာလဲ၊ ရှင့်ဟာက မရှင်းမလင်းနဲ့၊ စကားရင်တုန်နေတဲ့ တီဗွီကို ကြည့်ရသလိုမျိုး'

'အေး… မင်းကိုပြောမယ်၊ မင်းငါ့နောက်ကွယ်မှာ အခြားလူတစ်ယောက်နဲ့ တွဲနေတယ်မို့လား'

'ဟာ… အဲဒါမဟုတ်ဘူး၊ တစ်ယောက်မဟုတ်ဘူး'

'ဘာ…'

ထင်လတ် မျက်လုံးပြူးသွားသည်။

'ဟုတ်တယ် အလုပ်တူတူတွဲလုပ်နေတာ အများကြီးပဲ၊ အဲဒါဘာဖြစ်လဲ မျက်လုံးကြီးပြူးနဲ့'

'မင်းကို အဲဒါပြောတာမဟုတ်ဘူး၊ မင်းအတိုးကြီးတစ်ယောက်နဲ့ ကားထဲအတူတူပါသွားတာ ဟိုနေ့က ငါ့မျက်စိနဲ့ ကိုယ်တိုင်တွေ့လိုက်ရတယ်'



www.burmeseclassic.com

www.burmeseclassic.com



ဆွေသီခင် ပြူးတူးကြောင်တောင်နှင့်စဉ်းစားနေ၏။ ပြန်းခနဲ မမှတ်မိ။

'ဘာကားနဲ့ပါသွားတာလဲ'

ဆွေသီခင်ကပင် မထူးဆန်းသလို ပြန်မေးသည်။

'ဆွေ… မင်း ငါ့ကို အရူးဖြစ်အောင်တော့မလုပ်နဲ့ကွာ၊ အဲဒီလူ က ဘယ်သူလဲ'

ဆွေသီခင် သေချာစဉ်းစားကြည့်တော့ ထင်လတ် ပြောသော သူသည် ထင်လတ်အဖေအရင်းဆိုသူ ဦးတင်မောင်တင့် ဖြစ်နေသည်။ ဒီကိစ္စကို ထင်လတ်သိသွားခြင်းနှင့်ပတ်သက်၍ ဆွေသီခင် ပြောသင့် မပြောသင့် စဉ်းစားရပေမည်။ ထင်လတ်က အထင်လွဲပြီး အတင်း မေးမြန်းတာမျိုးတွေဖြစ်လာရင် ဆွေသီခင် ဘာဆက်လုပ်ရမလဲ။ တွေးရင်းနဲ့ ချောင်ထဲဝင်မိသလိုဖြစ်နေသည်။

'မင်းပြောလေ ဆွေ၊ မင်းဘက်ကမဟုတ်ရင် အမှန်အတိုင်း ဖြေလို့ မရဘူးလား'

'ဟင့်အင်း… အမှန်အတိုင်းပြောလို့မရဘူး'

ဆွေသီခင်က သူ့ သဘောနှင့်သူတွေးဆ၍ ပြောခြင်းဖြစ် သည်။ ထင်လတ်အတွက် ိမိုအထင်လွဲစေသော တုံ့ပြန်စကားတွေ ဖြစ်နေ၏။

'ဟာ… မင်း စ(ကား)ကြီးက ဘာလဲကွ၊ ငါ့ကိုသက်သက် အရူးလုပ်နေတာလား'

'တကယ်ပြောလို့ မရလို့ပါ၊ အချိန်တန်ရင် ကို ထင်လတ် ဒီလူကြီးက ဘယ်သူလဲဆိုတာ သိလာရမှာပါ၊ အခု ဆွေပြောလို့ မရသေးဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီလူကြီးက လျှို့ဝှက်ခိုင်းထား လို့ပါ'



www.burmeseclassic.com

www.burmeseclassic.com



'သြော်… မင်းတို့က ဒီလောက်ထိတောင် ဖြစ်နေကြပြီကိုး။ ဒီငနဲကြီးက မင်းကို ငွေနဲ့ပေါက်ပြီး အပျော်ကြံသွားမှာ၊ မင်းသိလား'

'ရှင်… ရှင်တော်တော်ဆိုးပါလား၊ ရှင်ငရဲကြီးမယ်နော်၊ အဲဒီလူကြီးကို ရှင်မစော်ကားနဲ့'

ဆွေသီခင်က သူနှင့်တပ်အပ်စွပ်စွဲခြင်းအတွက် ထင်လတ်ကို ငရဲကြီးမှာစိုး၍ သဘောရိုးနှင့်ပြောလိုက်ခြင်းပင်။ ဒါပေမဲ့ အဓိပ္ပာယ် သက်ရောက်မှုက အတိမ်းအစောင်းဖြစ်ပြီး ကိုယ်လိုရာဘက်ကို စောင်း ငဲ့ကုန်သည်။

'သြော်… ဆွေ၊ မင်းက မင်းလူကြီးထိတော့ နာတယ်ပေါ့ လေ၊ ရတယ်၊ ရတယ်၊ ထင်လတ်ဆိုတဲ့ကောင်က ဘာကောင်လဲ သိအောင်ပြရသေးရပေါ့'

'ရှင် ကျွန်မကိုမကြိမ်းနဲ့ အဓိပ္ပာယ်မရှိတာတွေ လျှောက် မပြောနဲ့၊ အဲဒီလူကြီးက အခြားသူမဟုတ်ဘူး၊ ကျွန်မနဲ့ယောက္ခမတော် ရမှာ'

'ဟာ… ဟာ… မင်းက ဒီလူကြီးရဲ့သားကိုပါ ထပ်ချိန် ခြန်ပြီ၊ မင်းဘယ်လိုလဲကွ ဆွေသီခင်'

ထင်လတ် ဒေါသအရမ်းထွက်လွန်းလို့ မျက်လုံးများပင် ထွက်ကျမတတ် ပြူးကျယ်နေသည်။

'အဲဒီလူကြီးရဲ့သားက ဘယ်မှလျှောက်ရှာစရာမလိုဘူး၊ မထူး တော့ပါဘူး၊ ဖွင့်ပြောလိုက်တာ ကောင်းမယ်၊ ဒီမှာ ကိုထင်လတ်၊ ကျွန်မ ရှင်းရှင်းပဲပြောမယ်'

'မင်းဘာသာမင်း ရှင်းရှင်းပဲပြောပြော၊ ယမ်ယမ်ပဲပြောပြော၊ မားမားပဲပြော ငါမင်းကို စိတ်ကုန်ချင်နေပြီ'



www.burmeseclassic.com

www.burmeseclassic.com



ထင်လတ်က ခေါင်းတွေ တဖျင်းဖျင်းကုတ်နေသည်။ သူ့စိတ်တွေလည်း နောက်ကျိနေရဲ့။

'ကိုထင်လတ်… အဲဒီ ကျွန်မကို ကားနဲ့တင်သွားတဲ့လူကြီးက ရှင့်ကို ငယ်ငယ်ကစွန့်ပစ်ထားခဲ့တဲ့ အဖေအရင်းပဲ၊ အဲဒါကို ရှင် သိသလား'

'ဟား… ဟား… ဟား… ဟား…'

ထင်လတ်မှာ ဆွေသီခင်စကားကို ကြားလိုက်ရတော့ ခုနက ဒေါသဖြစ်တာတွေ ဘယ်ရောက်သွားမှန်းမသိဘဲ လွင့်စဉ်ကုန်သည်။ ဒါပေမဲ့ ထင်လတ် ရယ်မောနေသည်ကိုကြည့်ပြီး ဆွေသီခင်က သူ အကြောင်းပြောနေသည်ကို လှောင်ပြောင်ရမလား စိတ်တွေဆိုးနေ၏။ စိတ်ဆိုးရာ လေဖိအားနည်းရပ်ဝန်းမှ စိတ်နာစရာမုန်တိုင်းအဖြစ် ပြောင်းလဲသွားနိုင်သောအနေအထားမျိုး ဖြစ်၏။

'ရှင်… ရှင်… ကျွန်မကိုမလှောင်နဲ့၊ ရှင်တို့သားအဖရဲ့ ချစ်ခြင်းမေတ္တာအစစ်အမှန်ကို နားလည်လာအောင် ဆောင်ရွက်ပေးနေတာ၊ ရှင့်အဖေကိုယ်တိုင် က ရှင်နဲ့ပတ်သက်ပြီး ခွင့်တောင်းခဲ့တာ၊ ခုတော့ ရှင်က ကျွန်မကိုမချစ်တဲ့အပြင် လှောင်ပြောင်ရယ်မောနေသေးတယ်၊ ရှင် အခု အဖေရင်း အမေရင်းလို့သိနေတဲ့ ကိုကျော်ဦးတို့ လင်မယားဟာ တကယ့်မိဘရင်းတွေ မဟုတ်ဘူး၊ ဦးထင်မောင်တင့် ငယ်စဉ်ကတည်းက ရှင့်ကို သူတို့ဆီမှာ ထားရစ်ခဲ့တာ'

'ဟ… ဆွေ မင်းက တော်တော်ရယ်စရာကောင်းပါလား နယ်ကငါ့အဖေဟာ ငါ့အဖေအရင်းပါကွ…'

'ရှင် အဲဒီတုန်းက ငယ်ငယ်လေးရှိသေးတာ ဘယ်သိဦးမလဲ'

'ဟ… မင်းလုပ်ပုံက ငါပဲ အိမ်ကမိဘတွေကို ပြန်မေးရမယ့်



www.burmeseclassic.com

www.burmeseclassic.com



သဘောပဲ၊ မင်းစကားတွေကို ဝေ့လည်ကြောင်ပတ်လျှောက်ပြောနေ တာတော့ မဟုတ်ပါဘူးနော်'

ထင်လတ်က ဆွေသီခင်ကို သေချာကြည့်၍ ပြေပြေပြစ်ပြစ် ပြောသည်။ ဆွေသီခင်က စိတ်ထိန်းထား၍မရနိုင်တော့။ သူ့ဒီလောက် ရှင်းပြနေတာတောင် နားမဝင်တဲ့ထင်လတ်ကို ပို၍စိတ်ဆိုးလာသည်။

'ရှင်ကလေ ကျွန်မကို စွပ်စွဲဖို့ပဲသိတယ်၊ ရှင့်အဖေကတော့ ရှင့်ကိုချစ်လွန်းလို့ အသိမပေးခိုင်းတာ၊ အခု ရှင် ရှင့်အဖေကို စိတ်ချမ်းသာအောင်ထားပါ၊ ဒါပေမဲ့ တစ်ခုတော့ပြောခဲ့မယ် ရှင်နဲ့ ရှင့် အဖေကြားမှာ ကျွန်မဘာယ်တော့မှ မပါတော့ဘူး၊ နောက်ပြီး ရှင်နဲ့ ကျွန်မကြားမှာလည်း ချစ်သူသံယောဇဉ်ဆိုတာ မရှိတော့ဘူး၊ မိတ်ဆွေ နယ်နိမိတ်စည်းကိုလည်း ခြံခတ်လိုက်ပြီ၊ ဘာအကြင်နာအင်အား ဘာ ခြတ်နိုးခွင့်မှ မရှိတော့ဘူး၊ ရှင်က ကျွန်မကို ရှင့်အဖေအရင်းခေါက် ခေါက်ကြီးနဲ့တောင်စွပ်စွဲခဲ့တာ၊ ရှင်လို ခိုးချောင်ခိုးဝှက် သဘောထား သေးသိမ်တဲ့လူကို ကျွန်မ စောစောစီးစီးလမ်းခွဲလိုက်ရတာ အကောင်း ဆုံးပဲ'

ဆွေသီခင်က အကာယ်ဒမီမှန်းထားတဲ့ မင်းသမီးအိုက်တင် ဆက်တောင် ပိုကောင်းနေသည်။ ထင်လတ်အဖို့ သူ့ဘာမှ ထပ်ရှင်းပြ စရာ မရှိတော့။ ဆွေသီခင်ကလည်း သူ့စွပ်စွဲတာနဲ့ပတ်သက်ပြီး အမုန်း ကြီး မုန်းချင်နေသည်။ ထင်လတ် ရှင်းပြချိန်သီးသန့်မရတော့ပေ။

'ရှင့်ကို ကျွန်မမုန်းတယ်၊ ကျွန်မရဲ့ကိုယ်ကျင့်တရားနဲ့ သိက္ခာ တရားကို ရှင်စော်ကားတယ်'

'ဆွေ… မင်းက ငါ့အဖေလို့ ဟိုလူကြီးကိုပြောရအောင် ဘာသက်သေအထောက်အထားရှိလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ရှိတယ်…ရှိတယ်… ရှင့်လည်ကုပ်နောက်ကျောမှာ အမာရွတ်ကလေး ရှိတယ်'

'ဟာ… အဲဒါ ဟိုတစ်ခါ လက်ဖက်ရည်ဆိုင်ထဲမှာ လူများပြီး မီးနဲ့ထိုးမိသွားတာ၊ ဘာမှမဆိုင်ဘူး'

ထင်လတ်က သူ တကယ်ပင် ဆေးလိပ်မီးနှင့်အထိုးခံခဲ့ခြင်းမှာ အမှန်ဖြစ်ကြောင်းရှင်းပြသည်။

'ရှင်ကလေ ထိပ်တိုက်မိတာတောင် ပြောင်လိမ်ချင်နေသေးတယ်၊ ရှင်က ကျွန်မအချစ်နဲ့ မထိုက်တန်ဘူး၊ တော်ပြီ… တော်ပြီ… ရှင့်အဖေနဲ့ရော ရှင်နဲ့ပါ မပတ်သက်တာကောင်းမယ်'

'ဆွေ… မင်း ငါ့ကို တကယ်စိတ်ဆိုးသွားပြီလား'

'စိတ်ပါနာသွားတာ၊ စိတ်နာရုံတင်မကဘူး၊ စိတ်ကိုမရှိတော့ဘဲ စိတ်ထဲမှာကို ဖျက်ပစ်လိုက်တာ၊ ဒါပဲ၊ သွားမယ်၊ ရှင် ကျွန်မတို့ လမ်းထဲထိလိုက်လာရင် ခွေးနဲ့ရှူးတိုက်ပစ်မယ်'

ဆွေသီခင်က ခုခနဲလှည့်ထွက်၍သွားလေသည်။ ထင်လတ်တစ်ယောက်တည်း ငူငူ့တူငိုင်တိုင်တိုင်နဲ့ ကျန်ရစ်ခဲ့သည်။

ဆွေသီခင် သူ့အပေါ် အဟုတ်ပင် အထင်လွဲသွားစေပြီလား တကယ်ပင်နာကြည်းခဲ့ပြီလား။

နာကြည်းတာသေချာရင် ဆွေသီခင်နှင့် သူနှင့်ဟာ သင်္ချိုင်း ရည်းစားအဖြစ်က ပြတ်စဲခဲ့ပြီပေါ့။

ဒါဆိုရင် အာရုဖွန်ဆီက မိန်းမ မကောင်းကြောင်းတွေ ကြားဦးမှာပေါ့။

❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

မိုးမေဓီမမ၏ အဆက်အသွယ်ကြောင့် ပထမဆုံး သရဖီ အဲဒီ ဗေဒင်ကဝိန်ဆရာကျိန့်ဆိုသူကို သွားရောက်တွေ့ဆုံသည်။ ဆရာကျိန့်က သရဖီကို အနာဂတ်ရေးရာကိစ္စများကို သူထင်သာမြင်သာအောင် ဟောပြလိုက်သည်။ ဆရာတု ဆရာယောင်ဆိုပေမယ့် မိုးမေဓီမမ၏ စီစဉ်ညွှန်ကြားချက်အတိုင်း လိုက်နာပြီး သရဖီ ရှေ့ရေးကို ပီပီပြင်ပြင် ဟောကြားရသည်။ မမှန်တာတွေ ဖိုးစိခုမှမရှိ။ မှန်လွန်းအားကြီးသောကြောင့် သရဖီကိုယ်တိုင် လက်ဖျားခါရလေသည်။

အခု သရဖီ၏ခေါ်ဆောင်မှုကြောင့် သရဖီ၏အမေနှင့် အဒေါ်များ စုပြုံစွာဖြင့် ဗေဒင်ကဝိန် ဆရာကျိန့်ဆီသို့ ရောက်ရှိနေကြပြီး အသီးသီးအသက စီးပွားရေး၊ လူမှုရေး၊ ပညာရေး စသဖြင့် ရှေ့ရေးကိစ္စတွေကို တစ်ယောက်တစ်ပေါက်ဝိုင်းမေးကြသည်။ ဟန်ဆောင်ဆားသော ဆရာကျိန့်မှာလည်း အာဝဇ္ဇန်းရွှင်ပျလှသဖြင့် ဖြီးလို့ဖြီးမှန်းမသိ၊ လိမ်လို့လိမ်မှန်းမသိ ဘုမသိဘမသိလူတွေ ခံရပေဦးမည်။ သရဖီအမေ ဗေဒင်ဝါသနာအိုးကြီးက ရှေ့ဆုံး၊ ထိပ်ဆုံးမှ အဆိုးဆုံးဆောက်တီးတောက်တဲ့လျှောက်မေးတတ်သော အဘွားကြီးကို ဆရာကျိန့်က လိပ်ပတ်လည်အောင် အာပေါက်ထွက်မတတ်ဟောရလေသည်။

www.burmeseclassic.com



'ဆရာ ကျွန်မ အခုတလော စီးပွားရေးတွေ မကောင်းဘူး ဖြစ်နေတယ်'

'အစ်မကြီး အိမ်ထဲက ပစ္စည်းတစ်ခုခုကို ရွှေ့ပြောင်းတာမျိုး ရှိသလား'

သရဖီအမေကြီးက သေချာစဉ်းစားသည်။

'သူတို့အဖေကိုတော့ ဘုရားခန်းမှာ အိပ်ခိုင်းထားတယ်'

'ဟာ အဲဒါမကောင်းဘူး၊ အိမ်ဦးနတ်ကို တစ်ယောက်တည်း ပစ်မထားကောင်းဘူး၊ ဘာလဲ အဘိုးကြီးက အိပ်တာအရမ်းကြမ်းလို့ လား၊ လင်မယားပဲဗျာ၊ ဟောက်တာတို့ဘာတို့က ဘာမှမဖြစ်ပါဘူး'

ဆရာကျိန်က ပါးစပ်ထဲရှိတာတွေ ကရားရေလွှတ် လျှောက် ပြောနေသည်ကို အားလုံးယုံနေရသည်။

'အိမ်ထဲမှာ ဘာအပင်စိုက်ထားသလဲ'

'သပြေပင်အချို့ စိုက်ထားတယ်'

'အဲဒါမကောင်းဘူး စာဆိုတောင်ရှိသေးတယ် ဌာနတည်ရာ၊ ရှေ့မျက်နှာ၌ မည်သာကျော်ခေါင်၊ ညောင်နှင့်သပြေ မစိုက်လေနှင့်၊ စိုက်လေသော်ငြား စီးပွားယုတ်နွံ့ အကျိုးမဲ့လိမ့်ရှိမယ်၊ ဒီတော့ သပြေ ကိုပြောင်းပြီး အိမ်နောက်ဖေးမှာ စိုက်သင့်ပါတယ်'

'ဆရာ ကျွန်မယောကျ်ားက ငွေပင်လေးတစ်ပင်စိုက်ထား တယ်၊ သူရော'

'သူကတော့ ကောင်းပါတယ် ငွေသီးသီးရင် စားရတာပေါ့၊ ခင်ဗျားယောကျ်ား အပင်ကိုရေလောင်းနေတုန်းမှာလည်း ဖြုတ်သွား ဦးမယ်၊ ဟား... ဟား'

ဆရာကျိန်က သရဖီအမေကြီးကို နောက်သည်။ အဲဒီ့နောက်ဖြန်က ဗေဒင်ကဝိန် ဆရာကျိန်ကို ဓာတ်ထဲမှ လူရှင်တော်တစ်ဦးအား ညကြေး



www.burmeseclassic.com

www.burmeseclassic.com



ပို့ပေး၍ ငှားလာခြင်းဖြစ်သည်။ ဒါကြောင့် သင်းကလည်း ရယ်ရွှန်းပတ် ရွှန်းလေးနှင့် မျက်နှာပြောင်နေ၏။ သရဖီ အဒေါ်တွေကလည်း သူတို့ သိချင်တာတွေ မေးမြန်းနေကြကုန်သည်။ တစ်ယောက်တစ်ပေါက်နှင့် ဗေဒင်ဟောခန်းတစ်ခုလုံး ဆူညံနေ၏။ သရဖီက စိတ်မရှည်တော့ဘဲ အော်လိုက်မိသည်။

'တိုးတိုးလုပ်ကြပါ၊ သမဝါယမဆိုင်မှာ ခွဲတမ်းနဲ့ ဆီတိုးနေတာကျနေတာပဲ၊ ခေါ်လာမိတာတောင် မှားပြီထင်တယ်'

သရဖီအော်သံကြောင့် အားလုံး ရေနှင့်မီးကိုငြိမ်းသကဲ့သို့ ငြိမ်သွားသည်။ အဲဒီကျမှ သရဖီက သူမ၏ အချစ်ရေးနှင့် အိမ်ထောင်ရေးကို ဘာတွေဖြစ်မလဲ ဆရာကျိန်ကို ဆက်လက်မေးမြန်းသည်။ ဆရာကျိန်က မိုးမေမီမမ သင်ပေးထားသည့်အတိုင်း သရဖီရှေ့ရေးနဲ့ အနာဂတ်ကို စိုးရိမ်သမှုရှိအောင် ထည့်ဟောပေးလေ၏။

'သမီးရဲ့နှလုံးသားလမ်းကြောင်းဟာ ပြတ်တိပြတ်တောင်း ဖြစ်နေတယ်၊ နောက်ပြီး လမ်းကြောင်းအမွှားမွှားတွေနဲ့ ရှုပ်နေသလိုပဲ၊ သမီးဟာ လက်ရှိအချစ်ဦးရဲ့ အထင်အမြင်မှားခြင်းကို ခံရတတ်တယ်၊ ဒါပေမဲ့ စိတ်မပူပါနဲ့၊ အဲဒီချစ်သူက သမီးတွက်ထားသလောက် သဘောထားမကြီးဘူး'

'ရှင်… ဒါဆို သူ… သူက သဘောထားသေးသိမ်တယ်ပေါ့၊ ဖြစ်နိုင်ပါ့မလား ဆရာရယ်'

သရဖီ ရင်ဘတ်ကလေးဖိကာ ပြော၏။ ဆရာကျိန်က မျက်စိကို ခဏမှိတ်၍ အာရုံဝင်စားလိုက်လေသည်။ အထင်ကြီးစရာ ရုပ်ရည်လည်း မရှိပေ။

'ထင်သလောက်လည်း မဟုတ်ပြန်ဘူး၊ သမီးရဲ့ သူဟာ သမီးနှင့် စိတ်တူကိုယ်တူ ဖြစ်လေ့ဖြစ်ထမရှိဘူး၊ သမီးက အနက်ဆိုရင် သူက အမဲဖြစ်နေတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ရှင်...'

ဆရာကျိန်က သူ၏ကွမ်းချေးထူနေသော သွားတန်းကြီးကို ဖြဲပြပြီး ပြောသည်။

'ဆရာ နောက်တာပါ၊ သမီးချစ်သူက သမီးကြိုက်သမျှတွေကို သူမကြိုက်တတ်ဘူး၊ မိဘက အလိုလိုက်ခံထားရတဲ့လူငယ်လေးဆိုတော့ စိတ်သဘောထားဟာ ထင်သလောက်မကောင်းရှာဘူး'

'မှန်လိုက်တာ ဆရာရယ်၊ ဆရာ ဟောသွားတာတွေဟာ ကွက်တိတွေချည်းပဲ'

သရဖီ ဆရာကျိန်ကို အားကိုးမိတာတော့ အမှန်ပင်။ သူ့ချစ်သူ ခိုင်ဝေသည် မိုးမေမိမမ ပြောသလိုမျိုး ဖြစ်နေပြီ။ အတွင်းသိ အစင်းသိပေါင်းကြည့်မှ ခိုင်ဝေသည် သရဖီအပေါ်တွင် အနိုင်ယူမည့် ယောကျ်ားတစ်ဦး ဖြစ်ပေလိမ့်မည်။ မိဘတွေရဲ့ စိတ်မချမှုပေါ်တွင် ခိုင်ဝေတစ်ယောက် ဆိုးချင်တိုင်းဆိုးနေမည် ဖြစ်နေသလော။

'ဘာမှတွေးပူမနေပါနဲ့ သမီးငယ်၊ ဆရာတစ်ယောက်လုံး ရှိပါတယ်၊ ဆရာ ဓာတ်ရိုက်ဓာတ်ဆင်တွေနဲ့ သမီးချစ်သူစိတ်ကို ပြောင်းလဲသွားအောင် လုပ်ပေးနိုင်စွမ်းရှိပါတယ်'

'ယုံကြည်ပါတယ် ဆရာရယ်'

သရဖီက အားကိုးတကြီးပြောသည်။ ကျန်သောအမေနှင့် အဒေါ်တွေကလည်း ဆရာကျိန်ကို ယတြာတွေ၊ အဆောင်တွေ၊ အစီအရင်တွေပေးဖို့ လူနာအမဲ ခြောက်တောင်းသလို တောင်းကုန်ကြလေသည်။ ဆရာကျိန်လည်း အသက်ကြီးမှ စန်းပွင့်နေသလားမသိ။ ဓာတ်လူရှင်တော်ဘဝတုန်းကတောင် မင်းသမီးတွေ ဝိုင်းဝိုင်းမလည်ခဲ့ဘူး။ အခုမှပဲ အဘွားကြီးတွေဝိုင်းဆွဲတာနှင့် ဟိုဟာလည်း နှစ်ခြမ်းကွဲတော့မယ်။ ရင်နှစ်ခြမ်း။



www.burmeseclassic.com

www.burmeseclassic.com



'ကဲ··· ကဲ··· နေကြပါဦး၊ အားလုံးအဆင်ပြေအောင် လုပ်ပေးပါ့မယ်၊ ဆရာကျိန် အနေရခက်အောင် မလုပ်ပါနဲ့၊ အားလုံး OK စေရပါ့မယ်၊ ဆရာ့ပညာနဲ့ အားလုံး နှစ်ဆဖြစ်စေရမယ်'

ဆရာကျိန် ငွေဖလားကြီးတစ်လုံး ထုတ်လိုက်သည်။

'ကဲ··· ကဲ··· ဆရာ သိဒ္ဓိတင်ပေးမယ်၊ ဒီဖလားထဲကို ငွေပဲဖြစ်ဖြစ်၊ ရွှေပဲဖြစ်ဖြစ်၊ ပလက်တီနမ်ပဲဖြစ်ဖြစ်၊ ပုလဲ၊ စိန်၊ သန္တာ၊ ပတ္တမြား၊ နီလာ စတာတွေပဲဖြစ်ဖြစ် ပါရင်ပါသလောက် ထည့်ပေးပါ၊ ပြီးရင် ပြန်ယူကြပေါ့၊ ကိုယ့်ဟာကိုယ်လည်း မှတ်ထားဦး'

သရဖီအပါအဝင် အသွားကြီးက သူတို့ဝတ်ထားသော လက်ကောက်တွေ၊ ဆွဲကြိုးတွေ၊ လက်စွပ်တွေ အလုအယက် ချွတ်ထည့်ကြသည်။

'ကဲ··· ဟုတ်ပြီ၊ ဆရာကျိန် အထက်ပုဂ္ဂိုလ်တွေကို ပင့်ဖိတ်လိုက်ဦးမယ်'

ဆရာကျိန်က ကန်တော့ပွဲကြီးကိုကိုင်မ၍ ပါးစပ်မှ ဂါထာတွေ ရွတ်နေလေသည်။ သရဖီတို့က စိတ်ဝင်စားစွာ မျက်တောင်မခတ်ဘဲ ကြည့်နေကြ၏။ ဆရာကျိန်က ရေစင်ခွက်ထဲမှ ရေတို့ကို လက်ဖျား ကလေးနှင့်နှစ်၍ စွတ်ကာတို့ကာဖြင့် လက်မလေးနှင့် တောက်ထုတ်လိုက်သည်။ ကန်တော့ပွဲအေားရှိ ပန်းအိုးထဲတွင် ထိုးစိုက်ထားသော ပန်းပွင့်များထက်မှ မီးပွင့်များတဖြောင်းဖြောင်း ထပွင့်သွားလေသည်။ သရဖီတို့အံ့သြစွာဖြင့် မျက်လုံးတွေပြူးသွားကြသည်။

'အထက်ဆရာတွေ ကြွလာပြီဆိုတဲ့သဘောပဲ၊ ကဲ··· ကဲ··· အားလုံးပြုကြပေတော့၊ ဝိဇ္ဇာရစ်သောင်းဘိုးတော်အပေါင်းတို့ တပည့်တော် ဆရာကျိန်ကို ကူညီညာဝိုင်းလို့ မှိုင်းမတော်မူပါ'



www.burmeseclassic.com

www.burmeseclassic.com



'မှိုင်းမမခင် မဆိုင်းမတွလုပ်ရပ်တွေကို ရပ်တန်းကရပ်ပါတော့၊ ဆရာလိန် ခေါ် ဆရာကျိုန်'

ဟောခန်းထဲဝင်လာသော ခိုင်ဝေနှင့် အာရှဖွန်က ဆရာကျိုန်ကို ဝင်ဝင်ချင်းခြိမ်းခြောက်လိုက်သည်။ ခိုင်ဝေက လက်ပိုက်ရပ်ကာ ဆရာကျိုန်ကို စူးစူးဝါးဝါးကြည့်နေသလို အာရှဖွန်ကလည်း ခါးထောက်ကာ ဘယ်သူမှဂရုမစိုက်သော ပုံစံလုပ်နေသည်။

'သရဖီ မင်းအယူလွဲနေပြီ၊ ဒီဆရာက လူလိမ်အကြီးစား ထိပ်တန်းသူခိုးကြီး၊ ဘာမှမတတ်ဘဲနဲ့ အာနဲ့ လုပ်စားနေတာ၊ မင်းတို့ အယူလွဲ၊ အထင်လွဲ၊ တက်တက်စင်အောင်လွဲနေကြပြီ'

'ရှင်··· ဘာတွေလာ ရှုပ်ပြန်ပြီလဲ ကိုခိုင်ဝေ၊ ရှင့်ဘာသာရှင် ဗေဒင်မယုံရင် ခပ်ဝေးဝေးမှာနေ၊ ကျွန်မတို့နဲ့ ဝင်မပါပါနဲ့'

သရဖီက ခိုင်ဝေမျက်နှာကို မကြည့်ရဲကြည့်ရဲနှင့်ရှိုးကာ ပြောသည်။ မိုးမေမီမမ ပြောပြချက်အရ ခိုင်ဝေသည် ဗေဒင်ဆရာကို အပြိုးအစေးကြီးတတ်သောပုံစံရှိနေသဖြင့် သရဖီထိတ်လန့်နေတာလည်း ပါသည်။ ခိုင်ဝေပုံစံက ဘီလူးစီးနေသလို ဖြစ်နေ၏။

'ဒီကောင်က လူလိမ်ကွ သရဖီ၊ ဟော့လူ ,ခင်ဗျား ယူထားတဲ့ ရွှေတွေ၊ ငွေတွေပြန်ပေး'

'ဟော့ကောင်··· မင်း ဘာကောင်လဲကွ၊ ရူးကြောင်မူးကြောင်နဲ့ ငါ့အလုပ်လုပ်နေတာ နှောင့်ယှက်ရင် အထက်ပုဂ္ဂိုလ်တွေက မင်းကို ဒဏ်ခတ်လိမ့်မယ်၊ ဝိဇ္ဇာရှစ်သောင်းဆရာအပေါင်းတို့ ဟောဒီက မကောင်းဆိုးဝါးအမှောင့်ပယောဂကို ဖယ်ရှားရှင်းလင်းပေးတော်မူပါ'

ဆရာကျိုန်က လက်အုပ်ချီ၍ တိုင်တည်နေသည်။ ခိုင်ဝေက ဆရာကျိုန်ကို ပို၍ဒေါသထွက်လာ၏။ သရဖီလေးရှေ့တွင် ဤလူလိမ်၏သရုပ်ကို ဘွားခနဲပေါ်ထွက်အောင် အနုနည်းမသုံး အကြမ်းနည်းသုံးကာ ဝုန်းဒိုင်းကျဲလုပ်မှတော်ကာကျမည်။



www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျား လိမ်နေတာတွေ ရပ်မလားမရပ်ဘူးလား'

'ဟော့ကောင်… ငါ့ပညာကို မင်းစော်ကားရင် ဆရာတွေရဲ့ အကိုင်ကိုခံရမယ်'

'ဆရာပဲကိုင်ကိုင် ဆရာမပဲကိုင်ကိုင် ဘယ်သူ့မှဂရုမစိုက်ဘူး၊ ဘယ်သူ့မှလည်း မကြောက်ဘူး'

နိုင်ဝေက အခြေအနေတော်တော်ဆိုးဝါးနေပြီ။ ဆရာကိုရှိတ သရဖီကို ပြောသည်။

'သမီးချစ်သူက ပယောဂတွေဝင်နေပြီ၊ ဒါဟာ အဖျတ် အမှောင့်တွေ၊ ဘာ… ဘာမှမပူနဲ့ ဆရာရှိတယ်'

'အားကိုးပါတယ် ဆရာရယ်၊ သူက အရင်က ဒီလိုမဟုတ်ပါ ဘူး၊ ခုမှ ဘယ်လိုဖြစ်သွားသလဲ မသိဘူး'

နိုင်ဝေက သူပွဲကြမ်းမည့်အကြောင်းကို အာရဖွန်ကို မသိသော ကပ်ပြောသည်။ အာရဖွန်က အဆင်းကို ဘီးတပ်ပေးလိုက်၏။

'ခုမှတော့ လျှော့မချနဲ့တော့၊ ငပေါကြီး ဖြစ်သွားမယ်၊ ဒီဆရာလိမ်ကလည်း အလျှော့ပေးမှာမဟုတ်ဘူး၊ မှတ်လောက်သား လောက်အောင် ပညာခန်းလေးပြလိုက်၊ ဒါမှ သရဖီတို့အမျိုးတွေကို ကယ်တင်ရာကျမယ်'

အာရဖွန်က အခြေခံကျကျချောက်တွန်း၏။

'ကိုင်း… ရှည်ရှည်ဝေးဝေးမပြောတော့ဘူး၊ တိုတိုတုတ်တုတ် ပဲ ပြောမယ်၊ ဒီမှာဆရာလိမ် ခင်ဗျားလိမ်နေတာတွေကို ရပ်လိုက်တော့၊ ခင်ဗျား ဒီထက်ပိုပြီးဆိုးဝါးလာမယ်ဆိုရင်တော့ ကျုပ် အဆိုးမဆိုနဲ့၊ သရဖီက ကျုပ်ကောင်မလေး၊ ခင်ဗျား သူနဲ့ရော သူ့အသိုင်းအဝိုင်းနဲ့ ပတ်သက်ပြီးတော့ တစ်နပ်စားလိမ်ဖို့မစဉ်းစားနဲ့'

'ကိုနိုင်ဝေ ရှင် ဘာတွေလျှောက်လုပ်နေတာလဲ ရှင်မရှုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူးလား၊ ရှင်ရှူးနေပြီလား၊ ရှင့်ကိုယ်ရှင် ဘာမှတ်နေသလဲ'

'ဟ… သရဖီ ငါမရူးဘူး၊ မင်းနဲ့မင်းအမျိုးတွေက တံလျှပ်ကို ရေထင်နေကြတာကွ၊ ကျောချမှာစားပြမှန်းသိ ဖွတ်ထွက်မှ တောင်ပို့ဆိုတာသိလိမ့်မယ်၊ မင်းလည်း ခေတ်ပညာတတ်တစ်ယောက်ပါ သရဖီရယ်၊ ဒါမျိုးတွေက စိတ်ရှိတိုင်းယုံလို့ရတာ မဟုတ်ဘူး၊ ဒါကြောင့် ငါ အခုအချိန်မီလာတားရတာပဲ၊ ဗေဒင်ယတြာတွေဖန်းပြပြီး အသုံးချ လိမ်ညာနေတဲ့ ဆရာအစုတ်ပလုတ်တွေကိုလည်း ဖြင်းရအောင်လာခဲ့တာ'

'အမလေး… ပြောရက်လိုက်တာ၊ ငါ့ကိုများ ဆရာအစုတ်ပလုတ်တဲ့၊ တွေ့ကြသေးတာပေါ့၊ ငါ့ပညာနဲ့မင်းကို ခေါ်မပေ့'

ဆရာကျိန်က တိုင်ပင်ထားသည့်အတိုင်း လက်ဝါးတစ်ချက်ဆန့်ထုတ်ကာ ပါးစပ်မှ ပွစိပွစိတွေရေရွတ်လေသည်။ ခိုင်ဝေ ဘာမှမဖြစ်သည့်အလား ပေတေတေရပ်နေ၏။ အာရုဖွန်က…

'သူ့ မျက်စိမှိတ်ရွတ်နေတုန်း ဝင်ဆော်ကွာ၊ ပြီးမှရဲစခန်းပို့မယ်'

ခိုင်ဝေက သူ့ချစ်သူရှေ့တွင် သူရဲကောင်းစွမ်းပကားကို ထုတ်ဖော်ပြသချင်ရာ ထွေထွေထူးထူးမစဉ်းစားတော့ဘဲ ဆရာကျိန်နှင့် ရင်ပေါင်တန်းယှဉ်လျက် ရပ်လိုက်သည်။ သရဖီ အတင်းတားရှာသည်။

'မလုပ်နဲ့… ကိုခိုင်ဝေ… မလုပ်နဲ့…'

ခိုင်ဝေ ဆရာကျိန်၏လည်ပင်းကို ဆောင့်ဆွဲကာ မျက်နှာချင်းတေ့ဆိုင်လိုက်၏။ ဆရာကျိန်က စပ်ဖြီးဖြီးနှင့် ချွေးတွေကျကာ ပါလာလေသည်။

'မလုပ်ပါနဲ့ကွာ'



www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားက ခုတော့ ကြောက်သွားပဲဗျ'

'ကျောက်သွား မဟုတ်ပါဘူး… ဂဝိသားပါ'

'အပိုတွေ ပြောမနေနဲ့၊ လိမ်ထားတာတွေ အကုန်ထုတ်'

'မလိမ်ရသေးပါဘူးဗျာ'

'ခင်ဗျား ဘာဖြစ်ချင်သလဲ… ပြော'

'အိမ်ပြန်ချင်တယ်'

'ဒါဆိုရင့်လည်း ပြန်ပေတော့၊ မစဉ်းစားနဲ့'

နိုင်ဝေက သူ့အားကြီးနဲ့ ဆရာကျိန်ကို ဆောင့်တွန်းလိုက်ရာ ဆရာကျိန်မှာ နောက်သို့လွင့်သွားပြီး ဟော်ခန်းပြတင်းပေါက်မှ အပြင်သို့ ပြုတ်ကျသွားသည်။ တကယ်တော့ အကွက်ဆင်ထားသည့်အတိုင်း ဆရာကျိန်က ဇာတ်လူရှင်တော်ပိုင် ပိုပိုသာသာအိုဗာလုပ်ပြခြင်းပင်။

သရဖီတို့လည်း ပြုတ်ကျသွားသော ဆရာကျိန်ကို အတင်းပြေး ကြည့်ကြသည်။ ဆရာကျိန်မှာ ပက်လက်ကလေးမေ့နေသည်။ သရဖီ အပါအဝင် အဘွားကြီးတွေက နိုင်ဝေကို ဝန်းရံလာသည်။ တစ်ခုခုလုပ် တော့မလားထင်ပြီး အာရုဖ္ဖန်လည်း အသိမသာ ထွက်ပြေးသွား၏။ နိုင်ဝေက အဝိုင်းခံရသောအခါ နည်းနည်းတော့ဖြူမိ၏။ ကိုယ်က ယောကျ်ားသား မဟုတ်ပါလား။ သူ့ကျေးဇူးကို သမီးပေးပြီးဆပ်ကြ မည့် ဆွေတော်မျိုးတော် ဘွားတော်တွေလေ။ နိုင်ဝေ ဟန်မပျက် ရင်ကော့နေသေးသည်။

'ဒီမှာ ကိုနိုင်ဝေ၊ ရှင်နဲ့ ကျွန်မနဲ့ ဒီနေ့ကစပြီး သမီးရည်းစား ခေါ် ချစ်သူစုံတွဲဘဝကနေ ရာသက်ပန် ပြတ်စဲလိုက်ပြီ။ ရှင်သေရင် လည်း ကျွန်မ မုန့်ဟင်းခါးလာမစားဘူး၊ ကျွန်မ ဟိုတယ်ကြီးကြီးမှာ တိုရီးယားမင်းသားတစ်ယောက်နဲ့ မင်္ဂလာဆောင်ရင် ရှင့်ကိုမဖိတ်ဘူး၊ ရှင်ဟာ ကျွန်မတို့မိသားစု တစ်ဆွေလုံးတစ်မျိုးလုံးကို ကျေးဇူးပေးနေ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ဗေဒင်ကို စော်ကားရုံတင်မကဘူး၊ ဗေဒင်ဆရာကိုပါ ကိုယ်ထိလက်ရောက်ကျူးလွန်တဲ့အတွက် ရှင့်အပြစ်ဟာ အဆမတန်ကြီးသွားပြီ'

'နည်းနည်းလေးသေးလို့ မရဘူးလား'

ခိုင်ဝေက မေတ္တာရပ်ခံသေးသည်။

'မရဘူး၊ ကျွန်မက ဘူးဆို ဖရုံမသီးဘူး၊ ဟင်းခံနဲ့နေရင် လှည့်မကြည့်တတ်ဘူး၊ ထွေးပြီးသားတံထွေး ပြန်မမျိုတတ်ဘူး၊ ရှင်နဲ့ကျွန်မ ဒီနေ့ကစပြီး လမ်းခွဲပြီ'

'တစ်ကားတည်းအတူတူစီး မပြန်တော့ဘူးလား'

'မပြန်ဘူး'

'ဒီမှာ မောင်အဂ္ဂ၊ မင်း အဒေါ်သမီးကိုထပ်ပြီး မနှောင့်ယှက်နဲ့တော့ မင်းလုပ်ရပ်တွေ တရားလွန်နေပြီ'

'ဟုတ်တယ်… ငါ့တူမလေးအပေါ် လူမဆန်တဲ့ကောင်'

'ခွေးကျင့် ခွေးကြံကောင်'

သရဖီအမေနှင့်အဒေါ်တွေက အပြစ်တင်လိုက်တာ ခိုင်ဝေတစ်ယောက် ခေါင်းပင်မဖော်နိုင်။ ပိုင်းမခေါ်သွားတာပဲ ကျေးဇူးတင်၏။ သရဖီကတော့ နာကြည်းသောမျက်လုံးစိမ်းတွေဖြင့် ပက်ပက်စက်စက်ကြည့်သွားကာ ခိုင်ဝေကို နှုတ်တောင်မဆက်ဘဲ ထွက်ခွာသွားသည်။

❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

အသည်းကွဲမင်းသားနှစ်ဦး စိတ်ညစ်ညစ်နှင့် ကျော်ဓောမောင်တို့ လင်မယားရှိရာ သန်လျင်ဘက်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိသွားကြသည်။ ကျော်ဓောမောင်တို့လင်မယားက တော်တော်အဆင်ပြေနေကြ၏။ သန္တာဝင့်ထည်ဆိုရင် ရင်သွေးလေးတောင်လွယ်ထားရပြီ။ သူများတစ်တွေ မိသားစုဘဝဖြစ်မယ့်အရေးရှိသော်လည်း ထင်လတ်နှင့် ခိုင်ဝေတို့မှာ ရည်းစားရှိဘဝကနေ ရည်းစားမဲ့ဘဝကို အလိုအလျောက် ရောက်ရှိသွားချေသည်။

ကျော်ဓောမောင်တို့ လင် ၊ယားကို သူတို့ဖြစ်အင်တွေ အစအဆုံး ဆွေးဆွေးမြည့်မြည့်ဖြင့် ရှင်းပြသည်။ ကျော်ဓောမောင်တို့လင်မယားက သူတို့သူငယ်ချင်း၊ တွအကြောင်း ကြားရတော့ စိတ်မကောင်းဖြစ်တာမှလွဲ၍ ဘာမှမလုပ်ပေးနိုင်။ လေပြေအေးလေးနှင့် နှစ်သိမ့်ပေးဖို့သာ ရှိတော့သည်။

ကျော်ဓောမောင်က ခိုင်ဝေတို့နှစ်ယောက်ကို သန်လျင်ရှိ ထန်းရည်ဆိုင်တစ်ဆိုင်ကို ခေါ်သွားရသည်။ ခိုင်ဝေတို့ စိတ်ကြိုက် ရင်ဖွင့်ဖို့ ကျော်ဓောမောင်က တတ်နိုင်သမျှစီစဉ်ပေးရသည်။ အရင်



www.burmeseclassic.com

www.burmeseclassic.com



သူတို့က အကျိုးတော်ဆောင်တွေကိုး။ မာနကြီးမားသော ဦးဂုဏ်ထည် တို့အသိုင်းအဝိုင်းထဲက သမီးတော်သန္တာဝင့်ထည်ကို ကျော်ဇောမောင် အစွမ်းအစနှင့် မထုတ်၍မရ။ ကုံ့ပူးပစ်ဂုမ္ဘန်နှင့် ကျေးစေဂြိုဟ်သားတို့ နှစ်ယောက်ရဲ့ မဟာရောမစီမံကိန်းကြောင့်သာ သူဌေးသမီးနှင့် ပေါင်း ဖက်ပြီး လူဖြစ်နေပြီ။ ခိုင်ဝေတို့ကျေးဇူးကို ကျော်ဇောမောင် ဆပ်ရမည် မှာ တစ်သက်လုံးဖြစ်ချင် ဖြစ်သွားပစေ။

ထန်းရည်မသောက်တာကြာလို့ ခိုင်ဝေနှင့်ထင်လတ် မူးနေကြ သည်။ အမူးအကဲ့ဒဏ်တွေနှင့်အသည်းကွဲဒဏ်တွေက သူတို့ကို ဖိစီးနေ သည်။

'ဟေ့ကောင်… မင်းတို့ဆီ ဘိုးတော်ကြီးလာသေးလား'

'မလာဘူးကွ… ဒီအဘိုးကြီး မလာတာနှစ်ပေါက်တော့ မယ်'

ကျော်ဇောမောင်က ခိုင်ဝေတို့မေးသော ဦးဂုဏ်ထည် မလာပြီ ဖြစ်၍ ထူးဆန်းကြောင်းပြောပြနေသည်။

'ဒီအဘိုးကြီးက မင်းတို့ကိုသိပ်မကြည်ဘူးကွ၊ မင်းတို့ ခေတ်ပုံ တွေ၊ အယ်လ်ဘမ်တွေ၊ အခွေပို့ပြီးကတည်းက အစာကြေတာ မဟုတ် ဘူး၊ သူ့သမီး လင်နောက်ပါ:ဘူးတာထက် မင်းတို့ ကလိသွားတာကို တနုံ့နုံ့ခံစားပြီး မခံချိမခံသာ(စ်နေတာ၊ သူ့ဒေါသစနက်တံကို မီးသွား ရှို့သလို ဖြစ်တာပေါ့ကွာ'

'အဲဒီတုန်းကလည်း ငါတို့က အပျော်သဘော လုပ်လိုက်တာ ကွာ၊ အခု စိတ်ထဲမှာတောင် မေ့မေ့ပျောက်ပျောက်ဖြစ်နေပြီ၊ မင်းတို့ တောင် ကလေးတွေဘာတွေ ရတော့မှာပဲ'

ခိုင်ဝေက မှိုင်မှိုင်တွေတွေနှင့်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒါတော့ ဟုတ်တာပေါ့ကွာ၊ ဒါနဲ့ မင်းတို့ အဆင်မပြေမှုတွေကို လင်းစမ်းပါဦး'

ခိုင်ဝေက သူနှင့် သရဖီ ဗေဒင်ဆရာကြောင့် ခွာပြဲကြပုံတွေကို ပြောပြပြီး ထင်လတ်က သူနှင့် ဆွေသီခင်ဘော့စ်တစ်ယောက်နှင့် ပက်သက်ပြီး ရန်ဖြစ်ခဲ့ရပုံတွေကို ပြောပြကြသည်။ ကျော်ဇောမောင်လည်း စိတ်တသပ်သပ်နှင့် ညဉ်းညူရုံမှတစ်ပါး ဘာမှမလုပ်ပေးနိုင်။

'မင်းတို့ကိစ္စကြီးတွေက ဖြုန်းစားကြီးတွေပဲကွာ၊ ဘယ်လိုတွေဖြစ်ရတာလဲ၊ ဆိုင်းမဆင့်ဗုံမဆင့်တွေချည်းပဲ၊ မင်းတို့ ငါနဲ့မတွေ့ခင်စဝ်ကြားမှာ တော်တော်ဖြစ်သွားတာပဲ'

'အေးကွာ… ငါတို့လည်း နားမလည်နိုင်လောက်အောင်ဖြစ်သွားရတယ်ကွာ'

'မင်းတို့ကိစ္စတွေက ပုံစံချင်းသာမတူတာ၊ ဖျက်စေချင်တဲ့ရည်ရွယ်ချက်ရှိတာချင်းတော့ တူတယ်၊ ကြည့်ရတာ တစ်ယောက်ယောက်များ မင်းတို့သမီးရည်းစားကိစ္စကို ကပျက်ယပျက်လုပ်နေသလားမသိဘူး'

ကျော်ဇောမောင်က အထင်နှင့်ပြောပြသည်။

'မင်းတို့ကိစ္စတွေကို အစအဆုံး ဘယ်သူသိသလဲ'

ကျော်ဇောမောင်က သေချာမေးသည်။ ခိုင်ဝေနှင့် ထင်လတ်စဉ်းစားခန်းတွေ တန်းစီဖွင့်ရ၏။ သူတို့ဇာတ်လမ်းတွေရဲ့ သော့ချက်တွေကို အသည်းအသန်ရှာဖွေတော့ အဓိကကျသောလူတစ်ယောက်ကို ငုတ်တုတ်သွားတွေ့လေသည်။ သူကတော့ နေရာတကာတွင် သီသာစွာအိုဇာဖြစ်ပြီး ငုတ်တုတ်ပါပါနေသော သူရဲကောင်း ဖုန်းခန်းကြီး အာရဖွန်ရိမ်းဂျားပင်။ သူသည် သူဌေးကြီး ဦးဝေသီထည်၏



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်းသော ပေါ်ကြောင်ကြောင် ကိုယ်ရံတော်ဘွဲ့ရတစ်ဦး ပင် ဖြစ်ချေ၏။

'အာရဖွန်··· ဒီကောင် ဖြစ်နိုင်တယ်၊ ဒီကောင် ငါ့တို့ကို မွှေနေတာနေမယ်'

ကျော်ဓောမောင်က အဖြစ်ပျက်တွေကိုဆက်စပ်၍ ဖြတ်လမ်း က စဉ်းစားကြည့်သည်။

'ငါထင်တာ မှန်ဖို့များတယ်၊ မင်းတို့နှစ်ကောင်ကို ငါ့ယောက်ခမ ကြီးက မကျေနပ်လို့ မင်းတို့ရဲ့ချစ်ခြင်းတွေကို အစိမ်းသတ်သတ် အကျက်သတ်သတ် ခွဲဖို့စီစဉ်လိုက်တာထင်တယ်၊ အားလုံးဟာ သူကြီး ကိုင်ပြီး အာရဖွန်ကို အကွက်ချစီစဉ်ခိုင်းတာပဲနေမယ်၊ ဒီအဘိုးကြီးက တော်တော်အငြိုးကြီးတာပဲ'

'အေး··· ကျော်ဓောမောင်တွေးတာ ဖြစ်နိုင်တယ်'

'အာရဖွန် ငါတို့ကို ချဉ်းကပ်တာ အတင်းကြီးကွ၊ နောက်ပြီး ငါတို့ မပြောဘဲ ငါတို့အကြောင်းတွေကို ခရေစေ့တွင်းကျ သိနေတာ ကလည်း မသင်္ကာစရာပဲ'

နိုင်ဝေက အတွေးကွင်းဆက်တွေကို လိုက်ဖော်ထုတ်၏။

'သိပ်သေချာတာပေါ့၊ သရဖီကလည်း တစ်ဖက်လှည့်နဲ့ ဗေဒင်ကိစ္စကို လှည့်ကျပ်တာရော မဖြစ်နိုင်ဘူးလား'

'ဟာ··· ဟာ··· ဟုတ်တယ်၊ ငါနဲ့အာရဖွန်တို့ ဆွေသိခင်ဖို့ သွားချောင်းတုန်းက တွေ့လိုက်ရတဲ့ ငနဲကြီးက ကျော်ဓောမောင် ယောက္ခမကြီးပဲထင်တယ်၊ ငါသိပ်မမှတ်မိဘူး'

ထင်လတ်က အတိတ်ကို ပြန်စဉ်းစားပြီးတွေးသည်။ သူ့ ထင်မြင်ချက်တွေဟာ တစ်စနှင့်တစ်စ ချိတ်ဆက်သွယ်တန်းလာချေပြီ



www.burmeseclassic.com

www.burmeseclassic.com



'အဘိုးကြီးက မင်းတို့ကိုအငြိုးထားပြီး မင်းတို့သမီးရည်းစား ကဏ္ဍတွေမှာ ဝင်ရောက်ဖျက်လိုဖျက်ဆီးလုပ်ထည့်လိုက်တာပဲ၊ အခြေ အနေတစ်ခုက ပုံမှန်အနေအထားကနေ ရုတ်တရက်သွေဖီပြောင်းလဲ သွားရင် ဒါဟာ မူမမှန်ဘူးလို့ တွက်ဆရမယ်'

'ဒါဆို ငါတို့ ဘာဆက်လုပ်မလဲ၊ ခွေသီခင်တို့ကလည်း ခါးခါးသီးသီးကို အထင်လွဲနေကြပြီ'

ထင်လတ်က ခွေးမြည့်သွားဟန်ဖြင့် ပြောသေးသည်။

'မင်းတို့ ကောင်မလေးတွေဘက်မလှည့်နဲ့ဦး၊ မင်းတို့ အရင် ဆုံး ဟိုကောင်အာရဖွန်ကို အရင်ရှာပြီးမေးမြန်းရမယ်၊ ဒီကောင်တ အဓိကပဲ၊ ဒီကောင်ဆီကအကြောင်းတွေ အကုန်ပြန်သိရရင်တော့ မင်းတို့ ငါ့ယောက္ခမကြီးကို ပညာပြန်ပေးရမှာ'

'ဒီအဘိုးကြီးကြောင့် ငါတို့ အသည်းတွေကွဲရတာ ပြန်တော့ ဝါးပါးလေးပညာပေးရမယ်ကွ၊ မင်းမိန်းမတော့ မသိစေနဲ့ဦး'

ခိုင်ဝေက ကျော်ဇောမောင်ကို သတိပေးရသေးသည်။

'ငါလည်း အစကတည်းက ဒီအဘိုးကြီးကို သိပ်ကြည့်မရေ ပါဘူးကွာ၊ မင်းတို့ ပိပိရိရိပြန်ပြုပ်ရှားပြီးမှ ကောင်မလေးတွေကို နားဝင်အောင်ရှင်းပြရမယ်၊ မင်းငါ့ လုပ်ရမယ့်အချက်တွေကို အသေး စိတ် အစီအစဉ်ဆွဲကွာ'

'အေး··· အဲဒါကောင်းတယ်၊ ကျော်ဇောမောင် ဒီတစ်ခါတော့ မင်း ငါတို့ကို အကြံပြန်ပေးပေါ့၊ အားကိုးပါတယ် သူငယ်ချင်းရာ'

ကျော်ဇောမောင်က သူရထားသော အကြံကိုချပြသည်။

'နံပါတ်တစ်··· မင်းတို့ 'အာရဖွန်' ကို ရှာပြီး အဘိုးကြီးရဲ့ ဆုပ်ကွက်တွေကို မေးမြန်း၊ အဲဒီထဲကနေ မင်းတို့ကောင်မလေးတွေနဲ့

www.burmeseclassic.com



အဆင်ပြန်ပြေမယ့်သဘောတွေ တွေ့လိမ့်မယ်၊ နံပါတ်နှစ်… ငါ့ယောက္ခမကြီးမှာ ငယ်ချစ်ဦး မမကြီးတစ်ယောက်ရှိတယ်၊ အခုထိ သူကလည်း အပျိုကြီးပဲ၊ ငယ်ငယ်ကတည်းက ကွဲကွာသွားပြီး အခုမှ ပြန်လည်ဆုံစည်းမိသွားတာ၊ အဲဒါ တစ်ယောက်နဲ့တစ်ယောက် ရှိုးတို့ ရှန်းတန်းတွေဖြစ်နေကြတယ်၊ သူနဲ့ပတ်သက်ပြီး အဘိုးကြီး ခိုးလိုးခုလု ဖြစ်အောင် ပြန်လုပ်ချေ၊ ဒါကတော့ မင်းတို့ အာရဖွန်ကိုမေးရင် သိမှာပါ၊ နံပါတ်သုံးအချက်က အရေးကြီးတယ်၊ မင်းတို့ အကြီးအကျယ် ဟန်ဆောင်ရမယ်၊ အဲဒါက အဆင်ပြေမယ့်နည်းလမ်းကောင်းပဲ၊ မင်းတို့ ကောင်မလေးတွေလည်း ကရုဏာသက်၊ အဘိုးကြီး မင်းတို့ကို သနားသွားမှာ'

'ငါတို့က သူတောင်းစားလုပ်ပြ ဟန်ဆောင်ရမှာလား'

'လုပ်ပြီ… ငါက အကောင်းပြောနေတာ၊ မင်းတို့ အဆင်ပြေဖို့ပြောပြနေတာ၊ ဒီလိုလုပ်××××'

ကျော်ဇောမောင်က ခိုင်ဝေနဲ့ ထင်လတ်တို့ကို သေသေချာချာ စီစဉ်အကွက်ချပြီး သူ၏ အကြံကောင်းဉာဏ်ကောင်းကို ပီပီပြင်ပြင် ပြောပြလိုက်လေသည်။

❖

ရန်ကုန်ပြန်ရောက်ရောက်ချင်း အာရဖွန်ကို မြေလှန်ရှာဖွေကြသည်။ တွေ့မယ့်တွေ့တော့လည်း ချောင်ကျကျ အရက်ဆိုင်ကလေးတွင် အာရဖွန်တစ်ယောက်တည်း ဇိမ်ဆွဲကာသောက်နေသည်။ ခိုင်ဝေနှင့် ထင်လတ်က သူ့အပြန်ကို စောင့်ကြည့်နေကြသည်။ အာရဖွန်က သီချင်းလေးတအေးအေးဖြင့် ဒယိမ်းဒယိုင် လမ်းလျှောက်နေသည်။

www.burmeseclassic.com



'ဟော့လူ··· ခင်ဗျားရုပ်စမ်း···'

အာရဖွန် နောက်သို့လှည့်ကြည့်ရာ ဘာမှမတွေ့ရ။ အရက်သမားပီပီ သွေးကြွလာပြီး···

'ဘယ်သူလဲကွ ငါ့ကိုခေါ်တာ သေသွားမယ်၊ ဒီရပ်ကွက်မှာ ငါဘာကောင်လဲ မသိဘူးလား၊ သေသွားမယ် ဟိုနေ့က အိမ်တစ်အိမ်ကို အမြင်ကတ်တာနဲ့ ဝင်ကျူးတာ ဂေါ်ပြားတစ်လက်နဲ့'

'ချေးတွေလား···'

အသံက သူ့နောက်မှာ ထက်ကြပ်မကွာ ထွက်လာပြန်၏။

'ဘယ်ကောင်လဲကွ သေချင်နေပြီထင်တယ်၊ ငါက ဒီရပ်ကွက်ထဲက လူမိုက်ဆိုတာ မသိဘူးလား'

'သိတယ်ကွ···'

'သိရင် သေဖို့သာပြင်'

အာရဖွန်က နောက်သို့လှည့်၍ လက်သီးနှင့်ထိုးရန်ရွယ်လိုက်သည်။

'အမလေး··· သ··· သရဲ···'

အာရဖွန်က ကြောက်လန့်ဘာ အမူးဒဏ်နှင့် ရောထွေး၍ ခေါ့မြောကာ ပစ်လဲကျသွားသည်၊ သရဲခြောက်သော သူတို့က ထင်လတ်နှင့် ခိုင်ဝေပင်ဖြစ်၏။ ၁စ်ခါတည်း အာရဖွန်ကိုငှားထားသော ကားထဲမတင်ကာ သူတို့အိမ်သို့ ခေါ်ဆောင်လာသည်။ ထင်လတ်က အာရဖွန်ကြီး အမူးမပြေခင် ကြိုးဖြင့်အထပ်ထပ်တုပ်နှောင်၏ ပြီးမှ ရေဖြင့် အာရဖွန်မျက်နှာကို ဖျန်းပက်လိုက်သည်။

'ဗွမ်း···'

အာရဖွန် ပြူးတူးပြဲတဲနှင့် နိုးထလာသည်။ သူ့အား ခါး



www.burmeseclassic.com

www.burmeseclassic.com



ထောက်၍ စောင့်ကြည့်နေသော ထင်လတ်နှင့် ခိုင်ဝေကို တွေ့ရသည်။ သူ့ကို ဝါးစားမတတ်ကြည့်နေကြသည်။

'ဟဲ... ဟဲ... ဟဲ... မင်းတို့ ထင်လတ်နဲ့ ခိုင်ဝေ ငါ့ကို ဘာလုပ်ကြတာလဲ၊ မနှောက်ကြပါနဲ့ကွာ'

'ကျုပ်တို့နာမည်က ထင်လတ်နဲ့ ခိုင်ဝေ မဟုတ်ဘူး၊ ခင်ဗျား သိထားတဲ့လျှို့ဝှက်နာမည်ကိုပြော'

'ဟာ... သိပါဘူး...'

'လိမ်ရင် ကိုယ့်ဘဝကိုယ်တွေးနော်၊ ခင်ဗျားက ကျုပ်တို့ လက်ခုပ်ထဲက ပန်းဖြစ်နေပြီ'

'ရေလုပ်ပါ'

'ရေဆိုလည်း လက်ကြားထဲက ထွက်ကျသွားမယ်'

အာရဖွန်က မျက်စိမျက်နှာပျက်နေပြီ။ သူလျှော်သော အကြောင်းတွေကို ဒီကောင်တွေ ကျိန်းသေသိသွားပြီ။ အာရဖွန် ထိတ်လန့်သွားကာ ချွေးသီးချွေးပေါက်တွေကျလာသည်။ စဉ်းနီးတုံးပေါ် တင်ခံထားရသည့် ငါးတစ်ကောင်လို လွတ်လမ်းမမြင်။

'ဟို... ကျူးပစ်ဂျွန်နှင့် ကျေးစေဂြိုဟ်သားပါ'

'ဟုတ်တာပေါ့... သိပ်မှန်တာပေါ့ အဲဒီနှစ်ကောင်ကို ဒုက္ခ အကြီးအကျယ်ပေးဖို့ စေခိုင်းလိုက်သူက ဘယ်သူတုန်း၊ မှန်မှန်ပြော'

'မှန်လှပါ၊ အစွယ်လိုသူ မိဖုရား အသွားစေခိုင်းသူ ခေါင်းကောရာဇ် လေးပစ်သူဘုရားကျွန်တော်မျိုး သတ်လျှင်လည်းသေရမှာ ဘုရား၊ ကရုဏာရှေးရှု လွတ်တော်မူလျှင်လည်း လူမလိမ္မာ ကျွန်လည်း ချမ်းသာရပါ့မယ် ဘုရား'

အာရဖွန်က ဓာတ်လေသံဖြင့် ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com


'တော်တန်တိတ်… မောင်မင်း အဲ… ရောကုန်ပြီ၊ ခင်ဖျားကို ခင်ဖျားဆရာ ဦးဂုဏ်ထည်က ကျုပ်တို့နှစ်ကောင်ရဲ့ ချစ်မှုချစ်ရာတွေကို ဝင်ရှုပ်ပြီး ဖျက်ဆီးဖြစ်ဖို့ တာဝန်ပေးအပ်ခြင်းခံထားရသူမဟုတ်လား၊ မှန်မှန်ပြော မပြောရင် ခင်ဖျားပါးစပ်ထဲကို သံချောင်းတွေ စုပြုံထည့်ထားပြီး သံရည်ပူတွေလောင်းထည့်ပစ်မယ်'

'မလုပ်ပါနဲ့ဗျာ၊ ပြောပါ့မယ်၊ မင်းတို့ မရက်စက်ကြပါနဲ့၊ ငါ မင်းတို့ကို အကူအညီတွေပေးထားတာ မေ့နေပြီလား'

'အဲဒါ ခင်ဖျားသိသိလျက်နဲ့ ကျုပ်တို့ကို တမင်ဇာတ်လမ်းဆင်ပြီး လုပ်ကြံတာမဟုတ်လား၊ ဖြစ်ကြောင်းရယ်ကုန်စင်ကို မနေး မမြန်ပြောစမ်း'

ထင်လတ်ကလက်ဝါးပြင်ရွယ်၍ ခြိမ်းခြောက်သည်။ အာရဖ္ဖန် မှာ ရှုံ့မဲ့ပိန်လိမ်နေသော မျက်နှာကြီးနှင့် ကျက်သရေမရှိရှာ။

အာရဖ္ဖန်မှာ ကြောက်ကြောက်လန့်လန့်နှင့် ဦးဂုဏ်[illegible] စီစဉ်သမျှ ကိစ္စရပ်များအားလုံးကို အိတ်သွန်ဖာမှောက် ရှင်းပြလေ သည်။ မရှင်းပြလျှင် မ,စိတ်မွှန်နေသော ထင်လတ်တို့လက်ချက်ဖြင့် တစ်စစီစုတ်ပြတ်သတ်ထွက်သွားနိုင်သည်။ အစီအစဉ်တွေ အစအဆုံး ထို အာရဖ္ဖန်မှ ဝန်ခံဖွင့်ဟရချေပြီ။

'အဘိုးကြီးက တော်တော်အကွက်စေ့တာပဲ၊ ငါတို့ သူ့ကို အရှုက်ခွဲသမျှတွေ နောက်ပိုင်းမှာ လိမ့်ပိန့်ခံနေရတာပဲ၊ အခု အသည်းကွဲ နေတဲ့အဆင့်ထိတောင် ရောက်နေပြီ၊ ဘာမှကို လုပ်စားလို့မရတော့ဘူး။ အာရဖ္ဖန် ခင်ဖျားကြီးဆရာက တော်တော်အကြံပက်စက်တဲ့အဘိုးကြီး ပဲ'

'ကျုပ်နဲ့ မဆိုင်ပါဘူးဗျာ၊ ဟင့်အင်း… သူနဲ့ ဗိုမေမီမတို့


www.burmeseclassic.com

www.burmeseclassic.com


စီစဉ်ပြီးမှ ဟောဒီက ကျုပ်က လိုက်လုပ်ရတာပါဗျာ၊ တလွဲမထင်ကြပါနဲ့၊ တကယ်တော့ ကျုပ်ဘဝကြီးဟာ ခင်ဗျားလေးတို့ထက် ပိုခံစားရပါတယ်ဗျ'

အာရဖွန်က ငို၍ပြောသည်။ ထင်လတ်တို့ နှစ်ယောက်လည်း အူကြောင်ကြောင်ဖြစ်သွား၏။

'နေစမ်းပါဦး၊ ခင်ဗျားက ဘာဖြစ်ရပြန်ပြီလဲ'

'ကျုပ်လည်း ကျုပ်အကြောင်းနဲ့ ကျုပ်ပါဗျာ...'

'သေချာတာတစ်ခု ခန့်မှန်းမယ်၊ ခင်ဗျားဟာ အဘိုးကြီးရဲ့ အတွင်းရေးမှူးမ မိုးမေမီမမှန်ကြောင်ကို စိတ်ဝင်စားနေတယ် မဟုတ်လား'

'ဟာဗျာ... မင်းတို့ ဘယ်လိုသိသလဲ'

အာရဖွန်က ရှက်သလိုလိုမူသလိုလို လုပ်နေသည်။

'ခန့်မှန်းကြည့်တာပါ၊ လူတိုင်းမှာ နှလုံးသားကိုယ်စီနဲ့ အချစ်ကိန်းအောင်း တည်ရှိစမြဲပဲလေ'

'ကျုပ်ဖူးစာကံက မကောင်းလှပါဘူး၊ မိုးမေမီမက ကျုပ်ကို ဖုတ်လေတဲ့ငါးပိ ရှိတယ်လို့မှမထင်၊ ဒီတော့လည်း ကျုပ်ဘဝနဲ့ကျုပ်ပဲလေ'

'ခင်ဗျားကလည်း ဘာစိတ်ဓာတ်ကျစရာရှိသလဲ၊ ကျုပ်တို့ကို ပြန်ကူညီရင် ခင်ဗျားကိုလည်း တစ်ဖက်တစ်လမ်းမှပြန်ကူညီရမှာပေါ့'

အာရဖွန် မျက်လုံးပြူးသွားသည်။ သူ့အတွက် မျှော်လင့်ခြင်းလမ်းစတစ်ခု မဟုတ်ပင်လော။

'ခင်ဗျားတို့က ဘာကူညီမှာလဲ'

'ကျုပ်တို့ကောင်မလေးတွေနဲ့ ပြန်အဆင်ပြေအောင် ပြန်လုပ်


www.burmeseclassic.com

www.burmeseclassic.com



မယ်၊ အဲဒါ ခင်ဗျားလည်း တစ်စိတ်တစ်ဒေသ တစ်နေရာတစ်ထောင့်က ပူးပေါင်းကူညီပေးပေါ့၊ ခင်ဗျားလည်း မိုးမေမိမနဲ့ ပေနာသင့်အောင် ကျုပ်တို့ ဖန်တီးပေးမယ်'

'ဟာ… ကောင်းတာပေါ့၊ ငါ ကောင်မလေးတွေကို သွားချင်းပြရမလား'

အာရဖွန်က အတင်းမေးသည်။ ထင်လတ်က လက်ကာပြရင်း…

'အဲဒါ မလိုသေးဘူး၊ ခုလောလောဆယ် ကျုပ်တို့ကို ခင်ဗျား တစ်ခုကူညီရမယ်…'

'မြန်မာလိုလား… အင်္ဂလိပ်လိုလား…'

'ဟုတ်ဘူး ကုလားလို၊ အာ… ဘာတွေလျှောက်ပြောနေတာလဲ၊ ခင်ဗျားကို ကျုပ်တို့ အခုလွှတ်ပေးမယ်၊ ဘာမှလည်း မလုပ်ဘူး၊ ဘာမှလည်း အကျုပ်မကိုင်ဘူး၊ ခင်ဗျားနဲ့ မိုးမေမိမကို ကျုပ်တို့လျော်ဆေးမယ်'

'မီးပြင်းပြင်းနဲ့နော်…'

'အဲဒါတော့ စိတ်ချ၊ ပြောင်းဖူးပေါက်ပေါက်လို တဖျောက်ဖျောက်ဖြစ်သွားမှာ'

ခိုင်ဝေက လက်သီးထိုးပြီးပြောသည်။

'ခင်ဗျား ဦးဂုဏ်ထည်ကို သတင်းတစ်ခုပို့ရမယ်၊ နောက်ပြီး ကျုပ်တို့ ကောင်မလေးတွေဖြစ်တဲ့ ခွေသီခင်နဲ့ သရဖီတို့ကို သွားပြီး သတင်းတစ်ခု ထပ်ပြောရမယ်၊ ခင်ဗျား ဒါပဲလုပ်၊ ကျန်တဲ့ ခင်ဗျားအိုးတွေ ကျုပ်တို့ သူငယ်ချင်းနှစ်ယောက် ကူညီမယ်၊ ဟုတ်လား'

'တကယ်လား… ဝမ်းသာလိုက်တာဗျာ'



www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားသာ လက်ဦးမထားရင် ခင်ဗျားဘော့စ် ဦးဂုဏ်ထည်ကြီးက လက်ဦးသွားနိုင်တယ်၊ မှန်ကြောင်မကလည်း သူ့အသက်အရွယ်အရအပျိုကြီးဘဝနဲ့ စာရင်းပိတ်ပစ်မှာ မဟုတ်ဘူး၊ မောင်တစ်ကိုယ်ပင် ရှိလင့်ကစား လင်ယောကျ်ားမရှိရင် ဘယ်ကောင်းမလဲ၊ သူလည်း သီးချိန်တန်သီး ပွင့်ချိန်တန် လန်လန်ချိန်တန်ကျော်မှ အာချင်လို့မရဘူးလေ'

'မင်းတို့ ထင်သလို မိုးမေမီမမက မှန်ကြောင်သာဖြစ်၊ သန်းသာထူတယ်၊ အသက်အရွယ်က ထင်သလောက်မကြီးသေးပါဘူး'

'ကြီးမကြီး ခင်ဗျားကြည့်ဘူးလို့လား'

'ဟော့ကောင်··· ဘာလဲ···'

'သူ့ကိုယ်ရေးဖိုင်တွဲကို ပြောတာဗျာ ခင်ဗျားဖြစ်ချင်တာတွေဆန္ဒစောပြီးစွတ်တွေးမနေနဲ့၊ အခု ကျုပ်တို့ပြောတာတွေကို လက်ခံသလား'

'လက်ခံတယ်လည်း မဟုတ်ပါဘူး'

'ဒါဖြင့် ငြင်းပယ်တယ်ပေါ့···'

'ငြင်းပယ်တာလည်း မဟုတ်ဘူး၊ လက်ခံတဲ့သဘောလည်း မဟုတ်ဘူး၊ တက်ညီလက်ညီပူးပေါင်းတာ'

'ဟာ··· ကြိုက်သွားပြီ အာရဖွန်ကြီးရေ၊ ခင်ဗျားနဲ့ ကျုပ်တို့ အစကတည်းက ဆုံတွေ့ရမှာ အတွေ့တောင် နောက်ကျနေသေး'

'ငါ့ကို ကြိုးလေးဘာလေး ဖြေပေးဦး'

ထင်လတ်တို့လည်း ကြိုးဖြေပေးပြီး အာရဖွန်ကြီးအား သူသပ်ရပ်ရပ်ဖြစ်အောင် ပြုပြင်ပေးသည်။

'ခင်ဗျားကိုလည်း နာမည်တစ်ခုလောက် ပေးရမလား'



www.burmeseclassic.com

www.burmeseclassic.com



'မလိုပါဘူးကွာ… ငါက အာရဖွန်မှ အာရဖွန်ပဲ…'

အာရဖွန်က လက်မထောင်၍ ပြည်တမ်းလိုက်သည်။

'ဒါဆိုလည်းပြီးတာပေါ့၊ ကျုပ်တို့ကတော့ ကျေးစေကြိုဟ်သားနဲ့ ကျူးပစ်ဂျွန်ပဲ…'

'ကောင်းပါတယ်ကွာ၊ ပထမတစ်ခါကလည်း ဒီနာမည်တွေကြောင့် ပက်ပက်စက်စက်ခံရတာပဲ'

အာရဖွန်က တွဲတိုးပြောချလိုက်ရာ ထင်လက်တို့နှစ်ယောက်မျက်နှာကြီး ရှုံ့မဲ့လိမ်တွန့်သွားလေသည်။

❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

ငယ်ကချစ် နှစ်တစ်ရာမမေ့သာဆိုသလို ဒီတံတားလေးပေါ်မှာ ဆော့ပြေးကစားခဲ့တာတွေကိုလည်း မှတ်မိနေသေးသည်။ ငယ်စဉ်တောင်ကျေး ဆယ်တန်းဘဝကတည်းက တွေ့ဆုံခင်မင်လာခဲ့သော မိန်းကလေးတစ်ဦးကို အသက်လေးဆယ်ကျော်ခန့်မှာ ပြန်တွေ့ရသောအခါ ဦးဂုဏ်ထည်၏ရင်သည် ငယ်မူငယ်သွေး လန်းဆန်းတက်ကြွလာခဲ့ရ၏။ နှစ်အတော်အတန်ပျောက်ဆုံးနေသော အလှမိဖုရားတစ်ပါးကို အီဂျစ်ပိရမစ်အတွင်းမှ ကျုပ်စည်းဖြေပြီး ပြန်တွေ့သကဲ့သို့ ဦးဂုဏ်ထည် ရင်ခုန်သံတွေ တစ်ကျော့ပြန်သက်ဝင်လာချေရဲ့။ တစ်ဦးတည်းသောသမီးလေးအတွက် သံယောဇဉ်တွေအားလုံးလည်း လေနှင်ရာလွင့်သကဲ့သို့ ကင်းစင်ပျောက်ကွယ်သွားချေပြီ။

အခုတစ်ဖန် သံယောဇဉ်အသစ်တွေ ဖြစ်ထွန်းပေါ်ပေါက်လာသည်။ ဦးဂုဏ်ထည် အချစ်သစ်တို့ တစ်ဖန်မွေးဖွားခဲ့ချေပြီ။

ငယ်ချစ်ဦးဟုဆိုသော မိန်းမသည် အခုအချိန်အထိ အရွယ်ကျော်တစ်ဆိတ်ဟိုင်းနေသော်လည်း ငယ်ဂုဏ်လေးရှိသဖြင့် အသွေးတင်နုပျိုလှပပြီး ယခုလက်ရှိကုမ္ပဏီတစ်ခုရဲ့ မန်နေဂျင်းဒါရိုက်တာ ဒေါ်မိုးပွင့်သီဂီ ဖြစ်နေသည်။ ခုထိ လက်ဆုပ်လက်ကိုင် မပြနိုင်သေး

www.burmeseclassic.com


သော အပျိုကြီးစာရင်းဝင်တစ်ဦးဖြစ်၏။ ချစ်သူတွေဝိုင်းဝိုင်းလည်နေသော်လည်း အရိုးများသည့်၊ ချေးခါးသည့် စံနှုန်းတွေဖြင့် သတ်မှတ်တွက်ချက်ထားတာမို့ ခုချိန်ထိ ယောကျ်ားတကာကို အထင်မကြီးသော မိန်းမတစ်ဦး ဖြစ်နေသည်။

၄၀ကျော်မှ ပြန်လည်ဆုံတွေ့သောအခါ မိုးပွင့်သီဂီသည် ချစ်စိတ်ရေးရာများမရှိတော့ဘဲ စီးပွားရေးကိုသာ ဇောက်ချလုပ်ကိုင်နေရာ သူမ၏ချစ်စိတ်ကို တူးဆွပေးဖို့ ဦးဂုဏ်ထည် ဆင်ကြံကြံရချေပြီ။ ကိုယ်ရေးကိုယ်တာမို့ ကျန်သောသူများနှင့် အသေးစိတ်မတိုင်ပင်ဘဲ တစ်ယောက်တည်းသာ ရင်ခုန်သံစစ်ဆင်ရေးတွေ ပြုလုပ်ဖန်တီးနေမိ၏။

အခုလည်း ဦးဂုဏ်ထည်ကုန်ပစ္စည်းတစ်ခုနှင့် ပတ်သက်ပြီး စပ်တူရှယ်ယာလုပ်ရန် ဒေါ်မိုးပွင့်သီဂီကို YKKO ကြေးအိုးဆိုင်တွင် ချိန်းထားသည်။ ဒေါ်မိုးပွင့်သီဂီသည် အစားအသောက်ကို ခုံမင်သော အမျိုးသမီးတစ်ဦး ဖြစ်သည်။ အမှန်တော့ ကုန်ပစ္စည်းကိုအကြောင်းပြ၍ အချစ်ကိစ္စလေးတွေ နှယ်လာဖို့စကားလုံးလေးတွေ စီထားရသည်။ သတ်မှတ်ထားသောအချိန်ထက် မသိမသာ နောက်ကျတတ်သော ဒေါ်မိုးပွင့်သီဂီကို ဦးဂုဏ်ထည်ေ ာင့်ရင်း ရင်ခုန်သံတွေ ဖလန်းဖလန်း ဖြစ်နေ၏။

'ကြေးအိုးမစားရတာ ကြာပြီ… ကိုဂုဏ်ထည်ရဲ့'

ဒေါ်မိုးပွင့်သီဂီက တူနှစ်ချောင်းကို ဖောက်ခနဲ ထုတ်လိုက်၏။ အငွေ့တလှိုင်လှိုင်နှင့် ကြေးအိုးနှစ်ပွဲလာချသည်။

'အွန်…. ကိုဂုဏ်ထည်… မိုးပွင့်ကို ပြောစရာရှိတယ်ဆို၊ ဘာများပြောမလို့လဲ'


www.burmeseclassic.com

www.burmeseclassic.com



'ပြောချင်တာကတော့ စီးပွားရေးကိစ္စပဲ၊ ဒါပေမဲ့ ပြောမထွက်ဘဲရှိတဲ့ကိစ္စကို အရင်ပြောချင်တယ်၊ စီးပွားရေးကိစ္စက ဘယ်အချိန်ပဲပြောပြော ရပါတယ်၊ ကိုဂုဏ်ထည်လေ မိုးပွင့်ကို ပြောမယ် ပြောမယ်နဲ့ ပြောမထွက်ဘဲ ဖြစ်နေတာကြာပြီ'

'ပြောလေ'

ဒေါ်မိုးပွင့်သီဂီက ငုံးဥတစ်လုံးကို ဝါးစားရင်းမေးသည်။

'မိုးပွင့်··· ဒီတစ်သက် အိမ်ထောင်ပြုဖို့ စိတ်မကူးတော့ဘူးလား···'

'အိမ်ထောင်··· ဟင်း··· ဟင်း··· ဒီအရွယ်ရောက်မှ···'

'အချို့က လေးဆယ်ကျော်မှ ဘဝစတာလေ'

ဒေါ်မိုးပွင့်သီဂီက ဦးဂုဏ်ထည်ဘာသဘောနှင့် ပြောမှန်းမသိသူကိုယ်တိုင်ပဲ ဇဝေဇဝါဖြစ်နေ၏။

'အိမ်ထောင်သားမွေးကိစ္စတွေ မလုပ်ချင်တော့ဘူး၊ ကိုဂုဏ်ထည်'

'ဒါဆို မိုးပွင့်ဘဝဟာ အသက်ကြီးလာရင် အထီးကျန်ဆန်သွားလိမ့်မယ်'

'သီလရှင်ဝတ်သွားမှာပေါ့'

'မဟုတ်သေးဘူးနော် မိုးပွင့်၊ ကိုယ်ပြောချင်တဲ့ သဘောကတော့ မိုးပွင့် အသက်ကလေးရလာလို့ ခါတ်ကြီးလေးပါး မညီညွတ်လို့ ဖောက်လွဲဖောက်ပြန် သဘောတရားလေးတွေရှိလာရင် ဆေးပေးမီးယူ တစ်ယောက်တစ်လေတော့ ရှိသင့်တယ်၊ ဒါကြောင့် တံခွန်မရှိတဲ့ ဗိမာန်မတင့်တယ်သလို လင်မရှိတဲ့မယားလည်း ဟာတာတာတွေ ဖြစ်နေတတ်ပါတယ်···'



www.burmeseclassic.com

www.burmeseclassic.com



'ရှင်က ဘာဖြစ်လို့ ဒါတွေလာပြောနေတာလဲ'

'အဲဒါ မိုးပွင့်ကိုအရင်က သံယောဇဉ်တွေ ရှန်းကြွနိုးထလာလို့၊ အဲဒါ မိုးပွင့်ကို မိကောင်းဖခင်သားပီပီ လက်ထပ်ခွင့်တောင်းချင်လို့'

'အမလေး...ကိုဂုဏ်ထည် ရှင်... ရှင် ခုမှအာဝက်ရူးပြန်တာလဲ၊ အဓိပ္ပာယ်မရှိတာ၊ ရှင်နဲ့ ကျွန်မနဲ့ သံယောဇဉ်က အသက်နှစ်ဆယ့်ငါးမှာ ခန်းခြောက်သွားပြီ၊ ကျွန်မ ခုချိန်မှာ ရှင်မပြောနဲ့ ရုပ်ရှင်မင်းသားတွေကတောင် လာတောင်းရမ်းရင် လက်မခံဘူးမှတ်၊ အပုပ်ကောင်ရုပ်ဆောင်နေတဲ့ဒီခန္ဓာကြီးကို ရှင် တရားသဘောနဲ့ ရှုစမ်းပါရှင်'

ဒေါ်မိုးပွင့်သီဂီက တရားပြန်ချနေချေပြီ။ ဦးဂုဏ်ထည် ဘယ်လိုမှကို အစကောက်ပြီးချစ်လို့မရ။ တစ်ဆက်ဆည်းမှာပင် ဒေါ်မိုးပွင့်သီဂီက တရားသဘောတွေနှင့်ဆက်စပ်၍ သေခြင်းတရားတွေ၊ ၃၂ ကောဋ္ဌာသ အစုအဝေးတွေအကြောင်း အဓိပ္ပာယ်ဖွင့်ဆိုရှင်းလင်းပြလေသည်။ ဦးဂုဏ်ထည်က သူမပြောသမျှကို ဂရုတစိုက်နားထောင်ပေးရရှာသည်။ ဘယ်သ မပြု မိမိမှုမဟုတ်ပါလော။

ဒေါ်မိုးပွင့်သီဂီက ကြေးအိုးတစ်ပွဲ ပြောင်ခါသွားအောင် စားသောက်ပြီးတော့ အစာကြေဆေးလုံးတွေထုတ်စား၏။ ဦးဂုဏ်ထည် စိတ်လေနေတာတော့ အမှန်ပင်။

'ကဲ... ကဲ... ကိုဂုဏ်ထည် သွားကြမယ်၊ ရှင့်ပုံစံကလည်း အမွေးရိတ်ခံထားရတဲ့ လင်းတအိုကြီးကျနေတာပဲ၊ သွားမယ်၊ ကျွန်မငိုးသာ ဆိုင်ယာ ကျွန်းဘက်ကို လိုက်ပို့ပေးဦး'

'အင်း...'



www.burmeseclassic.com

www.burmeseclassic.com



ဦးဂုဏ်ထည်က ဒေါ်မိုးပွင့်သီဂီခိုင်းသမျှကို အနွံတာခံ လိုက်လုပ်ပေးနေရသည်ကို တစ်စက်တလေမှမမှု။ သူသည် လေးဆယ်ကျော် လူပျိုတစ်ပတ်နွမ်းကြီးဖြစ်လေသည်။ အပြန်တွင် ကြုံကြိုက်၍ လမ်းဘေးမျက်လှည့်ဝိုင်းလေးတစ်ဝိုင်းကို ဝင်ကြည့်မိသည်။ လူလည်း သိပ်များများစားစားမရှိ။ ဆံပင်စည်းထားသောလူငယ် ကောင်လေးတစ်ယောက်က ဦးထုပ်တွင်းမှ ပုဝါတွေထုတ်ထုတ်ပြနေသည်။ စိတ်ဝင်စားစရာတော့ သိပ်မကောင်းလှ။'

'ပရိသတ်တို့ ခဏစောင့်ကြပါ၊ များမကြာခင် ကျွန်တော့်ဆရာကြီး ရောက်လာပါလိမ့်မယ်၊ သူက သမုဒ္ဒရာ ဝမ်းတစ်ထွာရဲ့ ကျွန်းမာရေးကြောင့် တစ်နေရာကို ခဏသွားနေပါတယ်၊ ဆရာလာရင် ထူးဆန်းတဲ့ပြကွက်ဆန်းတွေကို ပြသမှာပါ၊ အဆိပ်ပြင်းတဲ့ မြွေဟောက်တွေနဲ့ ကစားပြမှာပါ၊ ဟောဒီ ပခြုပ်ထဲမှာ မြွေတွေရှိပါတယ်၊ ဆရာလေမချွန်မချင်း ပခြုပ်ထဲက မထွက်လာပါဘူး ခင်ဗျာ'

ဒေါ်မိုးပွင့်သီဂီက ငယ်ကျင့်တွေ မပျောက်သေးသကဲ့သို့ မျက်လှည့်ဝိုင်းကို အတင်းတိုးဝင်ကြည့်လေသည်။ ထိုစဉ် မထင်မှတ်သော အဖြစ်တစ်ခုဖြစ်သွားလေသည်။ ဒေါ်မိုးပွင့်သီဂီ တိုးဝင်စဉ်လောကြီးသွားသဖြင့် တစ်ပါးသူခြေထောက်ကို ချိတ်မိလျက်သားဖြစ်သွားကာ ရှေ့သို့ဟပ်ထိုးလဲတော့မလို ဖြစ်သွားသည်။ လူကတော့ ဝိုင်းထဲမရောက်သွား။ ဘရိတ်အုပ်၍ ရသည်။ လက်ထဲက ဟန်းဖုန်းလေးက လက်ထဲမှချော်ထွက်သွားကာ ဝိုင်းထဲရောက်သွားသည်။ ဝိုင်းထဲရောက်တာတောင် မြွေထည့်ထားသော ပခြုပ်အတွင်း ရောက်ရှိသွားသည်။ ကွက်တိပင် ဖုန်းလေးက ကျသွားသည်။ အဲဒါကို မျက်လှည့်ဆရာနှင့် လူတွေက မြင်သွားသည်။ ဒေါ်မိုးသီဂီ တိုင်ပတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



'ဟာ… ဟာ… ကိုဂုဏ်ထည်… လုပ်ပါဦး… မိုးပွင့် ဟန်းဖုန်းလေး ပခြုပ်ထဲကျသွားပြီ၊ အရေးတကြီး ဖုန်းတွေလာစရာရှိ သေးတယ်၊ ပြသနာပဲ'

ဦးဂုဏ်ထည်က မျက်လှည့်ဆရာကို သွားပြောပြတော့…

'ဟာ… ဒုက္ခပဲ… ကျွန်တော်က မြွေကိုင်မကျွမ်းကျင်ဘူး၊ ဒါတွေက ကျွန်တော့်ဆရာတစ်ယောက်တည်းသာ ကျွမ်းကျင်တာ'

'မင်း ဆရာက ဘယ်မှာလဲ'

'အိမ်သာသွားမယ်ဆိုပြီး ဒီနားခဏ ထွက်သွားတာတော်တော် ကြာနေပြီ၊ ကျွန်တော်လည်း ပရိတ်သတ်တွေကိုတတ်ထားတဲ့ ညာလေးနဲ့စုနေတာ၊ ပခြုပ်ကိုတော့ မထိရဲဘူး'

'ဟ… အဲဒီ ပခြုပ်ထဲမှာ ဟမ်းဖုန်းရောက်နေတယ်ကွ၊ ခြုပ်ကိုသွန်ပြီး ယူရင်ကော'

'ဟာ… မဖြစ်ဘူး၊ မြွေကထွက်ပြေးသွားရင် ကျွန်တော် ည်း လိုက်မဖမ်းတတ်ဘူး'

ကောင်လေးက ပျာပျာသလဲ ငြင်းဆန်သည်။

'ဟုတ်တယ် မြွေလွတ်သွားရင် ပတ်ဝန်းကျင်ကလူတွေပါ န္တရာယ်ရှိနိုင်တယ်'

ဝိုင်းပြင်မှ ပရိတ်သတ်တွေက ဝိုင်းပြောကြသည်။ ဦးဂုဏ် ည်တို့လည်း ဆရာကြီးဆိုသူကို ဘယ်အချိန်ထိစောင့်ရမလဲ မသိ။ ဉ် ပခြုပ်အတွင်းမှ ဖုန်းသံမြည်လာသည်။ သီချင်း သံစဉ်လေးနဲ့။

'ပေါက်နေပြီ ××× ပေါက်နေပြီ ×××'

ပရိတ်သတ်အချို့ ဝိုင်းရယ်ကြသည်။

'လုပ်ပါဦး… ဖုန်းကအရေးတကြီးတွေချည်းပဲ၊ ပြသနာပဲ၊ ပွင့်အရေးတွေ လွတ်ကုန်တော့မှာ'



www.burmeseclassic.com

www.burmeseclassic.com



ခေါ်မိုးပွင့်သီဂီ အရှုံးမီးဝိုင်းဖြစ်နေပြီ။ ဘယ်သူမှလည်း ပခြုပ်ထဲကို လက်နှိုက်ရဲမှာမဟုတ်ဘူး။ သတ္တိလည်း ရှိမှာမဟုတ်ဘူး။ ချစ်ရသူအတွက်လည်း ဦးဂုဏ်ထည် စွန့်စားခန်းဖွင့်ရတော့မှာပေါ့။ ဒါပေမဲ့ သူလည်း အသက်နဲ့ရင်းပြီး လူစွမ်းကောင်းမလုပ်ချင်။ ဖုန်းသံကလည်း ခဏခဏမြည်နေသည်။

'ကိုဂုဏ်ထည် လုပ်ပါဦး၊ ကျွန်မဖုန်းလေး ရအောင်ယူပေးပါ၊ ကျွန်မ ရှင်တောင်းထားတဲ့ စတော့ရှယ်ယာတွေ ပေးပါ့မယ်၊ နောက်ပြီး ရှင်လိုချင်တဲ့ ကျွန်မအချစ်တွေကို ပေးပါ့မယ်'

မိန်းမတွေများ တစ်စုံတစ်ခု အရေးကြီးလာပြီဆိုရင် သိပ်အားကိုးရှာကြသည်။ ဦးဂုဏ်ထည် ခေါင်းကော့ရင်မော့ကာ မျက်လှည့်ဝိုင်းထဲ လှမ်းလျှောက်သည်။ အချစ်အတွက် အသက်ပင်သေသေ အဆိပ်ပဲတက်တက် ဘာကိုမှမမှုသလို စိတ်မာန်တင်းထားပေမယ့် ဒူးကတော့ တဆတ်ဆတ်တုန်၊ မျက်ခုံးက တဆစ်ဆစ်လှုပ်နေပြီ။ ခေါ်မိုးပွင့်သီဂီက ဦးဂုဏ်ထည်ကို အားကိုးတကြီးနှင့် ကြည့်နေသည်။ ချစ်သူအတွက် သတ္တိသွေးစွန်းနိုင်ရဲပစေ။ ဦးဂုဏ်ထည်ပခြုပ်ကို သုံးပတ်လောက်ပတ်ပြီး ဆရာကြီးကို ဟန်ပြစောင့်မျှော်သေးသည်။ ဆရာကြီးက ရှာပဲရှာနေလား မသိ။ ရောက်မလာ။

ဦးဂုဏ်ထည် အင်္ကျီလက်ကို ဟန်ပါပါဖြင့် မ,တင်လိုက်သည်။ ပွဲကြည့်ပရိတ်သတ်တွေက ဦးဂုဏ်ထည်ကို စိတ်ဝင်စားစွာ ကြည့်ရှုနေကြသည်။

'မကြီးမငယ်နဲ့ မြွေပေါက်သေဦးမယ်'

'လက်တွေ တုန်နေတာနဲ့ပဲ မြွေက အကြောတွေတွေ့သွားဦးမယ်'



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တစ်ပေါက် ဝိုင်းပြောကြတုန်းသည်။ လူထော် မျက်လှည့် ဆရာလေးက…

'အန်ကယ်… တကယ်နိုက်တော့မှာလားဟင်၊ ဘျွန်တော့် ဆရာကြီးကိုစောင့်… စောင့်'

'မရတော့ဘူး မင်း မြွေကအိပ်နေရင် ငါ့အတွက်ဟန်းဖုန်းကို ယူရတာလွယ်မယ်ထင်တာပဲ'

'ဦး… မြွေကြီးက အရွယ်အစားကြီးပြီး ရှည်တယ်နော်၊ သတိလည်းထားဦး'

'ငါ ငယ်ငယ်က မြွေနိုင်ဆေးထိုးထားပါတယ်ကွ'

ဦးဂုဏ်ထည်က လျှောက်ပြောရင်း ပခြုပ်အတွင်းဝကို စိုက် ကြည့်လိုက်သည်။ အပေါက်ကလေးကကျဉ်းသဖြင့် အထဲကို သဲသဲ ကွဲကွဲ မမြင်ရပေ။ ဦးဂုဏ်ထည် ပခြုပ်ကိုလက်ကလေးနဲ့ အသာမ ကြည့်၏။ လက်တစ်ဖက်ကို ဆန့်ထုတ်ကာ ပခြုပ်အတွင်းသို့ တဖြည်း ဖြည်းနှိုက်လေ၏။

'အမလေး'

ဒေါ်မိုးပွင့်သီဂီ မကြည့်ရဲသဖြင့် မျက်စိကိုအသားတုန်မှိတ် ထားသည်။ အချို့လူတွေဆီကလည်း 'ဟင်… ဟာ' ဟူသော အာမေဋိတ်အသံဗလံမျိုးစုံ ထွက်လာ၏။ ဦးဂုဏ်ထည် ချွေးတွေထွက် လာသည်။ လက်တွေလည်း တုန်ယင်နေသည်။ ပခြုပ်အတွင်းလက် ကောက်ဝတ်ကျော်တဲ့အထိ ရောက်နေပြီ။ ထိုစဉ် ဖုန်းသံတဖြည်းလာ ပြန်၏။

'ပေါက်နေပြီ ××× ပေါက်နေပြီ ×××'

ဦးဂုဏ်ထည် မျက်စိစုံမှိတ်၍ ဟန်းဖုန်းကို ဆတ်ခနဲဆွဲထုတ်



www.burmeseclassic.com

www.burmeseclassic.com


လိုက်သည်။ မကြည့်ရဲသူများ မျက်စိမှိတ်နေ၏။ ဟန်းဖုန်းအစား မြွေခေါင်းကြီးပဲ ပါလာမလား။ မြွေကပဲ လက်ကိုတွယ်ထည့်လိုက်မလား။ သို့လော သို့လောနှင့်။

တကယ်တော့ ဦးဂုဏ်ထည် လက်ထဲတွင်ဟန်းဖုန်းသာ ပါလာလေသည်။ ပရိတ်သတ်တွေက သဘောကျစွာဝိုင်းအော်ကြသည်။ ဒေါ်မိုးပွင့်သီဂီကလည်း ဝမ်းသာအားရနဲ့ သူ့ ဟန်းဖုန်းရရှိသွားသဖြင့် ဦးဂုဏ်ထည်ကို ကျေးဇူးတင်စကားဆိုသည်။

'ကဲ… လူတွေသိပ်မဝိုင်းခင် တို့တစ်တွေသွားစို့ မိုးပွင့်'

ဦးဂုဏ်ထည်လည်း ခပ်မြန်မြန်ကားပေါ်တက်ကာ မောင်းထွက်သွားရလေသည်။ မျက်လှည့်ဆရာကောင်လေးက…

'ဒီအဘိုးကြီး သတ္တိရှိသားပဲ၊ မသေကောင်း မပျောက်ကောင်း'

'ဟေ့ကောင်… ဘာဖြစ်နေတာလဲ'

'ဆရာကြီး… ဘယ်တွေလျှောက်သွားနေတာလဲ၊ ဒီမှာ ပြဿနာတစ်ခုဖြစ်သွားတယ်'

တပည့်ဖြစ်သူက မျက်လှည့်ဆရာကြီးကို ရှင်းပြသည်။ ဆရာကြီးက တဟားဟား ရယ်မောရင်း…

'တပည့်ရေ ထန်းသီးကြွေခိုက်၊ ကျီးနင်းခိုက်ဆိုသလိုပေါ့ကွာ အဲဒီမြွေကြီးက ဟိုနောက်ကဖိထားတဲ့ တောင်းထဲမှာငါ ပြောင်းထည့်ထားတာ၊ အခု ပခြုပ်က ဘာမြွေမှ မရှိတဲ့အလွတ်ကြီးပါ'

'ဟင်…'

❖


www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၇)

အာရဖွန် ပြောပြချက်အရ ခွေးသီခင်တစ်ယောက် မူးမေ့လဲကျ မတတ်ဖြစ်သွားသည်။ သူတို့မှန်းခဲ့သောချစ်သူတွေဆိုပေမယ့် တိုးလိုးတွဲလောင်း သံယောဇဉ်တွေက အမျှင်မပြတ်သေးပေ။

'ကျုပ်လည်း မဖြစ်မနေလို့ လာပြောပေးရတာပါ၊ သိထားတော့လည်း မမှားဘူးပေါ့ဗျာ၊ တကယ်ပါ၊ ထင်လတ်နဲ့ ခိုင်ဝေတို့နှစ်ယောက် စိတ်လေလေနဲ့ တောင်ငူကိုသွားတာ လမ်းမှာ ကားအက်စီးဒင့်ဖြစ်သွားပြီး ထင်လတ်က မျက်စိနှစ်လုံးထိခိုက်သွားလို့ ဘာမှ မမြင်ရတော့ဘူး၊ ခိုင်ဝေကတော့ ခြေထောက်ကျိုးသွားပြီး ပြန်ကောင်းရင်ပိုးချဲနဲ့ နေသွားတော့မှာ'

'အဲဒါ... ကျွန်မတို့အမှားတွေပါပဲ၊ ဟင့်... ဟင့်... အခုတော့ ကိုထင်လတ်ရယ်၊ ရှင့်အဖြစ်က ဆိုးလှချေလား'

'စိတ်မကောင်း ဖြစ်မနေပါနဲ့ဗျာ၊ ခင်ဗျားတို့ရဲ့ မေတ္တာစစ်မေတ္တာမှန်နဲ့ သူတို့ကို အားပေးစကားလေးဘာလေး ပြောပေးပါဗျာ၊ ဒါကိုတော့ ကျုပ်မေတ္တာရပ်ခံချင်တယ်ဗျာ'

အာရဖွန်က သူကိုယ်တိုင် ထိခိုက်ကြေကွဲနေသယောင်ယောင် ခံစား၍ သရုပ်တူအောင်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



'စိတ်ချပါရှင်··· ကျွန်မတို့ သွားအားပေးပါ့မယ်၊ နောက်ပြီး ကျွန်မတို့ မှားခဲ့တဲ့ကိစ္စတွေကို သွားတောင်းပန်မယ်'

'ဟုတ်ပါတယ် အားလုံးဟာ ကိုယ့်ဆရာဦးဂုဏ်ထည်ရဲ့ အငြိုးတွေကြောင့် ခုလို ဖြစ်ရတာပါ၊ သူရက်စက်လို့ ခုလိုသမီးရည်းစားဘဝကနေ ရှင်ခွဲခွဲနေရတာ'

'ဆွေသီခင်လည်း မှားပါတယ်၊ သူ့ကို မညှာမတာ ပြောမိခဲ့တယ်၊ ဒါဆိုရင် ဦးထင်မောင်တင့်ဟာ ဦးဂုဏ်ထည်အယောင်ဆောင်ထားတာပေါ့'

'ဟုတ်ပါတယ် အကုန်လုံး အတုတွေချည်းပါပဲ၊ လည်ကုပ်ပေါ်က ဆေးလိပ်မီးတိထားတဲ့ ဒဏ်ရာကလည်း ကျုပ်တို့ဖန်တီးပြီးလုပ်ထားတာပါ၊ ဒါကို ထင်လတ် ဘာမှမသိရှာပါဘူး'

'ဒီလိုဆိုတော့ ဦးဂုဏ်ထည်က သရုပ်ဆောင်ကောင်းသားပဲ၊ ဆွေသီခင်က တကယ်မှတ်နေတာ၊ မထင်ရဘူး'

ဆွေသီခင်က ပြုံးဖြဲဖြဲလေးနှင့် ဆိုသည်။ အာရုဖွန် ရှင်းပြတော့မှပဲ အားလုံးဟာ လိပ်ပတ်လည်သွားကြသည်။ အာရုဖွန်က···

'ကျွန်တော် တစ်ခုတော့ပြောချင်ပါတယ်၊ ဦးဂုဏ်ထည်ကို ပြဿနာမရှာပါနဲ့လို့၊ ဒီအတိုင်းလေးပဲ ထားစေချင်တယ်'

'ဟာ··· ဒါတော့ ဆွေတို့လည်း မလုပ်ပါဘူး၊ ငရဲတောင်ကြီးဦးမယ်၊ အဓိကက ဆွေကလေ ကိုထင်လတ် စိတ်ကျေနပ်လောက်တဲ့အထိ ဝန်ချတောင်းပန်ဖို့ပဲ'

'လောလောဆယ် မျက်စိဒဏ်ရာက အကင်းမသေသေးဘူး သွားမတွေ့ပါနဲ့ဦးနော်၊ သရဖီနဲ့လည်း တိုင်ပင်ပြီး သွားတွေ့ကြပေါ့'



www.burmeseclassic.com

www.burmeseclassic.com



ဆွေသီခင်က ထင်လတ်အတွက် လွန်စွာမှ စိတ်မကောင်းခြင်းများစွာ ဖြစ်မိသည်။ သူ့ရှုပ်စွဲချက်တွေဟာ တစ်ဖက်စွန်းရောက်အောင် ပြင်းထန်လွန်းလှ၏။

'ဆွေ့အမှားတွေကို ခွင့်လွှတ်ပေးပါ ကိုထင်လတ်'

❖

'ရှင်… မမဟာ ကိုခိုင်ဝေရဲ့ အစ်မတဝမ်းကွဲလည်း မဟုတ်ဘူး၊ ဗေဒကဝိန် ဆရာကျိန်ဆိုတာကလည်း အတု၊ ဒါ…ဒါဆို ကိုခိုင်ဝေပြောတာတွေက အမှန်တွေပဲပေါ့'

'ဟုတ်ပါတယ်… ဒါတွေက ဦးဂုဏ်ထည်ရဲ့ လုပ်သောအကွက်ဆန်းတွေထဲက ကကွက်ဆန်းတစ်ခုပါ၊ မမလည်း ဝင်သရုပ်ဆောင်မိခဲ့တာ၊ ဒါကလည်း ဦးဂုဏ်ထည်ရဲ့အပြစ်တော့ မဟုတ်ပါဘူး။ ခိုင်ဝေတို့က သူ့ကို အရင်ဆုံး သွားစခဲ့တာကိုး'

မိုးမေမီမမက သရဖီကို ရှင်းပြနေသည်။ သူလည်း အာရုဏ်ရှင်းပြောပြ၍ အားလုံးကို သိရှိပြီးသွားပြီ။ မိုးမေမီမမလည်း သူတို့ဟန်ဆောင်ပြီး ဝင်လာခဲ့သော ဇာတ်ရုပ်တွေအတွက် တစ်ဖက်သားကို အဆမတန်အားနာနေသည်။ အာရုဏ်လည်း ထိုနည်းလည်းကောင်း။ အခု သူတို့နှစ်ဦး ဦးဂုဏ်ထည်မသိအောင် လျှို့ဝှက်စွာဖြင့် ဆွေသီခင်နှင့်သရဖီကို ဖြစ်ကြောင်းကုန်စင် ရှင်းပြ၍ သူတို့ အကွက်ဆင်ခဲ့ပုံတွေကိုပြောပြကာ ထင်လတ်တို့ဆင် ထားသော ခွင်ထဲသို့ ဆွေသီခင်တို့အား ထပ်မံထည့်သွင်းခဲ့ချေ၏။

'ညီမလေး သရဖီ၊ မမကို ခွင့်လွှတ်နော်၊ မမလည်း ထားရာနေ စေရာသွားဘဝမို့ ခုလို ညီမလေးအပေါ် လိမ်ညာမိခဲ့တာကောင်းလှပါဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ဒါပေမယ့် မမရယ်၊ ညီမလေးက ကိုခိုင်ဝေကို လက်လွှန်သွားပြီ၊ ဘိုးတော်တွေအာကို ယုံစား၊ နတ်ကတော်တွေအထိအတွေ့ကို မက်မောပြီး၊ ပုံအောထားတဲ့သရဖီတို့အမျိုးတွေလည်း ခုတော့ အလိမ်ခံထိပါများလို့ နောင်တရကုန်ကြပါပြီ၊ ဒါလေးကိုလည်း သရဖီ ကိုခိုင်ဝေကို ရှင်းပြချင်တယ်'

သရဖီက သနားစရာကောင်းသောမျက်နှာပေးလေးနှင့် ရှင်းပြလေသည်။

'ဒါပေမဲ့ ညီမလေး ရှင်းပြချင်ပေမယ့် ရှင်းပြရခက်သွားပြီ၊ ကိုခိုင်ဝေတစ်ယောက်'

'ဘာ... ဘာ... ဖြစ်သလဲ မမ'

သရဖီက ထိန့်လန့်တကြားမေးသည်။

'တောင်ငူအသွား ဇလောင်ဆူတာများလို့ အမှောင်ထုထုကြားတစ်ပိုက်မှာ ကားတိုက်လို့ ခြေထောက်နှစ်ဖက်ညှပ်ဆုံကျိုးပြီး ဆေးရုံပို့လိုက်ရပြီ...'

'ရှင်...'

မိုးမေဓီမမက မျက်မှန်အထူကြီးကိုချွတ်ကာ မျက်ရည်သုတ်သလိုလိုနှင့် နှာခေါင်းတစ်ချက်ရှုံ့လေ၏။

'တကယ်လား မမ အခု ကိုခိုင်ဝေ ဘယ်မှာလဲ'

'အခု တောင်ငူဆေးရုံကနေ ရန်ကုန်ပြန်ရောက်နေပါပြီ'

'စိုးရိမ်ရတဲ့ အခြေအနေရှိလား'

သရဖီက တုန်တုန်ယင်ယင်နှင့်မေးသည်။

'လောလောဆယ်တော့ ဝှီးချဲနဲ့သွားလာရမှာပေါ့'

'ဒါတွေဟာ... သရဖီကြောင့်... သရဖီကြောင့်'



www.burmeseclassic.com

www.burmeseclassic.com



'အဲဒီလိုလည်း တရားသေကံမယူဆထားလို့မရဘူးလေ ညီမလေးရဲ့၊ လူဆိုတာ ကံကြမ္မာအဆိုးအကောင်းနဲ့ အသက်ရှင်နေကြတာပဲ မဟုတ်လား'

မိုးမေမီမမက တရားချသည်။

'ကိုခိုင်ဝေဟာ တကယ်တော့ စိတ်ကောင်းစေတနာရှိတဲ့သူပါ၊ သူ့ကို သမီးပြစ်မှားခဲ့မိတာ နောင်တရလို့မဆုံးပါဘူး'

သရဖီက ငိုငိုမဲ့မဲ့နှင့်ပြောလေ၏။

'သမီးကို တစ်ခုပြောရဦးမယ်၊ ဦးဂုဏ်ထည်ကို ပြဿနာသွားမရှာပါနဲ့၊ သူက သမီးတို့ချစ်ခြင်းကိုခွဲတာမှန်ပေမယ့် သူလည်း ခံချင်စိတ်နဲ့ လုပ်မိလုပ်သွားတာပါ၊ ညီမလေး တစ်ခုပဲသိထားရမှာက ခိုင်ဝေဘေးနားမှာ ထာဝရစောင့်ရှောက်ပေးနိုင်ဖို့ပဲ'

မိုးမေမီမမက တွေတွေဝေဝေပြောသည်။ သရဖီကလည်း စိတ်တွေကယောက်ကယက်နဲ့ ထွေရာစိုင်းနေပြီ။ သူ ခိုင်ဝေကို တွေ့ချင်တာမှန်ပေမယ့် ခိုင်ဝေက သူ့ကြောင့် ခုလိုဖြစ်သွားရတာကို စာဖွဲ့ပြီး မုန်းတီးသွားရင် ဘယ်လိုလုပ်မလဲ။ တစ်သက်လုံးဘဝမှာ အခည်းစက်ကွက်ကွက်ကြီး ဖြစ်တော့မည်။ သရဖီလည်း ဆွေသိခင်နှင့် တိုင်ပင်ဖို့ အရင်စီစဉ်ရလေပြီ။

❖

ဦးဂုဏ်ထည်သည် ဒေါ်မိုးပွင့်သီဂီ၏ ရှားပါးလှစွာသော အချစ်ကို မထင်မှတ်ဘဲ ရရှိခဲ့လေ၏။ သို့သော် ဒေါ်မိုးပွင့်သီဂီသည် အချစ်များကို ထင်ရှားပြတ်သားစွာ ပြည့်ပြည့်ဝဝပေးသေးပေ။ ဦးဂုဏ်ထည်ကို လက်မထိပ် အပ်စိုက်၍ သူ့ရဲကောင်းအဖြစ် ယပ်ခံရွေးချယ်



www.burmeseclassic.com

www.burmeseclassic.com



ရန် တာစူနေခြင်းလော။ ဦးဂုဏ်ထည်အတွက် ရာခိုင်နှုန်းပြည့်သော အချစ်ကိုပေးဖို့ရာ ဒေါ်မိုးပွင့်သီဂီသည် မူလကျိုးသွန်နီလုပ်နေသလိုလို ရှိ၏။

ဦးဂုဏ်ထည်သည် ကုမ္ပဏီ၏ လပတ်အစည်းအဝေးကို တောင် မလုပ်နိုင်။ အာရဖွန်ရိမ်းဂျားနှင့် မိုးမေမိမမတို့သည် ဆရာ သမားဘော့စ်ဖြစ်သူ၏ အခြေအနေကို ပုံမှန်ထက်ပိုကဲနေကြောင်း သတိထားမိလေသည်။ သူတို့ပြောမည့်သတင်းကို ဘယ်နေရာ ဘယ် အချိန်မျိုးတွင် ပြောရန်လည်း စည်းဝါးကိုက်ပြီးသားဖြစ်နေ၏။

'ဘော့စ်… နေမကောင်းဘူးလား'

မိုးမေမိမမက ချိုသာစွာမေးလေသည်။

'စိတ်သွားတိုင်းကိုယ်မပါဘူး ဖြစ်နေသလားလို့'

'ဒါဆို ကိုယ်ခန္ဓာကို ထိုင်နေပြီး စိတ်တစ်ခုတည်းပဲ နေရာစုံ အောင်ရွက်လွှင့်ကြည့်ပါလား'

အာရဖွန်က အကြံပေးသည်။

'အဲဒီလို ရွက်လွှင့်ကြည့်တာ ဖေင်ဥယျာဉ်ထဲက ပန်းသီး တစ်လုံးဆီကိုပဲ ရောက်ရောက်သွားတယ်'

'အရေးထဲ သေခါနီးမှ ကဗျာဆန်နေသေးတယ်'

အာရဖွန်က စိတ်ထဲမှဘော့စ်ကို ပျစ်ပျစ်နှစ်နှစ်ဝေဖန်၏။

'ဘော့စ်ရယ် မမတို့လည်း အကြောင်းစုံသိပါတယ်၊ ဟိုလေ ဒေါ်မိုးပွင့်သီဂီကိစ္စအတွက် ဘော့စ်ရင်ထဲမှာ ခိုးလိုးခုလု မတင်မကျ ကသောကမျော ဟိုမရောက်ဒီမရောက် ဝေခွဲပိုင်းဖြတ်မရဖြစ်နေတာ မဟုတ်လား'

'သေချာတာပေါ့ဗျာ၊ ငါ့စိတ်ထဲ သူ့ပုံရိပ်တွေပဲ စိုးမိုးလွှမ်း



www.burmeseclassic.com

www.burmeseclassic.com



တယ် တပည့်တို့ရယ်၊ ငါဘာဆက်လုပ်ရမလဲ'

'တပည့်တို့ ကူညီပေးပါ့မယ် ဘော့စ် ဒါ… ဒါဟာဘော့စ် ဟိုကျူးပစ်ဂဠုန်နဲ့ ကျေးစေဂြိုဟ်သားတို့ရဲ့ မေတ္တာရေးမှာ ခလောက် ဆန် မွှေနှောက်ခဲ့တဲ့အတွက် ဝဋ်ပြန်လည်တာထင်တယ်'

အာရဖွန်က မပြောရဲပြောရဲဖြင့် ပြောသည်။

'အေးကွာ… ငါလည်း အာဃာတအငြိုးတွေကြီးစွာနဲ့ ဒီ ကောင်တွေကို ပြဿနာတက်အောင် လုပ်မိတယ်ကွာ၊ တကယ်တော့ မကောင်းဘူး'

'ဟုတ်တယ် ဘော့စ်၊ အချစ်ဆိုသောအရာကို ဘယ်သူမှ တားဆီးလို့ မရနိုင်သလို ဘယ်သူမှလည်း လွယ်လွယ်ကူကူဖျက်ဆီးလို့ လည်းမရနိုင်ဘူး၊ ဘော့စ် ခုတော့ အားလုံးဟာ အပျက်ပျက်နဲ့ နာခေါင်း သွေးထွက်သလိုဖြစ်ခဲ့ပြီ'

အာရဖွန်က တည်ငြိမ်စွာပြောနေ၏။

'ဟုတ်တယ် ဘော့စ်၊ အပ်နဲ့ထွင်းရမယ့်နေရာမှာ လှံနဲ့ တိုက် ခွဲတ်သလို ဖြစ်နေပြီ၊ အခု ဘော့စ်ပညာပေးခဲ့တဲ့ ကျူးပစ်ဂဠုန်နဲ့ ကျေးစေဂြိုဟ်သားတို့နှစ်ယောက်လည်း ကားအက်ဆီးဒင့်ဖြစ်ပြီး ဒုက္ခိတတွေဖြစ်ကုန်ကြပြီ'

'ဟေ… ဘယ်လို… ဘယ်လို…'

မိုးမေဃီမက အံသေးစိတ်ရှင်းပြသည်။ ဦးဂုဏ်ထည် ချွေး တွေထွက်လာ၍ ချွေးတွေတောင်သုတ်မိ၏။ သူ ပါးပါးလေးပညာပေး ခဲ့ပေမယ့် အခုဟာက ထူထူကြီးခံရသလိုဖြစ်နေပြီ။

'ဟာ… ဒါဆိုမဖြစ်ဘူး၊ ဒီကောင်မလေးတွေကို ထိုက်ရှင်း မှတာ အကောင်းဆုံးပဲ'



www.burmeseclassic.com

www.burmeseclassic.com



'အဲဒီအတွက် မပူပါနဲ့ တပည့်ကျော်နဲ့ မမတို့ ကောင်မလေးတွေကို ရှင်းပြပြီးသွားပြီ၊ သူတို့ကလည်း ဘော့စ်အပေါ် စိတ်မဆိုးကြပါဘူး၊ သူတို့ချစ်သူတွေ အခြေအနေကိုပဲ စိုးရိမ်နေကြတာပါ၊ ကောင်လေးတွေကတော့ တစ်ယောက်ကမျက်စိဖွင့်မရ တစ်ယောက်ကခြေထောက်ကျိုးနဲ့ သိပ်တော့မလှပဘူး…'

'ငါ… ငါ သူတို့ကို တစ်ခေါက်လောက်တွေ့ပြီး လူမှုရေးအရ ကူညီမှုတွေပေးချင်တယ်'

'မပူပါနဲ့… ရပါတယ်…'

အာရဖွန်က ပြုံးပြုံးကြီးပြော၏။

'ဘော့စ်ကို သူတို့နဲ့တွေ့ခွင့်ရအောင် စီစဉ်ပေးပါ့မယ်၊ ဘော့စ်ဘာမှမပူနဲ့၊ နောက်ပြီး ဘော့စ်ရဲ့မဒီကြီး မစွမိုးပွင့်သီဂီနဲ့လည်း အမြန်နီးစပ်သွားအောင် တစ်ချက်ခုတ်နှစ်ချက်ပြတ် လုပ်ပေးမယ်'

'ဘယ်လိုလုပ်မှာလဲ…'

အာရဖွန်က ဦးဂုဏ်ထည်နား ကပ်ပြောသည်။ မိုးမေမီမလေးကြိတ်ပြုံးပြုံးပြီး ခေါင်းတဆတ်ဆတ်ဖြစ်နေသည်။

'အာရဖွန်… မင်းကို ငါမထင်ဘူး၊ မင်းတော်တော်ဉာဏ်ပြေးတဲ့ကောင်ပဲကွာ'

'ဒါတောင် ပါးပါးလေးရှိသေးတယ် ဘော့စ်ရယ်၊ ဘော့စ်တပည့်ကျော်ပါ၊ ဆရာ့ခြေရာကို တစ်သဝေမတိမ်းနင်းနိုင်ပါတယ်'

'တော်ပါပေတယ် တပည့်ကျော်ရယ်၊ ဟဲ… ဟဲ…'

ဦးဂုဏ်ထည်သည် မိုးမေမီမတို့ရဲ့ တိုက်တွန်းနှိုးဆော်ချက်အရ ဒေါ်မိုးပွင့်သီဂီနှင့် နီးစပ်ဖို့အရေး ရင်ခုန်သံတွေ ဖြောင်းဆန်စွာလန်ကုန်လေသည်။

❖



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

အကြံကောင်းလျှင်တစ်ချက်ဆိုသလို ဉာဏ်နီဉာဏ်နက်တွေနှင့် စီမံထားသောအစီအစဉ်ကြီးကို လက်တွေ့ကျကျ အကောင်အထည်ဖော်ချေပြီ။ အာရဖွန်သည် နေမကောင်းနေသော ထင်လတ်တို့ကိုဆွေသီခင်တို့နှင့် တွေ့ဆုံရန်ချိန်းပေးခဲ့သည်။ ချိန်းသောနေရာက ကန်တော်ကြီးထဲက ကန်စပ်နားမှာပင်။ တစ်ဆက်တည်းမှာပင် ဒေါ်မိုးပွင့်သီဂီရဲ့အချစ်ကို မရရှိသေးသဖြင့် ဦးဂုဏ်ထည်တစ်ယောက် ကြိုးကွင်းတစ်ခု၊ ဓားတစ်ချောင်း၊ အဆိပ်တစ်ပုလင်း၊ ကြွက်သတ်ဆေးတွေထည့်ထားသော အိတ်တစ်လုံးနှင့် ကန်တော်ကြီးထဲ ထွက်သွားကြောင်းအာရဖွန်နှင့် မိုးမေမီမမက ဒေါ်မိုးပွင့်သီဂီကို အသည်းအသန်သွားပြောသည်။ ဒေါ်မိုးပွင့်သီဂီ ထိတ်လန့်သွားကာ ချက်ချင်းပင် ကားနှင့်ကန်တော်ကြီးထဲ လိုက်သွားသည်။

ဦးဂုဏ်ထည်သည် သင်္ကေတစီစဉ်ထားသည့်တိုင်း ဒေါ်မိုးပွင့်သီဂီကို လှည့်စားရန်အသင့်ရှိနေပြီ။ ကန်တော်ကြီးရဲ့ကန်စပ်တစ်နေရာမှာ ငေါင်းစင်းစင်းနှင့် ထိုင်နေသည်။ ဘယ်သူ့မှ ဂရုမစိုက်တဲ့ပုံစံနှင့်ပတ်ဝန်းကျင်ကို လျစ်လျူရှုထားလေ၏။ ဒေါ်မိုးပွင့်သီဂီကလည်း ကန်တော်ကြီးပတ်ပတ်လည်ကို အသည်းအသန်လိုက်ရှာမိသည်။ အတွဲ

www.burmeseclassic.com



တွေကို ထူးထူးဆန်းဆန်းလူတစ်ယောက်တွေ့မိသလား လိုက်မေးကြည့်မိသည်။ အတွဲတွေကလည်း ထူးဆန်းစွာနဲ့ပဲ မသိဘူးဟု ဒေါ်မိုးပွင့်သီဂီကိုဖြေ၏။ ဦးဂုဏ်ထည်ကို မိုင်ကုန်ဖွင့်လျက်လိုက်ရှာနေသည်။ တွေ့မယ့်တွေ့တော့လည်း ကန်စပ်နားမှာ ဦးဂုဏ်ထည် တစ်ယောက်တည်း။ ဘာတွေလုပ်နေမှန်းမသိ။ ငုတ်တုတ်ကြီး ငြိမ်သက်နေ၏။

'ဟာ··· ကျောက်တုံးတစ်တုံးကို ကြိုးနဲ့ချည်နေပါလား၊ အချိန်မီတားမှ ရမယ်၊ ပြဿနာပဲ'

ဒေါ်မိုးပွင့်သီဂီတစ်ယောက် ဦးဂုဏ်ထည်ရှိရာသို့ အပြေးအလွှားရောက်ရှိသွား၏။

ကျူးပစ်ဂျွန်သည် မျက်မှန်နက်ကြီးနှင့် တုတ်ကောက်တစ်လက်ဖြင့် လက်ကိုဆန့်တန်းလျက် ကန်ရေပြင်ဘက်ကို မျက်နှာမူ၍ လေကောင်းလေသန့် ရှူရှိုက်နေသည်။ ဘေးတွင် အာရဖွန်ရှိနေ၏။ ချိန်းထားသောနေရာကို ဆွေသီခင် ကပျာကယာရောက်ရှိလာသည်။ အာရဖွန်က သတိပေးသည်။

'ဟော့ကောင်··· ဆွေသီခင် လာနေပြီ၊ ဟန်မပျက်စေနဲ့ ဟော့ကောင် လှည့်မကြည့်နဲ့လေ၊ မင်းက မျက်စိမှမမြင်တာ'

'ဟုတ်သားပဲ၊ မသိမသာလေး မှိန်းနေမယ်'

ဆွေသီခင် အနားသို့ ရောက်လာသည်။ ဆွေသီခင်က ထင်လတ်ကို သေချာစွာစိုက်ကြည့်ပြီး ရင်ထဲနင့်သွားသည်။

'ကိုထင်လတ် ဆွေတောင်းပန်ပါတယ်၊ အားလုံးဟာ စနစ်တကျမှားယွင်းခဲ့တာပဲ၊ ဆွေကို ခွင့်လွှတ်ပါ'

'ဆွေ··· မင်းနဲ့ကိုယ်နဲ့က မထိုက်တန်တော့ပါဘူး၊ ကိုယ့်ဘဝဟာ မျက်စိမမြင်ဒုက္ခိတဖြစ်နေပြီ'



www.burmeseclassic.com

www.burmeseclassic.com



'မျက်စိမမြင်ဖြစ်လည်း ဘာဖြစ်သေးသတုန်း၊ မျက်မမြင်ကျောင်းတွေရှိတာပဲ၊ နောက်ပြီး ဆွေတစ်ယောက်လုံး ရှိတာပဲ၊ ဆွေက ကိုထင်လတ်ကို တစ်သက်လုံး စောင့်ရှောက်ပေးမှာပေါ့၊ နောက်ပြီး မျက်စိအစားထိုးကုသပြီး ကိုထင်လတ်ကို အကောင်းပကတိဖြစ်အောင် ပြန်လုပ်ပေးမှာပေါ့'

ဆွေသီခင်က စကားတွေ ဗလုံးဗထွေးနဲ့ ကတိပေး၏။

'ဆွေ့ဆီက ဒီလိုစကားတွေကြားရတာ ကိုယ်ဝမ်းသာလှပါတယ်၊ မျက်စိမမြင်တော့တဲ့ သူတစ်ယောက်ဟာ ဘာမှသုံးစားမရတော့ဘူးဆိုတာ ဆွေသိပါတယ်'

'ဒီအတွက် ဘာမှမပူပါနဲ့ ကိုယ်ရယ်၊ ဆွေက ကိုယ့်ကို မျက်မမြင်ဆိုပြီး မနိမ့်ပါဘူး၊ သိုင်းလောကထဲမှာတောင် မျက်မမြင်သိုင်းသမားဆိုတာ ဆရာကြီးပဲ'

'ဆွေ အခုလိုအားပေးတာ ကျေးဇူးတင်ပါတယ်၊ ကိုယ့်ဘဝဟာ ဘာမှမမြင်ရပေမယ့် ဆွေရဲ့ အခုလို ကရုဏာစွက်တဲ့ အသံသာတနားဆင်နေရရင် ကြည်နူးလှပါပြီ'

ထင်လတ်က အဝေးကို ငေးကြည့်သလိုလိုနှင့် ပြောသည်။

'ကိုထင်လတ် ဆွေ့ကို ဒ်တ်မဆိုးဘူးလား'

'အားလုံးဟာ သိမ်မွေ့စွာ ပြီးဆုံးသွားပါပြီ၊ ကိုထင်လတ်ကို ဆွေ မုန်းချင်လည်း မုန်းနိုင်ပါတယ်'

'ဆွေ ကိုထင်လတ်ကို မခွဲနိုင်ဘူး...'

ဆွေသီခင်က ထင်လတ်လက်ကို ကိုင်၍ပြော၏။ ထင်လတ်သည်း ဟိုစမ်းဒီစမ်းနဲ့ ဆွေသီခင်လက်ကိုကိုင်မိ၏။ အကြင်နာတွေ ဖြန့်လည်တို့ထိ အသက်ဝင်ကြပြန်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



'ကိုထင်လတ်က ခွဲမှာရမယ်…'

'ရှင်… ကိုထင်လတ် ရက်စက်တော့မှာလား'

'ဟုတ်ဘူးလေ၊ ကိုထင်လတ် ခွဲမှာကမျက်စိလေ၊ လိုအပ်ရင် မျက်စိအစားထိုးကုသရမှာပေါ့'

'အဲဒါ ခွဲတာကိုပြောတာလား၊ ဒါဆိုရင်လည်း ပြီးရော'

ဆွေသီခင်ကပြောလိုက်စဉ် ထင်လတ်က ဆွေသီခင် ပခုံးလေးကို ဖက်ထားမိသည်။ အာရုဖွန်က… 'ဟွန်း… မျက်မမြင်လည်း ဟန်ဆောင်ထားသေးတယ်၊ ပခုံးဖက်တာတော့ တန်းနေတာပဲ'

❖

ကျေးစေကြိုဟ်သားသည် ဗိုးချဲတစ်လုံးပေါ်တွင်ထိုင်ကာ ကန်ရေပြင်ကို ငေးကြည့်နေမိ၏။ သူ့ဘေးတွင် မိုးမေမီမမလည်း ရှိနေသည်။

'ဟိုမှာ… သရဖီလာနေပြီ'

သရဖီက အနားရောက်လာစဉ် ဗိုးချဲနဲ့ ခိုင်ဝေကို မြင်ရတော့ စိတ်ထဲမကောင်းဖြစ်သွားသည်။ ခိုင်ဝေက မသက်မသာပုံစံဖြင့် မကြည်မသာပြုံးပြ၏။ သရဖီက ခိုင်ဝေအဖြစ်ကိုစိတ်မကောင်းဖြစ်ကာ…

'ကိုခိုင်ဝေ… ဒါတွေဟာ သရဖီအပြစ်တွေပါ၊ သရဖီကို ခွင့်မလွှတ်နဲ့၊ ခွင့်မလွှတ်နဲ့'

'ခွင့်လွှတ်ပါ မဟုတ်ဘူးလား ညီမလေးရဲ့'

မိုးမေမီမမက ဘေးမှ အံလွဲသွားမှာစိုး၍ သတိပေးသည်။

'စကားအဖြစ်ပြောတာပါ အစ်မရယ်…'



www.burmeseclassic.com

www.burmeseclassic.com



'ကိုခိုင်ဝေက သရဖီကို ခွင့်လွှတ်ပြီးသားပါ၊ တကယ်တော့ ကိုခိုင်ဝေဟာ သရဖီတို့အသိုင်းအဝိုင်းထဲမှာ မျက်နှာပျက်အောင်လုပ်ခဲ့တယ်လေ၊ ကိုယ်အရမ်းမှားခဲ့တယ်၊ ခိုင်ဝေဆိုတဲ့ကောင်ဟာ မိုက်ရူးရဲဆန့်ခဲ့တယ်'

ခိုင်ဝေက အကယ်ဒမီရှော့ပုံစံဖြင့် တစ်လောကလုံး သူ့ပဲမှားနေသလိုလိုပုံစံနှင့်။

'သရဖီလည်း အရမ်းလွန်ခဲ့ပါတယ်'

မိုးမေမှီမမက စိတ်ထဲမှကြိတ်ရယ်မိနေသည်။

'ကိုခိုင်ဝေ အခုဘာလုပ်ချင်သလဲ'

'သရဖီနဲ့တူတူ လမ်းလျှောက်ရင်း စကားတွေအတိုးချပြီး ပြောချင်သေးတယ်'

'ရပါတယ်… သရဖီ ပိုးချဲလေးကိုတွန်းပေးမယ်နော်၊ ကိုခိုင်ဝေ အေးအေးသာထိုင်လိုက်'

'ထိုင်မလိုက်လို့ ထလိုက်ရမှာလား သရဖီရယ်'

ခိုင်ဝေက မသက်မသာပြောသည်။

'ဟီး… ဟုတ်သားပဲ၊ ဆောရီး… ကိုခိုင်ဝေက ခြေထောက်မှ ကောင်းတာ လျှောက်လို့မှမရဘဲ'

'ကောင်းပါတယ် ဟန်ဆောင်နေတာ'

ခိုင်ဝေ ယောင်ပြီးထွက်သွားသည်။

'ရှင်…'

'ဩော်… စိတ်ထဲကနေဟန်ဆောင်ပြီး ကိုယ့်စိတ်ကိုယ် ပြန်ပြန်ကုနေရတာ ဝန်ကြီးလို့ပါ၊ တခါတလေတော့လည်း ပျော်စရာကောင်းတယ် သရဖီ'



www.burmeseclassic.com

www.burmeseclassic.com



'အိမ်ခန်းထဲ သန့်ရှင်းရေးလေးဘာလေးလုပ်ပေါ့...'

သရဖီက အေးအေးဆေးဆေးပြောသည်။

'ဒီကောင်မလေးတော့ တလွဲချည်းပဲ...'

သရဖီက ပိုးချဲလေးကိုင်ပြီး ခိုင်ဝေကို တွန်းပေးရှာသည်။ မိုးမေဓီမမက နောက်မှ လိုက်ရရှာသည်။ ခိုင်ဝေက မေးသည်။

'သရဖီ ကိုခိုင်ဝေ အခုလိုအောက်ပိုင်းမသန်ဖြစ်တာလည်း ချစ်နေသေးတုန်းပဲလား'

'ဘာဆိုင်လဲ၊ နှလုံးသားက အပေါ်ပိုင်းမှာရှိတာ သူခုံးဖြတ်တဲ့ အတိုင်းပဲ သရဖီက နှာခံမှာ'

'ဝမ်းသာလိုက်တာ သရဖီရယ်'

သရဖီအပြောကြောင့် ခိုင်ဝေ ဖင်ကြွရန်ပြင်သော်လည်း ကိုယ့်အခြေအနေကိုယ်သိသဖြင့် ဖင်ထိုင်ချလိုက်ရပြန်သည်။ ခုလို ပိုးချဲလေးပေါ်မှာ သက်တောင့်သက်သာနေရပြန်တော့လည်း ပေါ့ပေါ့ ပါးပါးလေး။ သရဖီကလည်း ညင်ညင်သာသာလေး တွန်းပေးနေတော့ အရာအားလုံးဟာ ကြည်ကြည်နူးနူးတွေဖြစ်ခဲ့ရပေါ့။ လွဲလွဲချော်ချော် တွေ ထပ်မဖြစ်ဖို့ ဆုတောင်းရဦးမှာပေါ့။

❖

'ကိုဂုဏ်ထည်... ရှင်စိတ်လိုက်မာန်ပါမလုပ်ပါနဲ့ ရှင်မှား မယ်'

'ငါ... ငါမမှားဘူး၊ ငါဟာ မင်းအတွက်မြေပြချုပ်ထဲထိ တောင် လက်နှိုက်ဝံ့တဲ့ ယောက်ျားဘသားပါ၊ အခု မင်းအချစ် မရသေးသရွေ့ ငါ လူ့လောကမှာ အသက်ရှင်နေထိုင်ဖို့ မဖြစ်နိုင် တော့ဘူး၊ မင်းမလာနဲ့၊ မလာနဲ့'



www.burmeseclassic.com

www.burmeseclassic.com



'ရှင် ရူးနေသလား ကျွန်မ မချစ်တာနဲ့ပဲ ရှင်ကိုယ့်ကိုယ်ကို အတုံးခံတော့၊ အဲလေ အဆုံးခံစတေးတော့မှာလား၊ ရှင့်ကို ကျွန်မ မချစ်ဘူးလို့ ဘယ်တုန်းက ပြောဖူးလဲ'

ဒေါ်မိုးပွင့်သီဂီက အသံကုန်အော်သည်။

'မင်း… တကယ်ပြောတာလား မိုးပွင့်'

'ရှင်ကလည်း အသက်ကြီးမှ အရူးထနေသေး ရှင်သေသွားရင် ကျွန်မပါလိုက်သေမှာ'

'ဒါ… ဒါဆို ငါ့အချစ်တွေကို မင်းယုံကြည်ပြီပေါ့ မိုးပွင့်'

'ရှင် ရူးနှမ်းနှမ်း ပေါတောတောတွေမလုပ်နဲ့တော့၊ ရှင့်သမီးလေးမျက်နှာကိုလည်း ထောက်ထားငဲ့ညှာစာနာသနားဦး၊ အခု ကျွန်မဆီပြန်လာခဲ့'

ဒေါ်မိုးပွင့်သီဂီက ပြန်လာခိုင်းသည်။

'မလာဘူး… မင်းကို ငါ မယုံသေးဘူး'

'ရှင်မယုံလည်း မတတ်နိုင်ဘူး၊ ကျွန်မကတော့ ရှင့်ကို အရင်ကရော အခုရော နောင်ရော ချစ်နေဦးမှာပဲ၊ နောက်ပြီး ရှင်သေသွားရင် ကျွန်မ ရှယ်ယာဝေစုတွေ ရှင့်ကုမ္ပဏီထဲမှာဆုံးသွားမှာ၊ ဒါကိုရော ရှင်သိရဲ့လား၊ ရှင်မလာရင် ကျွန်မလာခဲ့မယ်'

ဒေါ်မိုးပွင့်သီဂီက အိုက်တင်ကလေးဖြင့် ဦးဂုဏ်ထည်ဆီ ပြေးသွားသည်။ ဦးဂုဏ်ထည်ကလည်း လက်ကလေးအသင့်ဖြန့်ထား ကြိုဆိုနေ၏။ ထိုစဉ် မထင်မှတ်သောအဖြစ်တစ်ခု ရုပ်ခြည်းဖြစ်သွားပြန်သည်။ ဒေါ်မိုးပွင့်သီဂီ ဒေါက်ဖိနပ်ခေါက်၍ ဦးဂုဏ်ထည်အနားရောက်ခင် ဝမ်းလျားထိုးမှောက်လဲရာ ဦးဂုဏ်ထည်ရင်ဘတ်ကို ဆောင့်တွန်းမိသလိုဖြစ်သွားသည်။ ဦးဂုဏ်ထည်လည်း နောက်ရှိ

www.burmeseclassic.com



ကျောက်တုံးနှင့် ခြေခလုတ်တိုက်ကာ နောက်ပြန်လှန်ကျပြီး ရေထဲသို့ ပြုတ်ကျသွားသည်။ ဒေါ်မိုးပွင့်သီကီရဲ့ လက်တစ်ဖက်ကို ဦးဂုဏ်ထည်က မိမိရရလှမ်းဆွဲမိသောကြောင့် အရှိန်တွင်ဒေါ်မိုးပွင့်သီကီပါ ပါသွားပြီး နှစ်ယောက်စလုံး ရေထဲသို့ ဗလုံးဗထွေး ပြုတ်ကျသွားလေသည်။

'ကယ်ကြပါဦး… ကယ်ကြပါဦး'

နှစ်ယောက်သား အသားကုန်အော်ကြပြီ။ ထိုစဉ် မျက်မမြင် ဟန်ဆောင် ထင်လတ်နှင့် ဆွေသီခင်တို့အတွဲ ဗိုးချဲနဲ့ ခိုင်ဝေနှင့် သရဖီတို့အတွဲ ရောက်လာကြချိန်။ ပထမဦးစွာ မျက်မမြင် ထင်လတ်က ဟန်ဆောင်ထားတာကိုမေ့ပြီး ရေနစ်နေသော ဦးဂုဏ်ထည်တို့ကို မြင်သည်။

'ဟာ… ဟာ… ရေနစ်နေကြပြီ'

'ဘောစ့်…'

အာရဖွန်တို့လည်း ပြေးသွားသည်။ ဗိုးချဲနဲ့ ခြေထောက်ထိ ထားသော ခိုင်ဝေကလည်း အကောင်းပကတိ ပြေးသွားကာ ရေထဲ ခုန်ချ၍ ဦးဂုဏ်ထည်တို့ကို ကယ်တင်လေသည်။ ထင်လတ်ကလည်း မျက်စိပြူးပြူးနှင့် ဦးဂုဏ်ထည်တို့ကို ကမ်းပေါ်ဆွဲတင်ပေးသည်။ ဆွေသီခင်နှင့် သရဖီတို့ အံ့ဩသွားကြ၏။

'ဟင်… မင်းတို့… မင်းတို့… ကျူးပစ်ဂျွန်နဲ့ ကျေးစေ ကြိုဟ်သား..'

'ဟုတ်တယ်… ခင်ဗျားကြီး ဒုက္ခပေးခဲ့တဲ့ကောင်… ဗြလေ'

'မင်းတို့ ကားအက်စီးဒင့်ဖြစ်ပြီး မျက်စိကွယ် ခြေကျိုးနေ တယ် မဟုတ်လား'

ဦးဂုဏ်ထည်က ဒေါ်မိုးပွင့်သီကီကို ရေတွေသုတ်ပေးရင်း မြူးတူးပြတဲပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်… ကျွန်တော်တို့ ဟန်ဆောင်နေကြတာ၊ ချစ်သူတွေစိတ်ဆိုးပြေပြီး ဦးကို ပညာပြန်ပေးချင်လို့ အခြေအနေအရ ခုလို လုပ်လိုက်ရတာပါ'

ထင်လတ်က ရှင်းပြသည်။ ဆွေသီခင်နှင့် သရဖီကိုလည်း အာရဖွန်နှင့် မိုးမေမီမတို့က အသေအချာထပ်ရှင်းပြသည်။

'ဟင်း… ခုမှသတိရတယ်'

'ဘာလဲ… ဦးရဲ့'

'မင်းတို့နှစ်ကောင် ငါ့သမီး လင်နောက်လိုက်သွားတာကို အပျော်သက်သက်လျှောက်လုပ်ပြီး ငါ့ကို မခံချိမခံသာတနုံ့နုံ့ဖြစ်အောင် လုပ်သွားတာ ခုထိအစာမကြေသေးဘူး၊ ငါ့ကို အရှက်ခွဲခဲ့တာတွေကို မင်းတို့ဆီကလျော်ကြေးပြန်တောင်းမယ်'

BURMESE CLASSIC

'ဒါတွေဟာ ပြီးခဲ့ပြီလေ ဦးရဲ့'

'မပြီးနိုင်ဘူးကွာ… မင်းတို့သေမှ ပြီးမယ်၊ နောက်ဆုံးအထိ ငါ့ကို လိမ်နေတုန်း သေပေတော့၊ ကျူးပစ်ဂျွန်နဲ့ ကျေးစေဂြိုဟ်သား'

ဦးဂုဏ်ထည်က ဒေါသအရှိန်တွေမြင့်လာပြီး နိုင်ဝေတို့ကို ပြဿနာပြန်ရှာသည်။

'မလုပ်နဲ့လေ၊ ဦးလေး ကို ကျွန်တော်တို့ ကယ်ထားတာလည်း ထည့်တွက်ဦး'

'မင်းတို့ကို ဘယ်သူ ကယ်ခိုင်းလဲကွ'

'မကယ်ရင် ဦးလေးတို့ ဇနီးမောင်နှံ နှစ်လောင်းပြိုင်ဖြစ်နေပြီ'

'ငါက ရေကူးချန်ပီယံကွ'

ဦးဂုဏ်ထည်က အတင်းစွတ်အော်သည်။

'နိုင်ဝေရေ အခြေအနေမကောင်းဘူး၊ ပြေးမှ ဖြစ်မယ်'



www.burmeseclassic.com

www.burmeseclassic.com



'ပြေးကွာ'

ထင်လတ်နှင့် ခိုင်ဝေတို့ ချစ်သူတွေကို လက်ဆွဲကာ ထွက်ပြေးကြသည်။

'ဟော့ကောင်တွေ… မပြေးနဲ့၊ သေဖို့သာပြင်'

အာရဖွန်နှင့် မိုးမေမီမမကလည်း သူတို့ ဘောစ့်ရှေ့မှ ကာဆီး ကာဆီး လုပ်နေရာ…

'မင်းတို့ နှစ်ကောင်လည်း အဓိကသစ္စာဖောက်တွေပဲ၊ အသားထဲက လောက်ထွက် ဇကောလောက်မှ ဖောက်မနက်တဲ့ ဝမ်းမနာတပည့်တွေ၊ မင်းတို့ကို အရင်ချမယ်'

အာရဖွန်လဲ မိုးမေမီမမလက်ကို ဆွဲကာထွက်ပြေးရလေသည်။

'ရှင် ကလေးတွေနဲ့ ရန်ဖြစ်မနေနဲ့…'

'ဖြစ်ရမယ်ကွ… ဒီကောင်တွေ ငါ့ကိုလိမ်နေတာ'

'ရှင်ကရော သူတို့ကို မလိမ်လို့လား'

'ငါကလိမ်တာ မဟုတ်ဘူး… ကလှဲ့စားချေတာ'

'လဲသေလိုက်တော့… ဦးဂုဏ်ထည်'

ဒေါ်မိုးပွင့်သီဂီက ခပ်ပြတ်ပြတ်ပြောသည်။

'လဲသေစရာ မလိုတော့ဘူး၊ ယောက္ခမကြီး…'

အသံရှင်က ကျော်ဇောမောင်။ သူ့သမီးကို ခိုးပြေးသွားတဲ့ကောင်။ ဦးဂုဏ်ထည် ဒေါသတွေ အဆုံးစွန်ထပ်ရောက်သွားပြန်ပြီ။ ကမူးရှူးတိုးတွေ ဖြစ်ချေပြီ။

'ဟိုး… စတော့ ယောက္ခမကြီး၊ စိတ်ကို အသာလျှော့ အသာလျှော့၊ ခင်ဗျားသမီးသန္တာဝင့်ထည် ကျွန်တော့မိန်းမလေး ခုပဲ SSC မှာကလေးမွေးပြီ၊ ခင်ဗျား မြေးဦးလေးပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'ဟော...'

ဦးဂုဏ်ထည် ဒေါသစိတ်အဟုန်မှသည်ဝမ်းသာသော စိတ်အလျှင်သို့ ချက်ချင်းကူးပြောင်းသွားလေသည်။

'ဘာလေးမွေးလဲ... ဘာလေးမွေးလဲ'

'ဘူလေးလဲ သိသေးဘူး... ဘူလေးလဲ သိသေးဘူး'

ကျော်စောမောင်က ရက်ပ်ပါလိုရှိုရှိုလုပ်၍ စပ်ဖြီးဖြီးပြောသည်။

'ခွေးမသား... မင်းက ငါ့ကိုလာနောက်နေတယ်'

'မနောက်ပါဘူး... တကယ်ပါ ဒီမှာနားထောင်ကြည့်လေ ကက်ဆက်ထဲမှာ အသံသွင်းထားတယ်'

ကျော်စောမောင်က ပေါက်ကရအသံတွေသွင်းထားသော ကက်ဆက်ကလေးကိုဖွင့်ပြသည်။

BURMESE CLASSIC

'သမီး ညှစ်ချ... ညှစ်ချ'

'အား... အဖေရေ... နာတယ်... နာတယ်'

'အားတင်းထားစမ်းပါကွယ် ထွက်တော့မယ်၊ ထွက်တော့မယ်'

'သမီး ဖြည်းဖြည်း... ဖြည်းဖြည်း'

'ဟယ်... ဟယ်... ပြီ... ရပြီ'

'ဟယ်... ဟယ်... ပမီးလေးတော့'

'ဟယ်... သားလေးတော့'

'ဟယ်... အမြွာပူးလေးတွေတော့'

ဦးဂုဏ်ထည် အကြီးအကျယ် ထပ်ပေါက်ကွဲကာ ကျော်စောမောင်ကို လိုက်ရိုက်လေသည်။ ဦးဂုဏ်ထည်တစ်ယောက်တည်း



www.burmeseclassic.com

www.burmeseclassic.com



အကုန်လုံးကို လိုက်ရိုက်နေသဖြင့် အားလုံး ဝမ်းသာပျော်ရွှင်စွာဖြင့် ထွက်ပြေးကြလေတော့သည်။

ဘဝမှာရှိသမျှ အဖုအထစ်ကလေးတွေကို ချောမွေ့ညီညာအောင် ပြုပြင်ပြီးမှ ရင်ခုန်သံအသစ်အဆန်းလေးများ လင်းလက်တောက်ပစွာ စီးဆင်းနိုင်မည် မဟုတ်ပါလား။

ချစ်မျှားရှင်



www.burmeseclassic.com